# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဇပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


## မိမိပြုသောကံသည်သာလျှင်

သတ္တဝါတို့၏သန္တာန်၌ ကောင်းသော ဆောက်တည်ခြင်းရှိသော၊ မကောင်းသော ဆောက်တည်ခြင်းရှိသော စိတ်သည် ထိုသတ္တဝါတို့၏ အကောင်းအဆိုး၊ အကျိုးအပြစ်ကိုဖြစ်ပေါ်စေသည့် ဖန်ဆင်းရှင် အစစ်ဖြစ်၏။ ကောင်း မကောင်းဟူသော လောကဓံတို့နှင့် ရင်ဆိုင်ရသောအခါ အခြားမည်သူ့အားမျှ အပြစ်မမြင်၊ ပြစ်မတင်ဘဲ မိမိပြုသောကံ(စိတ်)သည်သာလျှင် ပြုသူအစစ်ဖြစ်ကြောင်း ကောင်းစွာ မှတ်ယူရာ၏။

စိတ္တဝဂ်(ဓမ္မပဒ-၄၂)


၁၃၇၈ ခုနှစ် ဝါဆိုလဆန်း ၁၂ ရက်၊ စနေနေ့။ 16, Saturday July 2016 (၈၆၂၄)




(၁၁)ကြိမ်မြောက် အာရှ - ဥရောပ ထိပ်သီးအစည်းအဝေးသို့ နိုင်ငံတော်သမ္မတ ဦးထင်ကျော် တက်ရောက်စဉ်။ (သတင်းစဉ်)

# ၂၀၁၇ ခုနှစ်လယ်တွင် အိမ်ရှင်အဖြစ်လက်ခံကျင်းပမည်ဆိုသည့် ကတိကဝတ်ကို ထပ်လောင်းအတည်ပြုလို ASEM ဝန်ကြီးများ မိမိတို့နိုင်ငံတွင် စိတ်လှုပ်ရှားဖွယ်ရာ ဒီမိုကရေစီအသွင်ကူးပြောင်းမှုကို ကြုံတွေ့စေမည်

အူလန်ဘာတာ ဇူလိုင် ၁၅

**မွန်ဂိုလီးယားနိုင်ငံ အူလန်ဘာတာမြို့တွင် ရောက်ရှိနေသည့် နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် (၁၁)ကြိမ်မြောက် အာရှ - ဥရောပ ထိပ်သီးအစည်းအဝေးကျင်းပမည့် ရှန်ဂရီလာဟိုတယ်သို့ ရောက်ရှိရာ မွန်ဂိုလီးယားနိုင်ငံသမ္မတ အယ်လ်ဘတ်ခ်ဒေါ့ဂ်ျ ဇတ်ခ်ဟီးလ်ယာဒ်က ခင်မင်ရင်းနှီးစွာ ကြိုဆိုနှုတ်ဆက်သည်။**

အာရှ - ဥရောပထိပ်သီးအစည်းအဝေးဖွင့်ပွဲ အခမ်းအနားကို ရှန်ဂရီလာဟိုတယ် အစည်းအဝေးခန်းမဆောင်၌ ကျင်းပရာ ထိပ်သီးအစည်းအဝေး ဥက္ကဋ္ဌ မွန်ဂိုလီးယားနိုင်ငံ သမ္မတ အယ်လ်ဘတ်ခ်ဒေါ့ဂ်ျ ဇတ်ခ်ဟီးလ်ယာဒ်၊ ဥရောပကောင်စီဥက္ကဋ္ဌ ဒေါ်နယ်တက်စ် နိုင်ငံတော်သမ္မတ ဦးထင်ကျော်၊ ဆလိုဗက်ဝန်ကြီးချုပ် မစ္စတာရောဘတ် ဖီလ်ကိုးနှင့် နယူးဇီလန် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ မူရေးလ်မက်ခါလီတို့က မိန့်ခွန်းပြောကြားကြသည်။

မွန်ဂိုလီးယားသမ္မတက ပြောကြားရာတွင် မွန်ဂိုလီးယားနိုင်ငံသည် အာရှနှင့် ဥရောပကြားတွင် သီးသန့်တည်ရှိနေသော နိုင်ငံတစ်နိုင်ငံဖြစ်ပါကြောင်း၊ သမိုင်းကြောင်းအရ မွန်ဂိုလီးယားနိုင်ငံသည် ကမ္ဘာပေါ်ရှိ အကြီးမားဆုံးတိုက်ကြီးနှစ်ခုနှင့် ဆက်စပ်နေပြီး ယင်းတိုက်နှစ်တိုက်ကို ဆုံစည်းပေးနိုင်သည့် ကောင်းမွန်သောရိုးရာဓလေ့ထုံးတမ်းများလည်း ရှိပါကြောင်း၊ လွန်ခဲ့သောနှစ်ပေါင်း ၈၀၀ ခန့်ကပင် အာရှနှင့် ဥရောပ သံတမန်များသည် မွန်ဂိုလီးယား၏ ရှေးဟောင်းမြို့တော်ဖြစ်သော Kharakhorum ၌ တွေ့ဆုံလေ့ရှိကြပြီး တိုက်ကြီးနှစ်ခုကြားရှိ ချိတ်ဆက်မှုကို တိုးချဲ့ရန်၊ ကိုးကွယ်ရာဘာသာများအကြား နားလည်မှု မြှင့်တင်ရန်၊ ကုန်သွယ်မှု လုံခြုံချောမွေ့စေရန်၊ နည်းပညာအသစ်များ ဖလှယ်ရန်နှင့် စာပို့ကွန်ရက်တိုးချဲ့ရန်စသည့် နည်းလမ်းများကို ဆွေးနွေးခဲ့ကြပါကြောင်း။

မိမိတို့ နိုင်ငံမြေပေါ်မှာ ASEM ထိပ်သီးအစည်းအဝေးတစ်ရပ် လက်ခံကျင်းပခွင့်ရခြင်းသည် မွန်ဂိုလီးယားနိုင်ငံသားများအတွက် ဂုဏ်ယူစရာတစ်ခုဖြစ်ပါကြောင်း၊ လွန်ခဲ့သည့် နှစ်နှစ်တာကာလအတွင်း မွန်ဂိုလီးယားနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ပြီး ထိပ်သီးအစည်းအဝေး အောင်မြင်စွာ လက်ခံကျင်းပနိုင်ရန် ဘဏ္ဍာရေး၊ လူသားအရင်းအမြစ်များနှင့် ကျွမ်းကျင်မှုဆိုင်ရာ အကူအညီများ ပေးအပ်ခဲ့သည့် နိုင်ငံများ၊ အဖွဲ့အစည်းများနှင့် ပြည်သူတွေ အားလုံးကို ကျေးဇူးတင်ရှိပါကြောင်း။

ဤနှစ်ရက်တာကာလအတွင်း မိမိတို့၏ အစည်းအဝေးအစီအစဉ်တွင် ဆွေးနွေးရန်နှင့် ဖြေရှင်းရန် ဆိုင်းငံ့ထားသည့် ကိစ္စရပ်များစွာရှိနေပြီး အချို့ကိစ္စများကို အဖွဲ့ဝင်နိုင်ငံများ စုပေါင်းဖြေရှင်းရမည်ဖြစ်ကာ အချို့ကိစ္စများကို နိုင်ငံတစ်နိုင်ငံချင်းစီက ဖြေရှင်းရမည်ဖြစ်ပါကြောင်း။

ထို့ပြင် ထိပ်သီးအစည်းအဝေး၏ ဆက်စပ်အစည်းအဝေးများအပြင် အရေးပါသော နိုင်ငံပေါင်းစုံနှင့် နှစ်နိုင်ငံအစည်းအဝေးများကိုလည်း ပြုလုပ်သွားမည်ဖြစ်ပါကြောင်း၊ အဖွဲ့ဝင်နိုင်ငံများနှင့် မိတ်ဖက်အဖွဲ့အစည်းများကို ကိုယ်စားပြုသည့် တာဝန်ရှိသူများ၊ ကိုယ်စားလှယ်အဖွဲ့များနှင့် လုပ်ငန်းဆောင်ရွက်မှုအဖွဲ့များသည် ဤအစည်းအဝေးများတွင် အမြင်ချင်းဖလှယ်ရန်အတွက် ကောင်းမွန်သည့် ကြိုတင်ပြင်ဆင်မှုများကို လုပ်ဆောင်ခဲ့မည်ဟု ထင်မြင်ယူဆပါကြောင်း။


**စာမျက်နှာ ၉ ကော်လံ ၁ သို့ ○**





ကြေးမုံ

## ယုံကြည်မှုဖြင့် တည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်

ရခိုင်ပြည်နယ်သည် ထူးခြားသော ပထဝီဝင်သဘောသဘာဝများရှိသည်။ ပင်လယ်ကမ်းရိုးတန်းများရှိပြီး စီးပွားရေးအခြေခံကောင်းများလည်းရှိသည်။ ရေမြေသဘာဝကောင်းမွန်သော်လည်း အခြေခံအဆောက်အအုံများ ပြည့်စုံမှုလိုအပ်ချက်များရှိနေသေးသည်။ ထို့အပြင် ရှုပ်ထွေးသောနောက်ခံသမိုင်းကြောင်းများလည်း ရှိနေသေးသည်။ ထို့ကြောင့်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထိရောက်သည့်လုပ်ဆောင်မှုများ များစွာကြိုးပမ်းဆောင်ရွက်ရဦးမည်ဖြစ်သည်။

ရခိုင်ပြည်နယ်၏ ထူးခြားလေးနက်ပြီး ဦးစားပေးဆောင်ရွက်ရမည့် အချက်များကြောင့် ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ယခင်အစိုးရအဆက်ဆက်ကလည်း ဆောင်ရွက်ခဲ့ကြသည်။ ယခုအစိုးရသစ်လက်ထက်တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီး ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးအကောင်အထည်ဖော်ရေး ဗဟိုကော်မတီကိုဖွဲ့စည်းကာ လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စုဝန်ကြီးဌာနများနှင့် တာဝန်ရှိသူများပါဝင်သည့် လုပ်ငန်းကော်မတီများဖွဲ့စည်းပြီး အကောင်အထည်ဖော်ဆောင်ရွက်နေသည်ကို တွေ့ရသည်။

အစိုးရသစ်အနေဖြင့် နိုင်ငံ့တာဝန်ယူသည့်အချိန်ကာလ မကြာသေးသော်လည်း ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေး ဦးစားပေးကြိုးပမ်းဆောင်ရွက်နေသည်ကို မြင်တွေ့ရသည်။ ဖွံ့ဖြိုးမှုနောက်ကျခဲ့သည့် ရခိုင်ပြည်နယ်အတွင်းရှိ နယ်မြေဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖြည့်ဆည်းဆောင်ရွက်ပေးရမည့် အချက် ၁၄၂ ချက်ကို ဝန်ကြီးဌာနအလိုက် သက်ဆိုင်ရာကဏ္ဍများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ အချို့ပြီးစီးနေပြီး အချို့ကိုဆက်လက်ဆောင်ရွက်နေသည်ဟု သိရသည်။

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ရေးဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးအကောင်အထည်ဖော်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် လက်တွေ့လုပ်ဆောင်ချက်များဖြင့် သက်သေပြရန်လိုအပ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် တာဝန်ရှိ၍ လုပ်ဆောင်နေရခြင်းဖြစ်ကြောင်း၊ နိုင်ငံသားစိစစ်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ပါဝင်သူများ၏ ယုံကြည်မှု၊ ဒေသခံပြည်သူများ၏ ယုံကြည်မှု၊ နိုင်ငံသူနိုင်ငံသားများ၏ ယုံကြည်မှုနှင့် နိုင်ငံတကာအသိုင်းအဝိုင်း၏ ယုံကြည်မှုရရှိရန်လိုအပ်ကြောင်း ယမန်နေ့ကပြုလုပ်သည့် အကောင်အထည်ဖော်ရေး ဗဟိုကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြောကြားခဲ့သည်။

ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးအကောင်အထည်ဖော်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာ၌ အလုပ်နှင့်သက်သေပြရန်လိုပြီး အားလုံး၏ယုံကြည်မှုရရှိရန်လိုအပ်ကြောင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ပြောကြားချက်မှာ ထူးခြားလေးနက်သည့်အသွင်ဆောင်ပေသည်။ အရာရာတွင် ယုံကြည်မှုတည်ဆောက်နိုင်ရန် အရေးကြီးပြီး တစ်ဦးအပေါ်တစ်ဦး ယုံကြည်မှုမရှိပါက မည်သည့်လုပ်ငန်းကို ဆောင်ရွက်သည်ဖြစ်စေ အောင်မြင်မှုရရှိလိမ့်မည်မဟုတ်ချေ။ အထူးသဖြင့် ရခိုင်ပြည်နယ်တွင် နိုင်ငံသားစိစစ်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာ၌ ခက်ခဲနက်နဲပြီးရှုပ်ထွေးသည့်သဘောများ ဆောင်နေပေသည်။ ထို့ကြောင့် လုပ်ငန်းများဆောင်ရွက်ရာတွင် ယုံကြည်မှုရရှိအောင် ဆောင်ရွက်ခြင်းဖြင့် ဆောင်ရွက်သည့်လုပ်ငန်းများ အောင်မြင်အောင် ဦးတည်ရမည်ဖြစ်သည်။

ရခိုင်ပြည်နယ်တွင် ဖြစ်ပေါ်ခဲ့သည့် နှစ်ဖက်လူ့အဖွဲ့အစည်းတို့၏ ပြဿနာသည် နှစ်ပေါင်းရှည်ကြာဖြစ်တည်လာသော ပြဿနာဖြစ်၍ အလွန်ကျယ်ပြန့်နက်ရှိုင်းပေသည်။ ကိုင်တွယ်ဖြေရှင်းရာတွင်လည်း စိတ်ရှည်သည်းခံပြီး နူးညံ့သိမ်မွေ့စွာ စဉ်းစားဆုံးဖြတ်လုပ်ကိုင်ရမည်ဖြစ်သည်။ ဖြစ်ပေါ်ခဲ့သော အခြေအနေအကြောင်းကြောင်းကြောင့် စိတ်ပိုင်းဆိုင်ရာ ခံစားမှုများရှိမည်ဖြစ်သည်။ ထို့ကြောင့် ရခိုင်ပြည်နယ်အတွင်းရှိပြည်သူများ အပြန်အလှန်ယုံကြည်မှုရရှိရေး၊ အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးရေး၊ လူမှုဘဝလုံခြုံမှု၊ စိတ်ပိုင်းဆိုင်ရာလုံခြုံမှု၊ စိတ်ဓာတ်ပိုင်းဆိုင်ရာမြှင့်တင်မှု၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်းဆောင်ရွက်မှုနှင့် အကူအညီများရရှိမှုတို့ကို အလေးထားဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်အစိုးရသည် ရခိုင်ပြည်နယ်တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်ရေးလုပ်ငန်းများကို မွန်မြတ်သောစေတနာဖြင့် အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်နေချိန်တွင် ရခိုင်ပြည်နယ်အတွင်း ပြည်သူများအားလုံးသာမက တစ်နိုင်ငံလုံးရှိ ပြည်သူများအားလုံးတို့က ယုံကြည်မှုရှိစွာဖြင့် ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများနှင့်လက်တွဲပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း။ ။

## ရွေးကောက်ပွဲကန့်ကွက်လွှာမှုအမှတ် (၅)နှင့် (၂၇) အား စီရင်ချက်(အမိန့်) များချမှတ်

**နေပြည်တော် ဇူလိုင် ၁၅**

ကရင်ပြည်နယ် အမျိုးသားလွှတ်တော် မဲဆန္ဒနယ်အမှတ်(၂) အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ဦးစောသန်းထွဋ် အပေါ် ကရင်ပြည်နယ် အမျိုးသားလွှတ်တော်မဲဆန္ဒနယ်အမှတ်(၂) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်း ဦးနိုင်မောင်မောင်လွင်က လျှောက်ထားခံရသူသည် အခြား လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ မဲဆန္ဒရှင်များအား သွယ်ဝိုက်ခြိမ်းခြောက်၍ အရေးယူပေးပါရန်၊ တရားမဲ့ပြုကျင့်မှုကြောင့် ရရှိသောမဲများကို နုတ်ပယ်ပါက လျှောက်ထားသူသာ ခိုင်လုံမဲအများဆုံးရရှိ၍ လျှောက်ထားခံရသူအား လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ ပယ်ဖျက်ပြီး လျှောက်ထားသူအား လွှတ်တော်ကိုယ်စားလှယ်အဖြစ် ကြေညာပေးပါရန် အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၆၇၊ ၆၈ အရ ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၂၃ ရက်တွင် ကန့်ကွက်လွှာတင်သွင်းထားမှုကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က လက်ခံခဲ့ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်မြင့်က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်၍ ဦးစန်းရွှေနှင့် ဦးဝင်းမော်တို့ ခုံအဖွဲ့ဝင်များအဖြစ် ပါဝင်သည့် ရွေးကောက်ပွဲခုံအဖွဲ့(၁) က ဆက်လက်စစ်ဆေးကြားနာခဲ့ပြီးနောက် ၂၀၁၆ ခုနှစ် ဇူလိုင် ၁၃ ရက်တွင် ကရင်ပြည်နယ် ဘားအံမြို့နယ် အမျိုးသားလွှတ်တော်မဲဆန္ဒနယ်အမှတ်(၂) တွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖြစ် လျှောက်ထားခံရသူ ဦးစောသန်းထွဋ်အား ရွေးကောက်တင်မြှောက်ခြင်းသည် တရားဝင်အတည်ဖြစ်ကြောင်း ဆုံးဖြတ်ပြီး လျှောက်ထားသူ ဦးနိုင်မောင်မောင်လွင်၏ ကန့်ကွက်လွှာကို စရိတ်နှင့်တကွ ပယ်လိုက်ပြီး ရှေ့နေစရိတ် ကျပ်သုံးသောင်း သတ်မှတ်၍ အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

ကချင်ပြည်နယ် ပူတာအိုမြို့နယ် မဲဆန္ဒနယ်အမှတ် (၂) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီမှ ဦးဒိန်ခန်ဖုန် (ခ) ခန်လင် အပေါ် ကချင်ပြည်နယ် ပူတာအိုမြို့နယ် မဲဆန္ဒနယ်အမှတ် (၂) ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်း ဦးချန်းဂျောင်းဆားရ်က လျှောက်ထားခံရသူ၏ ခိုင်လုံမဲများအား ပြန်လည်စိစစ်ရေတွက်ပေးရန်နှင့် လျှောက်ထားခံရသူအား ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ရွေးကောက်တင်မြှောက်ခဲ့ခြင်းအား ပယ်ဖျက်၍ လျှောက်ထားသူသည်သာ ခိုင်လုံမဲအများဆုံးရရှိသည်ဖြစ်၍ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဖြစ်ကြောင်း ကြေညာပေးပါရန် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၆၇၊ ၆၈ အရ ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၁၁ ရက်တွင် ကန့်ကွက်လွှာတင်သွင်းထားမှုကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က လက်ခံခဲ့ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးစိုးရယ်က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်၍ ဦးသောင်းလှိုင်နှင့် ဦးဇော်လင်းမောင်တို့ ခုံအဖွဲ့ဝင်များအဖြစ် ပါဝင်သည့် ရွေးကောက်ပွဲခုံအဖွဲ့ (၂) က ဆက်လက်စစ်ဆေးကြားနာခဲ့ပြီး ၂၀၁၆ ခုနှစ် ဇူလိုင်လ ၁၄ ရက်တွင် ကချင်ပြည်နယ် ပူတာအိုမြို့နယ် မဲဆန္ဒနယ်အမှတ် (၂) ၌ ဦးဒိန်ခန်ဖုန် (ခ) ခန်လင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီအား ကချင်ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၏ ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၁၂ ရက် ရက်စွဲပါ ကြေညာချက်အမှတ် (၁၀၃/၂၀၁၅) အရ ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရခြင်းသည် ပျက်ပြယ်ခြင်းမရှိ တရားဝင်အတည်ဖြစ်လျက်ရှိကြောင်း ဆုံးဖြတ်ပြီး လျှောက်ထားသူ ဦးချန်းဂျောင်းဆားရ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၏ ကန့်ကွက်လွှာလျှောက်ထားမှုကို တရားစရိတ်နှင့်တကွ ပယ်ကြောင်းဆုံးဖြတ်ပြီး တရားစရိတ်ငွေကျပ် နှစ်သိန်းတိတိကို လျှောက်ထားသူက လျှောက်ထားခံရသူအားပေးစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ပြန့်ကျဲနေသော ကျောင်းသား ကျောင်းသူများအား ကျောက်မဲမြို့(အထက-၂)၌ သီးသန့်ယာယီဆောင်ဖွင့်လှစ်သင်ကြားပေး

**ကျောက်မဲ ဇူလိုင် ၁၅**

စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ခြင်း မရှိသေးသည့်အတွက် ကျောက်မဲမြို့ပေါ်ရှိ အခြေခံပညာကျောင်းများတွင် တက်ရောက်ပညာသင်ကြားနေကြသော အထက(ခွဲ) တော့ဆန်မှ အဌမတန်း၊ နဝမတန်း၊ တက္ကသိုလ်ဝင်တန်း ကျောင်းသားကျောင်းသူများကို ဇူလိုင် ၁၂ ရက်မှစတင်၍ ကျောက်မဲမြို့(အထက-၂)တွင် သီးသန့်ယာယီဆောင်ဖွင့်လှစ်၍ ပညာသင်ကြားပေးလျက်ရှိသည်။

"ကျောင်းအသီးသီးမှာ ပြန့်ကျဲနေတဲ့ တော့ဆန်မှ ကလေးတွေကို တစ်နေရာတည်းမှာစုပြီး သင်ကြားရေးအဆင်ပြေစေဖို့အတွက်(အထက-၂)မှာ ယာယီစာသင်ဆောင်ဖွင့်ပြီး သင်ကြားပေးနေပါတယ်။ ကလေးတွေက နီးစပ်ရာမှာ အဆင်ပြေသလို နေကြတာရှိသလို ဘုန်းကြီးကျောင်းတွေမှာ နေကြတာလည်းရှိတယ်။ နေထိုင်စားသောက်ရတာလည်း အဆင်ပြေပါတယ်။ ကျောင်းကြို/ပို့အတွက် ပရဟိတအဖွဲ့က တာဝန်ယူ ဆောင်ရွက်ပေးနေသလို ၈ တန်းနဲ့ ၁၀ တန်း ကျောင်းချိန်ပြင်ပမှာ စခန်းသွင်းလေ့ကျင့်နိုင်ဖို့ကိုလည်း နေရာထိုင်ခင်းအတွက် ရှာဖွေစီစဉ်နေပါတယ်"ဟု အထက(ခွဲ) တော့ဆန် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်သန်းအေးက ပြောသည်။

အဆိုပါ ယာယီစာသင်ဆောင်တွင် အထက(ခွဲ) တော့ဆန်မှ အဌမတန်း ၂၈ ဦး၊ နဝမတန်း ၂၈ ဦးနှင့် တက္ကသိုလ်ဝင်တန်း ၃၅ ဦးတို့ကို ယာယီလက်ခံသင်ယူခွင့်ပြုထားကာ ကျောင်းအုပ်အပါအဝင် (ထက်၊ လယ်၊ မူ) ဆရာ ဆရာမ ၁၅ ဦးတို့က တွဲဖက်တာဝန်ထမ်းဆောင်ကာ ပညာသင်ကြားပေးလျက်ရှိကြောင်း သိရသည်။

အထက(ခွဲ) တော့ဆန်မှ ကျောင်းသား ကျောင်းသူများ ယာယီဆောင်တွင် ပညာသင်ယူနေမှုကို ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်နယ်ပညာရေးမှူးက လာရောက်ကြည့်ရှုစစ်ဆေးပြီး စိတ်ဓာတ်ခွန်အားဖြစ်စေမည့် အားပေးစကားများ ပြောကြားကာ ဗလာစာအုပ်နှင့် စာရေးကိရိယာများ ပံ့ပိုးလှူဒါန်းခဲ့ကြောင်း သိရသည်။

ကျောက်မဲမြို့နယ်တွင် တိုက်ပွဲများဖြစ်ပွားခဲ့မှုကြောင့် ပြန်လည်ဖွင့်လှစ်နိုင်ခြင်းမရှိသေးသော အထက(ခွဲ) တော့ဆန်မှ ကျောင်းသား ကျောင်းသူများ သင်ကြားသင်ယူမှုအဆင်ပြေပြီး အောင်ချက် မြင့်မားစေရန်အတွက် ရှမ်းပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်း၏ စီစဉ်ညွှန်ကြားမှုဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်နယ်ပညာရေးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးသန်းထွန်းဟန်နှင့် ခရိုင်နှင့် မြို့နယ်ပညာရေးမှူးတို့ ပေါင်းစပ်ညှိနှိုင်းကာ ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မလတ်(ကျောက်မဲ)**




## မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ကြီးကြပ်မှုကော်မတီဖွဲ့စည်း

**ပေါင် ဇူလိုင် ၁၅**

ပေါင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ တစ်ပိုင်တစ်နိုင်အလုပ်ခွင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာစေရန်၊ ကျေးလက်လူထု၏ စွမ်းဆောင်ရည်တိုးတက်လာစေရန် ရည်ရွယ်၍ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် မြစိမ်းရောင်စီမံကိန်း တိုးချဲ့ဆောင်ရွက်မည့်ကျေးရွာများဖြစ်သော ကျောက်စရစ်၊ ဒေးကင်း၊ သပြေကုန်းကျေးရွာတို့၏ ကျေးရွာရန်ပုံငွေကြီးကြပ်မှု ကော်မတီဝင်များကို ဇူလိုင် ဒုတိယပတ်က ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

ပေါင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ဥက္ကံနှင့် ဘိုင်လောင်းကျေးရွာ၊ ၂၀၁၅-၂၀၁၆ တွင် မှော်ဘီ၊ မြလေးချောင်၊ ကျောက်ရေတွင်းနှင့် ညောင်ကုန်းလေးကျေးရွာတို့အား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပြီး ယခု ကျောက်စရစ်၊ ဒေးကင်း၊ သပြေကုန်းကျေးရွာ သုံးရွာထပ်မံတိုးချဲ့ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေးဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် ဇူလိုင် ၁၆ တွင် စတင်ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၀၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၂၈၊ ၀၆၇-၃၆၁၀၃၀၊ ဖက်စ် ၀၆၇-၃၆၁၀၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၇၂၊
မန်နေဂျာ ၀၁-၈၆၁၀၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

**ချင်းတွင်းမြစ်ရေ**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ကနီမြို့တွင် နှစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက် ၁ ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပြန်လည်ကျဆင်းနိုင်သည်။

**ဧရာဝတီမြစ်ရေ**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ညောင်ဦးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ရောက်ရှိနေပြီး နောက် ၁ ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်ဆက်လက်တည်ရှိနိုင်သည်။

**ငဝန်မြစ်ရေ**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်အရ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ပေဝက်ခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ပြီး နောက် ၄ ရက်အတွင်း ပေဝက်ခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်ထက် ဆက်လက်တည်ရှိနိုင်သည်။



## အမျိုးသားအကျိုးစီးပွား

ပါတီတွေ တည်ရှိတာ မရှိတာ အဓိကမဟုတ်ဘူး။ ၎င်းတို့ဟာ အမျိုးသားရေးအကျိုးစီးပွားများကို ဘေးဥပဒ်ဖြစ်စေမယ့် ပါတီစွဲလုပ်ဆောင်မှုတွေကို မလုပ်မိဖို့ အရေးကြီးတယ်။ အမျိုးသားအကျိုးစီးပွားအတွက်ဆိုရင် ပါတီတွေဟာ အဲဒီအရေးကိစ္စမှာ ဂိုဏ်းဂဏစွဲမထားဘဲ အတူတကွပူးပေါင်းပြီး အတူတကွလုပ်ဆောင်ကြရမှာ ဖြစ်တယ်။

**(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၆ ခုနှစ် ဇန်နဝါရီလ ၂၀ ရက်နေ့တွင် ကျင်းပသော ဖဆပလအဖွဲ့ကြီး၏ ပထမအကြိမ်ကွန်ဂရက်တွင် ပြောကြားခဲ့သည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)**

# မြန်မာနိုင်ငံတွင် သက်မွေးပညာရေးကို ပထမတန်းစားပညာရေးအဖြစ် တန်ဖိုးထားလာသည်အထိ ကြိုးပမ်းမြှင့်တင်ဆောင်ရွက်ကြရန် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှာကြား




**နေပြည်တော် ဇူလိုင် ၁၅**

မိမိတို့ဘဝတွင်တွေ့ကြုံနိုင်သည့် အခက်အခဲစိန်ခေါ်မှုများကိုရင်ဆိုင်နိုင်ခြင်း၊ ကျော်လွှားနိုင်ခြင်းစသည့် အရည်အချင်းများသည် ပညာဖြစ်သည်ဟုခံယူကြပြီး မြန်မာနိုင်ငံတွင် သက်မွေးပညာရေးကို ပထမတန်းစားပညာရေးအဖြစ် တန်ဖိုးထားလာသည်အထိ ကြိုးပမ်းမြှင့်တင်ဆောင်ရွက်ကြရန် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပြောကြားသည်။

ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ကျင်းပသည့် နည်းပညာနှင့် သက်မွေးပညာရေးနှင့် လေ့ကျင့်ရေးနှီးနှောဖလှယ်ပွဲတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ထိုသို့ပြောကြားလိုက်ခြင်းဖြစ်သည်။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က နိုင်ငံအချို့တွင် တက္ကသိုလ်ပညာကို တန်ဖိုးထားကြသော်လည်း အသက်မွေးဝမ်းကျောင်းပညာကို တန်ဖိုးထားမှုနည်းပါးပြီး အသက်မွေးဝမ်းကျောင်းပညာကို ဒုတိယတန်းစားပညာဟုယူဆကြပါကြောင်း၊ တက္ကသိုလ်ပညာ မဆည်းပူးနိုင်သူများ၊ တက္ကသိုလ်ပညာအဆင့်မရောက်ရှိနိုင်သူများသည် အသက်မွေးဝမ်းကျောင်းပညာကို လေ့လာဆည်းပူးသည့်အပိုင်းသို့ ရောက်သွားသည်ဟု ထင်မြင်ယူဆသူများရှိပါကြောင်း၊ သို့သော် တက္ကသိုလ်ပညာသင်ကြားသော လူငယ်များအများစုမှာ အလုပ်အကိုင်ရရှိမှုနည်းပါးသည့် အခြေအနေသို့ ရောက်ရှိလျက်ရှိပါကြောင်း ပြောကြားသည်။

အသက်မွေးဝမ်းကျောင်း (Vocational Training)ဟူသည် မိမိတို့၏ ဝါသနာနှင့်ကိုက်ညီသည့် ပညာရပ်ကိုသင်ကြားပေးခြင်းဖြစ်သဖြင့် ကျောင်းသားကျောင်းသူများတွင်သာမက မိဘများသည်လည်း အသက်မွေးဝမ်းကျောင်းပညာကို တန်ဖိုးထားရန် အရေးကြီးပါကြောင်း၊ အသက်မွေးဝမ်းကျောင်းပညာကို မြတ်နိုးတန်ဖိုးထား ဂုဏ်ယူစေလိုကြောင်း၊ အသက်မွေးဝမ်းကျောင်းပညာကို အထူးတန်ဖိုးထားသည့် နိုင်ငံများသည် ဖွံ့ဖြိုးတိုးတက်မှုရရှိခဲ့ပါကြောင်း၊ မိမိတို့သည် ယခုရရှိလျက်ရှိသည့် အခွင့်အရေးကို အသုံးချကာအကောင်းဆုံး၊ အမြင့်ဆုံးရောက်ရှိစေရန် ကြိုးစားရမည်ဖြစ်ပါကြောင်း။

ထို့ကြောင့် မိမိတို့ နိုင်ငံသူ နိုင်ငံသားအားလုံးအသက်မွေးဝမ်းကျောင်းပညာရေးကို ပထမတန်းစားပညာရေးဟု လက်ခံနားလည်နိုင်အောင် လုပ်ဆောင်သွားကြရမည်ဖြစ်ပါကြောင်း၊ ထိုသို့မဟုတ်ဘဲ အသက်မွေးဝမ်းကျောင်းပညာသည် ဒုတိယတန်းစားပညာဟု သတ်မှတ်ကာတက္ကသိုလ်တက်ရန် အဆင့်မမီမှသာ သင်ကြားစေမည်ဆိုပါက တိုးတက်အောင်မြင်ရန် ခက်ခဲမည်ဖြစ်ပါကြောင်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ပြောကြားသည်။

ဆက်လက်၍ မိမိကိုယ်တိုင် အသက်မွေးဝမ်းကျောင်းပညာကို လေးစားတန်ဖိုးထားပြီး မိမိနိုင်ငံတွင် အသက်မွေးဝမ်းကျောင်းပညာတိုးတက်လာစေရန် ဆောင်ရွက်လိုပါကြောင်း၊ မိမိတို့နိုင်ငံတွင် အသက်မွေးဝမ်းကျောင်းပညာတိုးတက်မှ မိမိတို့နိုင်ငံသူ နိုင်ငံသားများ၏ ဘဝတိုးတက်မည်ဖြစ်ပါကြောင်း။

ဖွံ့ဖြိုးတိုးတက်မှုရရှိပြီးနိုင်ငံများတွင်ပင် တက္ကသိုလ်ဘွဲ့ရများသည် အလုပ်အကိုင်ရရှိမှု တစ်နှစ်ထက်တစ်နှစ်နည်းပါးလာပါကြောင်း၊ အဘယ်ကြောင့်ဆိုသော် သင်ကြားတတ်မြောက်သည့်ပညာနှင့် လူမှုအသိုင်းအဝိုင်း၏ လိုအပ်ချက် ကိုက်ညီမှုအားနည်းသည့်အတွက်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံတွင် အသက်မွေးဝမ်းကျောင်းပညာ သင်ကြားတတ်မြောက်သည့် လူငယ်များသည် အလုပ်အကိုင်ရရှိမှုရာခိုင်နှုန်းများပါကြောင်း၊ မိမိတို့ တည်ထောင်ဖွင့်လှစ်ထားသည့် ကော့မှူးအသက်မွေးပညာသင်ကျောင်းမှာ ကျောင်းမဆင်းမီကပင် အလုပ်ခန့်ရန်အတွက် ကြိုတင်ကမ်းလှမ်းကြလျက်ရှိပါကြောင်း၊ ကျောင်းဆင်းသွားပြီးနောက် အလုပ်ခွင်ရောက်ရှိနေသူများ မည်မျှအောင်မြင်နေသလဲ လေ့လာဆန်းစစ်ကြည့်ရာ ၉၀ ရာခိုင်နှုန်း အောင်မြင်လျက်ရှိသည်ကို တွေ့ရှိရပါကြောင်း၊ အသက်မွေးဝမ်းကျောင်း ပညာရေးအောင်မြင်အောင် ကြိုးပမ်းရာတွင် ကမ္ဘာပေါ်တွင် အကောင်းဆုံး၊ အအောင်မြင်ဆုံးနိုင်ငံများကို စံနမူနာယူပြီး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အစကောင်းမှ အနှောင်းသေချာဆိုသကဲ့သို့ ယခုအစကပင် အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ အသက်မွေးဝမ်းကျောင်း ပညာရေးအောင်မြင်သည်၊ မအောင်မြင်သည်ကို တိုင်းတာသည့်အချက်မှာ တစ်ခုတည်းသာရှိ၍ ၎င်းမှာ နိုင်ငံသားအားလုံးက အသက်မွေးဝမ်းကျောင်းပညာရေးကို ပထမတန်းစားပညာရေးဟု ယုံကြည်တန်ဖိုးထားလာသည့်အချိန်သည် အသက်မွေးဝမ်းကျောင်း ပညာရေးအောင်မြင်သည်ဟု သတ်မှတ်ရမည်ဖြစ်ပါကြောင်း၊ ထိုသို့ အောင်မြင်တိုးတက်မှုရရှိစေရန် Public Private Partnership သည် အရေးကြီးပါကြောင်း၊ အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ရန် အရေးကြီးပါကြောင်း။

ထို့ကြောင့် ယနေ့နှီးနှောဆွေးနွေးပွဲတွင် လုပ်ငန်းရှင်များဘက်မှ မိမိတို့၏ ပညာရေးစနစ်ကို လိုအပ်ချက်နှင့်ကိုက်ညီအောင် လုပ်ဆောင်သွားသင့်သည်များကို အကြံပြုစေလိုပါကြောင်း၊ ပညာရေးဝန်ကြီးဌာနဘက်မှလည်း လုပ်ငန်းရှင်များ မည်သို့ကူညီနိုင်သည်ကို အကြံပြုစေလိုပါကြောင်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ပြောကြားသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက နည်းပညာနှင့် သက်မွေးပညာရေးနှင့် လေ့ကျင့်ရေးကဏ္ဍ၏ ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် တက်ရောက်လာကြသူများသည် အဆိုပါအဆောက်အအုံမြေညီထပ်တွင် ခင်းကျင်းပြသထားသော နည်းပညာနှင့် သက်မွေးပညာရေးဆိုင်ရာပြခန်းများကို လှည့်လည်ကြည့်ရှုကြသည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် နှီးနှောဖလှယ်ပွဲကို ဆက်လက်ကျင်းပရာ သင်ယူနိုင်မှုအခွင့်အလမ်း၊ အရည်အသွေးနှင့် အုပ်ချုပ်စီမံမှုကို မြှင့်တင်ရေးအတွက် အခက်အခဲ၊ စိန်ခေါ်မှုများ၊ အနာဂတ်အမြင်သဘောထားဆိုင်ရာများ၊ အမျိုးသားအဆင့် လုပ်သားထုဆိုင်ရာ ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးပွဲ၏ရလဒ်များ၊ မြန်မာနိုင်ငံအတွင်း နည်းပညာနှင့် သက်မွေးပညာရေး၊ လေ့ကျင့်ရေးသင်တန်းများသို့ တက်ရောက်လိုသူများသင်ယူနိုင်သော အခွင့်အလမ်းများနှင့် အရည်အသွေးကို တိုးတက်ခိုင်မာအောင် ပြုလုပ်ခြင်းဆိုင်ရာများကို ဆွေးနွေးကြသည်။

ထို့ပြင် နှီးနှောဖလှယ်ပွဲတွင် အဖွဲ့လိုက်ဆွေးနွေးခြင်း၊ အဖွဲ့လိုက် ဆွေးနွေးမှု ရလဒ်များတင်ပြခြင်းနှင့် မေးခွန်းများမေးမြန်းဖြေကြားခြင်းတို့ကို ပြုလုပ်ခဲ့ကြသည်။

အဆိုပါနှီးနှောဖလှယ်ပွဲကို ပိုမိုကောင်းမွန်သော အလုပ်အကိုင်ရရှိရေးနှင့် ခေတ်မီသောစီးပွားရေးကိုပံ့ပိုးရန် နည်းပညာနှင့် သက်မွေးပညာရေးနှင့် လေ့ကျင့်ရေးကဏ္ဍ၏ သင်ယူနိုင်မှုအခွင့်အလမ်း၊ အရည်အသွေးနှင့် စီမံခန့်ခွဲမှုများ မြှင့်တင်ရေးအတွက် ရည်ရွယ်ကျင်းပခြင်းဖြစ်ပြီး ဆွေးနွေးပွဲကို ဇူလိုင် ၁၅ ရက်နှင့် ၁၆ ရက် နှစ်ရက်တာကျင်းပသွားမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် နည်းပညာနှင့် သက်မွေးပညာရေးနှင့် လေ့ကျင့်ရေးကဏ္ဍ အကောင်အထည်ဖော်မှုအနေဖြင့် ပညာရေးဝန်ကြီးဌာနအပါအဝင် ဆက်စပ်လျက်ရှိသည့် ပြည်ထောင်စုဝန်ကြီးဌာန ၁၃ ခုတွင် နည်းပညာနှင့် သက်မွေးမှုဆိုင်ရာ ကျောင်းပေါင်း ၂၄၇ ကျောင်းဖွင့်လှစ်သင်ကြားလျက်ရှိပြီး ပုဂ္ဂလိကကဏ္ဍအနေဖြင့် နည်းပညာနှင့် သက်မွေးပညာရေးနှင့် လေ့ကျင့်ရေးဆိုင်ရာ သင်တန်းအမျိုးအစား ၁၆ ခုမှ သင်တန်းပေါင်း ၂၁၀ ကျော် ဖွင့်လှစ်လျက်ရှိကြောင်း အဆိုပါဆွေးနွေးပွဲမှ သိရသည်။ **(သတင်းစဉ်)**

# တိုက်ကြီးမြို့ မင်္ဂလာရပ်ကွက်တွင် ရေနစ်မြုပ်လျက်ရှိ

**တိုက်ကြီး ဇူလိုင် ၁၅**

တိုက်ကြီးမြို့ မင်္ဂလာရပ်ကွက် (၂) လမ်း၊ (၃) လမ်း၊ (၄)လမ်းနှင့် စက်တန်းတို့တွင် ယမန်နေ့နံနက်ပိုင်းမှစ၍ ရေနစ်မြုပ်လျက်ရှိကြောင်း သိရသည်။

မင်္ဂလာရပ်ကွက်တွင် စုစုပေါင်းအိမ်ခြေ ၂၃၁ လုံးနစ်မြုပ်လျက်ရှိသည်။ ဇူလိုင် ၁၃ ရက်မှစ၍ တိုက်ကြီးမြို့နယ်တွင် မိုးများရွာသွန်းလျက်ရှိသည်။ မင်္ဂလာရပ်ကွက်သည် နှစ်စဉ် မိုးများချိန်တွင် ရေမြုပ်လျက်ရှိကြောင်း သိရသည်။ ရေနစ်မြုပ်သော အိမ်ထောင်စုများကို ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဝင်းထွန်းဦးဆောင်မှုဖြင့် ရပ်မိရပ်ဖများ ရာအိမ်မှူး၊ ဆယ်အိမ်မှူးများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ထမင်းထုပ်များ ယမန်နေ့ညနေပိုင်းမှစတင်ပြီး လိုက်လံဝေငှလျက်ရှိကြောင်း သိရသည်။

“ကျွန်တော်တို့ရပ်ကွက်က နှစ်စဉ်ရေမြုပ်တာပါ။ နောက်မိုးဆက်များမယ်ဆိုင်ရင် ထပ်မြုပ်ဦးမှာပါ။ ရပ်ကွက်ထဲမှာချောင်းရှိတယ်။ ချောင်းထဲကို အမှိုက်ပစ်တယ်၊ ရေကမစီးတော့ ရပ်ကွက်ထဲဝင်တာပေါ့။ နွေရာသီမှာသက်ဆိုင်ရာက ရေစီးရေလာကောင်းအောင်လုပ်ပေးရင်တော့ ရေဝင်နည်းမှာပါ။ အခုဆို စာသင်ကျောင်းပါရေနစ်တော့ ကလေးတွေစာမသင်ရတော့ဘူး”ဟု ရပ်မိရပ်ဖတစ်ဦးက ပြောသည်။

**ထွန်းလှိုင်(မြိုင်)**

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ မင်းပြား၊ မြောက်ဦး၊ ကျောက်တော်မြို့နယ်တို့မှ ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ပစ္စည်းများပေးအပ်

**နေပြည်တော် ဇူလိုင် ၁၅**

အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်၊ ဦးကျော်မျိုး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် ရခိုင်ပြည်နယ်အတွင်း မကြာမီက ဖြစ်ပေါ်ခဲ့သည့် ရေကြီးရေလျှံမှုကြောင့် ရေဘေးသင့်ခဲ့သည့် ပြည်သူများအတွက် လိုအပ်သည့် ထောက်ပံ့မှုများ ဆောင်ရွက်ပေးနိုင်ရန်အတွက် မင်းပြားမြို့နယ်၊ မြောက်ဦးမြို့နယ်နှင့် ကျောက်တော်မြို့နယ်တို့မှ ရေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေးပြီး ထောက်ပံ့ပစ္စည်းများကို ပေးအပ်သည်။






ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ကျောက်တော်မြို့နယ်မှ ရေဘေးသင့်ပြည်သူများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ဒုတိယသမ္မတနှင့် အဖွဲ့သည် နံနက်ပိုင်းတွင် မင်းပြားမြို့သို့ ရောက်ရှိပြီး ရေဘေးသင့်ပြည်သူများအား တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ရေဘေးသင့်ပြည်သူများအတွက် ဆောင်ရွက်ပေးနေမှုများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက ရေဘေးသင့်ပြည်သူများအတွက် စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ပစ္စည်းများကို ပေးအပ်သည်။

ယင်းနောက် မြောက်ဦးမြို့သို့ ရောက်ရှိပြီး ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ မြောက်ဦးမြို့နယ်မှ ရေဘေးသင့်ပြည်သူများနှင့် တွေ့ဆုံသည်။

ထို့နောက် ဒုတိယသမ္မတသည် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် မြောက်ဦးမြို့ ရတနာပုံစေတီတော်၏ အရန်စေတီတော်အမှတ်(၆) ပြိုကျမှု အခြေအနေကိုကြည့်ရှုကာ ပြန်လည်ပြုပြင် ဆောင်ရွက်ရန်မှာကြားပြီး ထုက္ကန်သိမ်စေတီတော်အား ရေရှည်တည်တံ့ရေးအတွက် လိုအပ်ချက်များ ဆောင်ရွက်သွားရန်မှာကြားသည်။

ယင်းနောက် ကျောက်တော်မြို့သို့ရောက်ရှိပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနခန်းမ၌ ကျောက်တော်မြို့နယ်မှ ရေဘေးသင့်ပြည်သူများအားတွေ့ဆုံသည်။

ထို့နောက် ဒုတိယသမ္မတ၊ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက ရေဘေးသင့်ပြည်သူများအတွက် ထောက်ပံ့ပစ္စည်းများကို ပေးအပ်သည်။

ဒုတိယသမ္မတသည် မင်းပြား၊ မြောက်ဦးနှင့် ကျောက်တော်မြို့နယ်တို့မှ ရေဘေးသင့်ပြည်သူများနှင့် တွေ့ဆုံစဉ် ရခိုင်ပြည်နယ်ရှိ လက်ရှိရေဘေးကြုံတွေ့နေရသော ရခိုင်တိုင်းရင်းသားများအား အရေးပေါ်ကယ်ဆယ်ရေး၊ ရွှေ့ပြောင်းရေး၊ စားနပ်ရိက္ခာနှင့် အမိုးအကာဖူလုံရေး၊ ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေးစသည့် လုပ်ငန်းများကို ဆောင်ရွက်ပေးရန် လာရောက်ခြင်းဖြစ်ကြောင်း။

သဘာဝဘေးအန္တရာယ်ဟူသည် ရှောင်လွှဲ၍ မရနိုင်သော်လည်း အကောင်းဆုံးဖြစ်အောင် ရင်ဆိုင်ကျော်လွှားရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် လိုအပ်သည်များကို အချိန်နှင့်တစ်ပြေးညီ ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ပြည်နယ် အစိုးရအနေဖြင့်လည်း အမြန်ဆုံးပံ့ပိုးကူညီမှုများ ဆောင်ရွက်ထားပြီးဖြစ်ကြောင်း။

ရခိုင်ပြည်နယ်၏ ပညာရေး၊ ကျန်းမာရေးနှင့် အခြားသောစီးပွားရေးအခွင့်အလမ်းများ မြင့်မားလာစေရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ရခိုင်ပြည်နယ် ဖွံ့ဖြိုးရေးအတွက် ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်အစိုးရတို့ ပူးပေါင်း၍ ဘက်စုံဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်မှ ဒေသခံပြည်သူများကလည်း နိုင်ငံတော်အစိုးရနှင့်အတူ ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အနေဖြင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေးအတွက် အသိပညာပေးခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း၊ သင်တန်းပေးခြင်းတို့ဆောင်ရွက်နေမှု၊ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ သဘာဝဘေးကျရောက်ပါက အလျင်အမြန် ဆောင်ရွက်နိုင်ရန် စီစဉ်ထားရှိမှု၊ ရေရှည်အတွက်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်သွားမည့်အခြေအနေနှင့် ရခိုင်ပြည်နယ်ဖွံ့ဖြိုးရေးအတွက် ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

တွေ့ဆုံပွဲများတွင် မင်းပြားမြို့နယ်၊ မြောက်ဦးမြို့နယ်၊ ကျောက်တော်မြို့နယ်တို့မှ ရေဘေးသင့်ပြည်သူများအတွက် ငွေကျပ် သိန်း ၃၀၀ ကျော်တန်ဖိုးရှိ ဆန်၊ ဆီ၊ စားစရာ၊ မီးဖိုချောင်သုံးပစ္စည်း၊ မိသားစုသုံးပစ္စည်းများနှင့် နေအိမ်ပြိုကျ၊ ပျက်စီးမှုများအတွက် ငွေကျပ်သိန်း ၈၀ ကျော်ထောက်ပံ့ပေးခဲ့သည်။

ရခိုင်ပြည်နယ်ရေကြီးရေလျှံမှုတွင် မင်းပြားမြို့နယ်၌ ၁၃၈၃၈ ဦး၊ မြောက်ဦးမြို့နယ်၌ ၃၆၉၆ ဦး၊ ကျောက်တော်မြို့နယ်၌ ၂၈၂၈ ဦး ရေဘေးသင့်ခဲ့ပြီး ယခုအခါ အဆိုပါ ရေဘေးသင့် ပြည်သူအားလုံးနီးပါး နေရပ်သို့ ပြန်လည်ရောက်ရှိကြပြီဖြစ်ကြောင်း သိရသည်။

ယင်းနောက် ဒုတိယသမ္မတသည် မင်းဂံတိုးချဲ့ရပ်ကွက်၊ အောင်မင်္ဂလာရပ်ကွက်နှင့် သက်ကယ်ပြင်ကယ်ဆယ်ရေးစခန်းတို့မှ ဒေသခံများအား တွေ့ဆုံခဲ့ပြီး နေအိမ်များအားကြည့်ရှုခဲ့သည်။

ထို့နောက် ဒုတိယသမ္မတသည် စစ်တွေကမ်းခြေ ကမ်းနားလမ်းရှိ ပွိုင့်အပန်းဖြေစခန်းသို့ သွားရောက်ကြည့်ရှုလေ့လာသည်။

**(သတင်းစဉ်)**

---

**✱ ကျောဖုံးမှ**

(၂၉)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကို ၂၀၁၇ ခုနှစ် ဩဂုတ် ၁၉ ရက်မှ ၃၁ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အားကစားနည်း (၃၈)မျိုးမှ ပြိုင်ပွဲအမျိုးအစား ၄၀၅ မျိုး ထည့်သွင်းကျင်းပမည်ဖြစ်သည်။ အဆိုပါ အားကစားနည်းများအနက် ဆီးဂိမ်းပြိုင်ပွဲတွင် ပါဝင်နေကျ အားကစားနည်းများပါဝင်လာသလို အိမ်ရှင်မလေးရှားနိုင်ငံ ရွှေဆုရယူနိုင်မည့် အားကစားနည်းများလည်း ပါဝင်လာခဲ့သည်။ ဆီးဂိမ်းပြိုင်ပွဲ၌ ထည့်သွင်းကျင်းပမည့်အားကစားနည်းများမှာ ဘောလုံး၊ ဖူဆယ်၊ ရေကူး၊ ပြေးခုန်ပစ်၊ မျှားပစ်၊ ကြက်တောင်၊ ဘတ်စကက်ဘော၊ ဘိုးလင်း၊ ဘီလီယက်၊ စနူကာ၊ လက်ဝှေ့၊ ခရစ်ကတ်၊ စက်ဘီး၊ မြင်းစီး၊ ဓားရေး၊ ဟော်ကီ၊ ဂေါက်သီး၊ ကျွမ်းဘား၊ ရေခဲပြင်ဟော်ကီ၊ ရေခဲပြင်စကိတ်၊ ဂျူဒို၊ ကရာတေးဒို၊ Lawn bowls၊ မွေလက်ဝှေ့၊ Netball၊ ပန်ကြပ်ဆီလတ်၊ ပီတန်း၊ ရပ်ဘီ၊ ရွက်လှေ၊ ပိုက်ကျော်ခြင်း၊ ခြင်းလုံး၊ သေနတ်ပစ်၊ Squash၊ စားပွဲတင်တင်းနစ်၊ တိုက်ကွမ်ဒို၊ တင်းနစ်၊ Triathlon၊ ဘော်လီဘော၊ အလေးမ၊ ဝူရှူးနှင့် Water ski ပြိုင်ပွဲများ ဖြစ်ကြသည်။ ယင်းအားကစားနည်းများအနက် မြန်မာအားကစားအဖွဲ့နှင့် ရင်းနှီးကျွမ်းဝင်ခြင်းမရှိသည့် ရေခဲပြင်ဟော်ကီ၊ ရပ်ဘီ၊ Netball၊ Water ski၊ Lawn bowls အားကစားနည်းများ ပါဝင်လာခဲ့သလို ရွှေတံဆိပ်မျှော်မှန်းနိုင်သည့် လှေလှော်ပြိုင်ပွဲ၊ အမျိုးသမီးခြင်းလုံးများ ပါဝင်လာခြင်းမရှိပေ။ မြန်မာအားကစားဖွဲ့သည် ဆီးဂိမ်းပြိုင်ပွဲအတွက် ယခုနှစ်ဆန်းပိုင်းကတည်းက စတင်လေ့ကျင့်လျက်ရှိသော်လည်း အားကစားနည်းများ အတည်ပြုပြီးဖြစ်သောကြောင့် အားကစားနည်းများ အပြောင်းအလဲပြုလုပ်ဖွယ်ရှိနေသည်။

မြန်မာအားကစားအဖွဲ့သည် အိမ်ရှင်အဖြစ်လက်ခံကျင်းပခဲ့သည့် ၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲတွင် ရွှေတံဆိပ် ၈၀ ကျော် ရရှိခဲ့သော်လည်း ၂၀၁၅ ဆီးဂိမ်းပြိုင်ပွဲတွင် ရွှေတံဆိပ် ၁၂ ခုသာ ရယူနိုင်ခဲ့ရာ လာမည့်ဆီးဂိမ်းပြိုင်ပွဲတွင် အားသာသည့် အားကစားနည်းအချို့ မပါဝင်သောကြောင့် အောင်မြင်မှုရရှိရန် ပိုမိုအားထုတ်ရဖွယ်ရှိနေသည်။ ဆီးဂိမ်းပြိုင်ပွဲစတင်ရန် တစ်နှစ်ကျော်နီးပါးလိုသေးရာ မြန်မာအားကစားအဖွဲ့အနေဖြင့် အချိန်ယူပြင်ဆင်ပြီး အောင်မြင်မှုရရှိရန် ကြိုးစားသင့်ပေသည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွန့်**

---

**○ ရှမ်းယူနိုက်တက်မှ**

ချင်းယူနိုက်တက်အသင်းသည် ရလဒ်ကောင်းရရှိရန် အမာခံကစားသမားအစုံအလင်ဖြင့် ပွဲထွက်ခဲ့သော်လည်း ရှုံးပွဲကြုံတွေ့ခဲ့ခြင်းဖြစ်သည်။ ရှမ်းယူနိုက်တက်အသင်းသည် ယခုပွဲအနိုင်ရလဒ်ကြောင့် အမှတ်ပေးဇယားအပေါ်ပိုင်းမှ အသင်းများကို ဖိအားပေးနိုင်ခဲ့သည်။

ကြားရက်တွင် ရှုံးထွက် ကွာတားပွဲစဉ် ကစားရမည့် ရှမ်းယူနိုက်တက်အသင်းသည် ပွဲထွက်လူစာရင်းကို အနည်းငယ်အပြောင်းအလဲပြုလုပ်ခဲ့ပြီး အမာခံအချို့ကို အနားပေးခဲ့သည်။ ချင်းယူနိုက်တက်အသင်းကလည်း အမာခံ ကစားသမားအစုံအလင်ဖြင့် ပွဲထွက်ခဲ့ပြီး အမှတ်ပြန်ရရန် ကြိုးပမ်းခဲ့သည်။ ပွဲအစပိုင်းတွင် ရှမ်းယူနိုက်တက်ကစားပုံပိုကောင်းခဲ့ပြီး ၁၇ မိနစ်တွင် ဇင်မင်းထွန်း၏ ဖန်တီးပေးမှုမှတစ်ဆင့် ရန်နိုင်ဦးက ဂိုးစတင်သွင်းယူပေးခဲ့သည်။ ဂိုးပေးရပြီးနောက်ပိုင်းတွင် ချင်းယူနိုက်တက် ချေပဂိုးရရန် ကြိုးပမ်းလာပြီး အခွင့်အရေးအချို့ရခဲ့သော်လည်း အသုံးမချနိုင်ခဲ့ပေ။ ဒုတိယပိုင်းတွင် ရှမ်းယူနိုက်တက်အသင်းက ပွဲကို ထိန်းချုပ်ကစားသွားပြီး ချင်းယူနိုက်တက်အသင်းသည် ပထမပိုင်းလောက် ကစားပုံမကောင်းတော့ပေ။ ၅၁ မိနစ်တွင် ရှမ်းယူနိုက်တက်ဒုတိယဂိုးထပ်မံရခဲ့ပြီး စိုးမင်းဦးက သွင်းယူခဲ့ခြင်းဖြစ်သည်။ ဂိုးရပြီးနောက်ပိုင်းတွင် ရှမ်းယူနိုက်တက် ပွဲကို စိတ်ကြိုက်ကစားသွားခဲ့ပြီး အနိုင်သေချာစေမည့် တတိယဂိုးကို ၈၁ မိနစ်တွင် စိုးမင်းဦးက သွင်းယူခဲ့ခြင်းဖြစ်သည်။

ယနေ့ပွဲ
(သုဝဏ္ဏကွင်း)
မကွေး -ဇေယျာရွှေမြေ
(အောင်ဆန်းကွင်း)
Horizon - ရောဝတီ

**ရှိုင်းထက်ဇော်**

---

**◆ နေပြည်တော်မှ**

ဒုတိယအဆင့်ပွဲစဉ်များသို့ တက်ရောက်ခဲ့သည့်အသင်းများမှာ အုပ်စု(ကက)တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ပြန်ကြားရေးဝန်ကြီးဌာန၊ အုပ်စု(ခခ)တွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာန၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန အသင်းတို့ဖြစ်ကြသည်။ ဒုတိယအဆင့် အုပ်စုပွဲစဉ်များကို ဇူလိုင် ၁၇ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်းသိရသည်။

**(မောင်မောင်ဇော်)**

---

## နိုင်ငံရေးစာပေစာတမ်းဖတ်ပွဲနှင့် မိုးရာသီ စာအုပ်ဈေးရောင်းပွဲ ဆိုင်ခန်းများမဲနှိုက်

**ရန်ကုန် ဇူလိုင် ၁၅**

ပြန်ကြားရေးဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် ကျင်းပမည့် နိုင်ငံရေးစာပေစာတမ်းဖတ်ပွဲနှင့် မိုးရာသီ စာအုပ်ဈေးရောင်းပွဲအတွက် မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်း အမှုဆောင်များက စာပေတိုက်များကို သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန PPD ပုံနှိပ်စက်ရုံဝင်း အစည်းအဝေးခန်းမ၌ ဆိုင်ခန်းနေရာများ မဲနှိုက်ပေးခဲ့ရာ စာအုပ်ဆိုင်ခန်းပေါင်း၁၅၈ ဆိုင် ဖွင့်လှစ်ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။



မိုးရာသီ စာအုပ်ဈေးရောင်းပွဲအား ဈေးနှုန်းချိုသာစွာဖြင့် ဇူလိုင် ၂၉ ရက်မှ ၃၁ ရက်ထိ နံနက် ၉ နာရီမှ ညနေ ၅နာရီအတွင်း ရောင်းချပေးမည်ဖြစ်ပြီး နိုင်ငံရေးစာပေစာတမ်း ၁၈ စောင် ဖတ်ကြားသွားမည် ဖြစ်ကြောင်း သိရသည်။

**ဖြိုးသီဟ(စစ်ကိုင်း)**

# လွှတ်တော်ရုံးအသီးသီး၏ စတုတ္ထအကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်း



**နေပြည်တော် ဇူလိုင် ၁၅**

လွှတ်တော်ရုံးအသီးသီး၏ စတုတ္ထအကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းခြင်းအခမ်းအနားကို ယနေ့ ညနေ ၃ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ နေပြည်တော် ပျဉ်းမနားမြို့ မဟာဝိသုတာရာမ စေျးကုန်းကျောင်းတိုက်ကြီး၏ ပဓာနနာယက၊ နိုင်ငံတော်သြဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ကဝိသာရ ဆရာတော်ကြီးအမှူးပြုသော သံဃာတော်အရှင်မြတ်တို့ ကြွရောက်ကြသည်။

ရှေးဦးစွာ မဟာဝိသုတာရာမ စေျးကုန်းကျောင်းတိုက်ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။

ယင်းနောက် ဆရာတော် သံဃာတော် အရှင်မြတ်များထံ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် လွှတ်တော်ရုံးအသီးသီးမှ တာဝန်ရှိသူများက လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြသည်။

အဆိုပါ အခမ်းအနားသို့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးဝင်းမြင့်၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် လွှတ်တော်ရုံးများမှ ဝန်ထမ်းမိသားစုများ တက်ရောက်ခဲ့ကြသည်။

**(သတင်းစဉ်)**

■



# အာဆီယံစွမ်းအင်ဆိုင်ရာ သတင်းစာရှင်းလင်း

**နေပြည်တော် ဇူလိုင် ၁၅**

"အာဆီယံဒေသတစ်ခုလုံးမှာ စွမ်းအင်ကို တစ်နိုင်ငံနဲ့တစ်နိုင်ငံ လိုတဲ့နေရာကိုပို့မယ်။ ပိုတဲ့နေရာကနေလိုတဲ့နေရာကို ပို့ပေးခြင်းအားဖြင့် စွမ်းအင်ချွေတာမှုကိုလည်း သက်ရောက်စေတယ်။ အာဆီယံဒေသကြီးတစ်ခုလုံး စွမ်းအင်ကို ရေရှည်လုံလုံလောက်လောက် ရရှိဖို့ ရည်ရွယ်တာဖြစ်တယ်။ စွမ်းအင်ဆိုတာမှာ ဆီ၊ ဓာတ်ငွေ့နဲ့ လျှပ်စစ်ပါတယ်။ လိုတဲ့နိုင်ငံကိုပိုတဲ့နိုင်ငံက ရောင်းမယ်။ ဒီလိုဆောင်ရွက်ခြင်းဟာ ဒေသတွင်းမှာ စွမ်းအင်ဖူလုံစေဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ယခုလို အစည်းအဝေးတွေကို ကျင်းပရခြင်းဖြစ်ပါတယ်"ဟု လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးထိန်လွင်က ပြောသည်။

နေပြည်တော်ရှိ မင်္ဂလာသီရိ ဟိုတယ်၌ ယနေ့ မွန်းလွဲပိုင်းတွင် ကျင်းပသည့် (၃၄) ကြိမ်မြောက် အာဆီယံစွမ်းအင်ဆိုင်ရာအဆင့်မြင့် အရာရှိကြီးများ အစည်းအဝေး၏ အာဆီယံစွမ်းအင်ဆိုင်ရာ သတင်းစာရှင်းလင်းပွဲအပြီးတွင် အမြဲတမ်းအတွင်းဝန်က ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

သတင်းစာရှင်းလင်းပွဲတွင် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန လက်ထောက်အတွင်းဝန် ဦးမင်းမင်းဦးက ၂၀၁၅ ခုနှစ်တွင် မလေးရှားနိုင်ငံ၌ ကျင်းပခဲ့သည့် (၃၃) ကြိမ်မြောက် အာဆီယံစွမ်းအင်ဝန်ကြီးများ အစည်းအဝေးတွင် အတည်ပြုခဲ့သည့် ASEAN Plan of Action on Energy Cooperation (APAEC) 2016-2025 ၏ Phase 1 ဖြစ်သည့် APAEC 2016-2020 ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ခုနှစ်အထိ ဆောင်ရွက်သွားမည့် အာဆီယံစွမ်းအင်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းအစီအစဉ်များကို အတည်ပြုခြင်းနှင့် ၂၀၁၆-၂၀၁၇ ခုနှစ်အတွင်း ဆောင်ရွက်မည့်လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ အတည်ပြုဆွေးနွေးခဲ့ပါကြောင်း၊ ယခုဆွေးနွေးပွဲတွင် အာဆီယံအပါအဝင် ဒေသတွင်း ဆွေးနွေးဖက်နိုင်ငံများနှင့် အဖွဲ့အစည်းများအကြား စွမ်းအင်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်များ၊ အာဆီယံစွမ်းအင်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုကဏ္ဍခွဲများဖြစ်သည့် အာဆီယံရေနံကောင်စီ၊ ကျောက်မီးသွေးနှင့် သန့်စင်သော ကျောက်မီးသွေးသုံးစွဲရေး နည်းပညာဆိုင်ရာကဏ္ဍခွဲ၊ အာဆီယံ လျှပ်စစ်စွမ်းအားဆိုင်ရာကဏ္ဍခွဲ၊ စွမ်းအင်အကျိုးရှိထိရောက်စွာ အသုံးပြုရေးနှင့် စွမ်းအင်ချွေတာရေးကဏ္ဍခွဲ၊ ပြန်ပြည့်မြဲစွမ်းအင်ဆိုင်ရာကဏ္ဍခွဲ၊ ဒေသတွင်းစွမ်းအင်မူဝါဒနှင့် စီမံခန့်ခွဲရေးဆိုင်ရာကဏ္ဍခွဲ၊ မြို့ပြသုံးနျူကလီးယားစွမ်းအင်ဆိုင်ရာကဏ္ဍခွဲ၊ အာဆီယံစွမ်းအင်မူဝါဒချမှတ်သူများ အဖွဲ့အစည်းကွန်ရက်နှင့် အာဆီယံစွမ်းအင်ဗဟိုဌာန အဆင့်မြင့်တင်ရေးကဏ္ဍများနှင့် ပတ်သက်၍ ရှေ့ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို အပြန်အလှန်ညှိနှိုင်းဆွေးနွေး ဆုံးဖြတ်ခဲ့ကြကြောင်း ပြောကြားသည်။

ထို့ပြင် ၂၀၂၅ ခုနှစ်တွင် အာဆီယံဒေသတစ်ခုလုံး စွမ်းအင်သုံးစွဲမှု၏ ၂၃ ရာခိုင်နှုန်းကို ပြန်ပြည့်မြဲစွမ်းအင်ရယူသုံးစွဲရေး၊ စွမ်းအင်ကို အကျိုးရှိထိရောက်စွာ အသုံးချရေးအနေဖြင့် ၂၀၂၀ ပြည့်နှစ်တွင် အာဆီယံဒေသတစ်ခုလုံး ၂၀၀၅ ခုနှစ် သုံးစွဲမှုထက် ၂၀ ရာခိုင်နှုန်းအထိ ခြိုးခြံချွေတာလျှော့ချသုံးစွဲသွားရေး၊ ဒေသတွင်းရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍအနေဖြင့် လက်ရှိတွင် အင်ဒိုနီးရှား၊ မလေးရှား၊ စင်ကာပူနှင့် ထိုင်းနိုင်ငံတို့၌ LNG Terminal ခြောက်ခုအထိ တည်ဆောက်ပြီးစီးနေပြီဖြစ်ပြီး ယင်း Terminal များမှ တစ်နှစ်လျှင် သဘာဝဓာတ်ငွေ့ တန်ချိန် ၂၂ သန်းကျော် တင်သွင်းလျက်ရှိကာ လာမည့် ၂၀၂၅ ခုနှစ်အထိ နောက်ထပ် LNG Terminal ခုနစ်ခုကို မလေးရှား၊ ဖိလစ်ပိုင်နှင့် ဗီယက်နမ်နိုင်ငံများတွင် တည်ဆောက်သွားရန် ရည်မှန်းဆောင်ရွက်သွားရေး ဆွေးနွေးခဲ့ပါကြောင်း ဦးမင်းမင်းဦးက ပြောသည်။

ဆက်လက်၍ ဦးမင်းမင်းဦးက လက်ရှိအချိန်ထိ ဒေသတွင်းချိတ်ဆက်ထားသည့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းများအနေဖြင့်လည်း ၃၆၇၃ ကီလိုမီတာအထိ ရှိနေပြီဖြစ်ပြီး ဒေသတွင်း တစ်နိုင်ငံနှင့်တစ်နိုင်ငံ ရေနံနှင့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းနှင့် လျှပ်စစ်ဓာတ်အားလိုင်း ချိတ်ဆက်သည့် စီမံကိန်းများအနေဖြင့် ၂၀၂၀ ပြည့်နှစ်တွင် စီမံကိန်း၂၅ ခုကို အကောင်အထည်ဖော်နိုင်ရန် ရည်မှန်းချက်ထား ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ မြို့ပြသုံး အဏုမြူစွမ်းအင်သုံးစွဲနိုင်ရေးနှင့်ပတ်သက်၍လည်း အဏုမြူစွမ်းအင်ဆိုင်ရာ ဘေးအန္တရာယ်ကင်းရှင်းရေး အသိပညာများ၊ အရေးပေါ် အခြေအနေတွင်ဖြစ်လာမည့် ဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်နိုင်ရေး အသိပညာများနှင့် ဒေသတွင်း မြို့ပြသုံးအဏုမြူစွမ်းအင် အသုံးပြုပြီး လျှပ်စစ်ဓာတ်အား ထုတ်လုပ်လာနိုင်ရေးအတွက် ပြည်သူလူထုအကြား နားလည်လက်ခံလာနိုင်ရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဓိကအားဖြင့် အာဆီယံနိုင်ငံများရှိ စွမ်းအင်ဆိုင်ရာ နည်းပညာနှင့် လူ့စွမ်းအား အရင်းအမြစ်မြှင့်တင်ရေး လုပ်ငန်းများကို ဒေသတွင်းနှင့် မိတ်ဖက်နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်သွားရေးတို့ကို အလေးထား ဆွေးနွေးခဲ့ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မလေးရှားနိုင်ငံ စွမ်းအင်ဆိုင်ရာ အဖွဲ့ခေါင်းဆောင် Ms. Loo Took Gee က အာဆီယံဒေသတွင်း စွမ်းအင်ထုတ်လုပ်သုံးစွဲရေးဆိုင်ရာများကို ရှင်းလင်းပြောကြားခဲ့သည်။ **(သတင်းစဉ်)**

# အာဇာနည်နေ့တွင် အမှတ်တရဓာတ်ပုံအဖြစ် မောင်းသူမဲ့လေယာဉ်ဖြင့် ရိုက်ကူးခဲ့သည့်ဓာတ်ပုံ လှူဒါန်း

**ရန်ကုန် ဇူလိုင် ၁၅**

ဇူလိုင် ၁၉ ရက်တွင် ကျရောက်သည့် အာဇာနည်နေ့အတွက် အမှတ်တရဓာတ်ပုံအဖြစ် ဗိုလ်ချုပ်နေအိမ်ကို သာမန်မြင်နေကျမြေပြင်မှ ရိုက်ကူးသည့်ဟန်မဟုတ်ဘဲ မောင်းသူမဲ့လေယာဉ်ဖြင့် ဝေဟင်မှရိုက်ကူးထားသည့် ဓာတ်ပုံကို မြို့တော်သတင်းစာမှ သတင်းထောက်ချုပ် ဦးစောသိန်းဝင်းက ဇူလိုင် ၁၅ ရက်က ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ သွားရောက်လှူဒါန်းခဲ့သည်။

အဆိုပါဓာတ်ပုံကို ဇူလိုင် ၁ ရက်တွင် ဦးစောသိန်းဝင်းက ရိုက်ကူးခဲ့ပြီး ဇူလိုင် ၃ ရက်တွင် ကြေးမုံသတင်းစာ၏ ရှေ့မျက်နှာဖုံးတွင် ပါရှိခဲ့သည်။ "ပြတိုက်ကို လာကြတဲ့သူတွေကို ဗိုလ်ချုပ်အောင်ဆန်း နေထိုင်ခဲ့တဲ့ ဒီရှေးဟောင်း အဆောက်အအုံကို ပီပီပြင်ပြင် မြင်တွေ့ရစေလိုတဲ့စိတ်နဲ့ ရည်ရွယ်ရိုက်ကူးခဲ့တာပါ"ဟု ဦးစောသိန်းဝင်းက ပြောသည်။

ယင်းဓာတ်ပုံသည် ဇူလိုင်လ၏ အနှစ်သဘာဝကို ပေါ်လွင်စေသည့် လွမ်းဆွေးဖွယ် မိုးအုံ့မှိုင်းမှိုင်းတွင် ဗိုလ်ချုပ်၏နေအိမ်ကို မြင်တွေ့လိုက်ရသည့် မြင်ကွင်းကိုအခြေတည်ကာ ရိုက်ကူးခဲ့ခြင်းဖြစ်သည်။

"ဒီဓာတ်ပုံကိုရရှိတာ အလွန်ဝမ်းသာပါတယ်။ ဒီလိုဓာတ်ပုံမျိုး နောက်ထပ် ရရှိလာဖို့ဆိုတာလည်း မဖြစ်နိုင်ပါဘူး။ လာရောက်လှူဒါန်းတဲ့ ဦးစောသိန်းဝင်းကိုလည်း ကျေးဇူးတင်ပါတယ်"ဟု ဗိုလ်ချုပ်အောင်ဆန်းပြတိုက်တာဝန်ခံ ဦးကျော်အေးက ပြောသည်။

ထို့ပြင် မကြာမီကျရောက်တော့မည့် အာဇာနည်နေ့တွင် ဗိုလ်ချုပ်နေအိမ်၏ အဝင်လျှောက်လမ်းတစ်လျှောက်၌ မြန်မာ့လွတ်လပ်ရေးဖခင် ဗိုလ်ချုပ်အောင်ဆန်း၏ လွတ်လပ်ရေးကြိုးပမ်းမှုကာလ သမိုင်းဝင်ဓာတ်ပုံ ၁၀၀ ခန့်ကိုလည်း ချိတ်ဆွဲပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-ခင်ဇာလီ**
**ဓာတ်ပုံ-မီချိုကိုဟန်**




## အသိပေးကြေညာချက်

အာဇာနည်ဗိမာန်သို့ ဂါရဝပြု လာရောက်ကြသည့် မိဘပြည်သူများအနေဖြင့် အောက်ပါ ပစ္စည်းများကို ယူဆောင်၍ အာဇာနည်ဗိမာန်သို့ ဝင်ရောက်ခွင့် မပြုကြောင်း ကြိုတင်အသိပေး ကြေညာအပ်ပါသည်-

- ❖ ပန်းခွေ၊ ပန်းစည်း၊ ပန်းခြင်းအမျိုးမျိုး
- ❖ ကင်မရာအမျိုးမျိုး
- ❖ လက်ကိုင်ဖုန်းအမျိုးမျိုး
- ❖ ဗီနိုင်းစအမျိုးမျိုး
- ❖ ပုလင်း/ဘူးအမျိုးမျိုး
- ❖ အလံအမျိုးမျိုး
- ❖ အလံကိုင်ဆောင်ရာတွင် အသုံးပြုသည့် တုတ်နှင့် သံပိုက်/ကော်ပိုက်များ
- ❖ လက်ကိုင်အိတ်အမျိုးမျိုး

၂၀၁၆ ခုနှစ်၊ (၆၉)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနား
လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းကော်မတီ

# သားဖြစ်သူ စဝ်ကိုင်ဖပြောပြသည့် ဖခင် အာဇာနည်ခေါင်းဆောင် မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်း၏ဘဝအကြောင်း တစေ့တစောင်း

သတင်းဆောင်းပါး-မင်းသစ်(သတင်းစဉ်)၊ဇော်ကြီး(ပဏ္ဍိတ)
ဓာတ်ပုံ - ဇော်မင်းလတ်

ဖခင်ဖြစ်သူက ရန်ကုန်မြို့တွင် တိုင်းပြည်၏ အနာဂတ်အရေးဆွေးနွေးရင်း လုပ်ကြံခံရ၍ ဒဏ်ရာရနေချိန် သားဖြစ်သူ စဝ်ကိုင်ဖမှာ တောင်ကြီးမြို့ သစ်တောဝင်းကြီးတစ်ခုထဲ ငှက်ပစ်ပြီးပြန်လာရာ လေတပ်ဗိုလ်ချုပ် ကလစ်၏အဘိုးက "မင်းက သူများအသက်ကို လိုက်သတ်နေတယ်။ မင်းအဖေ လုပ်ကြံခံရတာ သေလား၊ ရှင်လား မသိသေးဘူး"ဟု ပြောသည့်စကားများသည် အသက် (၁၀)နှစ်အရွယ်ကလေးငယ်တစ်ဦး၏ ခေါင်းထဲတွင် စွဲမှတ်ထင်ထင် ရှိနေခဲ့လေသည်။

"သူများကို မကောင်းတာလုပ်ရင် ကိုယ်လည်းမကောင်းတာ ခံရတယ်ဆိုတာ အဲဒီကတည်းက ခေါင်းထဲစွဲသွားစေခဲ့တယ်" ဟု မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်း၏ သားဖြစ်သူ အသက် (၈၀)အရွယ်ရှိပြီဖြစ်သည့် စဝ်ကိုင်ဖက ပြောသည်။

၁၉၄၇ ခုနှစ် ဇူလိုင် ၁၉ ရက်နေ့တွင် မသမာသူများ၏ လုပ်ကြံမှုကြောင့် ဗိုလ်ချုပ်အောင်ဆန်း၊ ဦးဘဝင်း၊ သခင်မြ၊ မန်းဘခိုင်နှင့် ဦးရာဇတ်တို့မှာ နေရာတွင် အသက်ဆုံးရှုံးခဲ့ကြပြီး ဒီးဒုတ်ဦးဘချိုနှင့် ရဲဘော်ကိုထွေးတို့မှာ မွန်းလွဲပိုင်းတွင် အသက်ဆုံးရှုံးခဲ့ကာ မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်း တစ်ယောက်သာ နောက်တစ်နေ့ မွန်းတည့် ၁၂နာရီခန့်တွင် အသက်ဆုံးရှုံးခဲ့ရသည်။



(အာဇာနည်ခေါင်းဆောင် မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်း၏သား) ဦးစဝ်ကိုင်ဖ။

အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးပြီးနောက် ကျန်ရစ်သူမိသားစုများအား အစိုးရမှ ထောက်ပံ့ကြေး မိသားစုတစ်စုလျှင် ငွေကျပ်တစ်သိန်း ထောက်ပံ့ခဲ့ရာ မိုင်းပွန်စော်ဘွားကြီး၏ သားသမီးများမှာ အရွယ်မရောက်သေးသည့်အတွက် မြန်မာ့အလင်း ဦးတင်တို့ပါဝင်သည့် အမွေထိန်းအဖွဲ့က ထိန်းသိမ်းစောင့်ရှောက်ပေးခဲ့ရကြောင်း သိရသည်။

အာဇာနည်ခေါင်းဆောင် မိုင်းပွန်စော်ဘွားကြီး လုပ်ကြံမခံရမီ ၁၉၄၅ ခုနှစ်တွင် ဇနီးဖြစ်သူ မဟာဒေဝီသီရိစန္ဒာ စဝ်ခင်သောင်း ကွယ်လွန်ခဲ့ပြီး ၁၉၄၆ခုနှစ်တွင် သမီးဖြစ်သူတို့ ကွယ်လွန်ခဲ့ကြောင်း၊ မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်း၏ ဇနီးဖြစ်သူမှာ ဖက်ဆစ်ဂျပန်တို့ လက်မှလွတ်မြောက်ရန် ပြေးရင်း လွှားရင်း မိုင်းပွန်တောထဲတွင်ပင် ဆုံးပါးခဲ့ရကြောင်း သိရသည်။

"ဇနီးဖြစ်သူ မရှိတော့သည့်နောက်ပိုင်း သားသမီးတွေကို အဖေလည်းသူ၊ အမေလည်းသူပဲ စောင့်ရှောက်ခဲ့တယ်။ မေမေဆုံးပြီးတော့ ဖေဖေက ဗိုလ်ချုပ်အောင်ဆန်းနဲ့တွေ့ပြီး ရန်ကုန်ရောက်သွားတော့ ကျွန်တော်တို့မောင်နှမတွေကို တောင်ကြီးမှာရှိတဲ့ လေတပ်က ဗိုလ်ချုပ်ကလစ်အိမ်မှာ ထားတယ်။ အဲဒီကနေ မောင်နှမတွေ ကျောင်းတက်ကြတယ်"ဟု စဝ်ကိုင်ဖက ပြောသည်။

မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်း ကျဆုံးပြီးနောက်ပိုင်း ထိုအချိန်က အရွယ်မရောက်သေးသည့် စော်ဘွားကြီး၏ သားသမီးများကို ဦးကြီးဖြစ်သူ မိုးမိတ်စော်ဘွားကြီး စဝ်ခွန်ချိုက အုပ်ထိန်းသူအနေဖြင့် ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြောင်း "ဖေဖေဆုံးတော့ အမေရဲ့အစ်ကို မိုးမိတ်စော်ဘွားကြီးစဝ်ခွန်ချိုက မောင်နှမတွေကို ရန်ကုန်ခေါ်လာတယ်။ ရန်ကုန်ရောက်တော့ သမ္မတဖြစ်မယ့် ညောင်ရွှေစော်ဘွားကြီး စဝ်ရွှေသိုက် အိမ်မှာအရင်နေရတယ်။ ဂျူဗလီဟောမှာထားတဲ့ ဖေဖေ့ရုပ်အလောင်းကို မောင်နှမတွေ သွားပြီးကန်တော့ကြတယ်" ဟု စဝ်ကိုင်ဖက ပြောပြသည်။

မိုင်းပွန်စော်ဘွားကြီးစဝ်စံထွန်း၏ ရုပ်အလောင်းအား ရန်ကုန်မှ မိုင်းပွန်မြို့သို့ မီးရထား၊ ကားအဆင့်ဆင့်ဖြင့် သယ်ဆောင်ကာ မီးသင်္ဂြိုဟ်ခဲ့ပြီး ပြာကို တစ်ဝက်စီခွဲကာ မိုင်းပွန်တွင် အုတ်ဂူတစ်ခု၊ ရန်ကုန်အာဇာနည်ကုန်းတွင် အုတ်ဂူတစ်ခု ပြုလုပ်၍ ဂူသွင်းမြှုပ်နှံခဲ့ကြောင်း၊ ယနေ့အချိန်အထိ မိုင်းပွန်မြို့တွင် မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်း၏ အုတ်ဂူရှိနေသေးကြောင်း စဝ်ကိုင်ဖထံမှ သိရသည်။

"ရန်ကုန် ဝင်ဒါမီယာမှာနေပြီး ဦးကြီးစဝ်ခွန်ချိုက ကျောင်းထားပေးတယ်။ အင်းစိန်တိုက်ပွဲဖြစ်တော့ လုံခြုံရေးအရဆိုပြီး သမ္မတကြီးစဝ်ရွှေသိုက်ရဲ့ သမ္မတအိမ်တော်မှာနေရတယ်။ အစ်ကိုက နိုင်ငံခြားရောက်နေတယ်။ သမ္မတကြီးရဲ့ အိမ်မှာနေပြီး နောက်ပိုင်းအိန္ဒိယမှာ ကျောင်းသွားတက်ခဲ့တယ်။ အိန္ဒိယက ပြန်လာပြီး တောင်ကြီးမှာ ဖေဖေတက်ခဲ့တဲ့ ရှမ်းစော်ဘွားများကျောင်းမှာတက်တယ်။ အဲဒီကနေ အစ်ကိုရယ်၊ ကျွန်တော်ရယ် ဆယ်တန်းအောင်ပြီး ရန်ကုန်တက္ကသိုလ် တက်ခဲ့တယ်။ ရန်ကုန်တက္ကသိုလ်ကနေ ဘွဲ့ရခဲ့တယ်"ဟု စဝ်ကိုင်ဖက ပြောသည်။

"ဖေဖေ တောင်ကြီးရောက်တော့ ဗိုလ်ချုပ်အောင်ဆန်းနဲ့ အဆက်အသွယ်ရသွားတယ်။ ရှမ်းပြည်လူငယ်အဖွဲ့နဲ့လည်း ချိတ်မိလိုက်တော့ အဲဒီအချိန်ကစပြီး ဖေဖေက ရှမ်းစော်ဘွားတွေ၊ တောင်ပေါ်သားတွေကို လိုက်စည်းရုံးတယ်"ဟု ဗိုလ်ချုပ်နှင့်ဖခင်ဖြစ်သူ ဆက်နွယ်မှုကို စဝ်ကိုင်ဖက ပြောပြသည်။

"ပင်လုံညီလာခံမတိုင်ခင် မေမေ့ အသုဘမှာ ပထမ ပင်လုံညီလာခံသဘောမျိုးလုပ်ရင်း ရှမ်းစော်ဘွားတွေကို ဗိုလ်ချုပ်အောင်ဆန်းနဲ့တွဲဖို့ စတင်စည်းရုံးတယ်။ စော်ဘွားတွေထဲမှာ ဖေဖေက အသက်အငယ်ဆုံးဆိုပေမယ့် အဲဒီအချိန်ကတည်းက ဦးဆောင်ခဲ့တာ။ တိုင်းရင်းသားချစ်ကြည်ရေး၊ ညီညွတ်ရေးအတွက် တက်တက်ကြွကြွ လုပ်ခဲ့တယ်"ဟု စဝ်ကိုင်ဖက ပြန်ပြောင်းပြောပြသည်။

မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်းသည် အရက်၊ ဆေးလိပ်၊ ကွမ်းယာ သောက်စားမှုကင်းစင်ကြောင်း၊ ဂီတဘက်တွင် ဝါးပတ္တလား ကောင်းမွန်စွာ တီးခတ်နိုင်ပြီး မိုင်းပွန်တွင် နေထိုင်စဉ်ကာလက တစ်ပတ်လျှင် နှစ်ကြိမ်၊ သုံးကြိမ်ခန့် သီချင်းကြီးအဖွဲ့များနှင့်တွဲဖက်ပြီး တေးသီချင်းများ သီဆိုတီးခတ်လေ့ရှိကြောင်း သိရသည်။

ထို့အပြင် မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်းသည် စိုက်ပျိုးရေး၊ မွေးမြူရေးဘက်တွင်လည်း ဝါသနာပါပြီး မိုင်းပွန်တွင် နေထိုင်စဉ်ကာလက နိုင်ငံခြားမှ မျိုးကောင်းမျိုးသန့် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများကိုမှာယူပြီး စံပြဥယျာဉ်တည်ထောင်စိုက်ပျိုးကာ ဒေသခံများကို စိုက်ပျိုးရေးနည်းပညာများ ဖြန့်ဖြူးမျှဝေခဲ့ကြောင်းလည်း သိရသည်။

စဝ်ကိုင်ဖက "ဖေဖေစိုက်တဲ့အထဲမှာ တစ်ခုမအောင်မြင်တာက ကြက်ဆူပင်ပဲ။ ကြက်ဆူပင်စိုက်ပြီး အပင်နည်းနည်းထွားလာတော့ ခြံထဲမှာရှိတဲ့ ရေကန်ကရေတွေ ခန်းသွားတယ်။ နောက် ကြက်ဆူစိုက်တာ အလုပ်မဖြစ်တော့ဘူးဆိုတာသိတော့ မစိုက်တော့ဘူး။ ကြံမျိုးကောင်းတွေ၊ ကျွဲကော၊ ဂရိတ်ဖရုသီးမျိုးကောင်းတွေ၊ သံလွင်ပင်တွေကို စိုက်တယ်" ဟု ပြောသည်။

မိုင်းပွန်စော်ဘွားကြီးသည် ပင်လုံစာချုပ်ချုပ်ဆိုရာတွင် ပါဝင်လက်မှတ်ရေးထိုးခဲ့ပြီး ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သည့် စစ်ပြီးခေတ် အစိုးရအဖွဲ့တွင် အတိုင်ပင်ခံ တောင်တန်းဒေသဆိုင်ရာဝန်ကြီးအဖြစ် ခန့်အပ်ခံရသည်။



အာဇာနည်ခေါင်းဆောင် မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်းနှင့်ဇနီး မဟာဒေဝီသီရိစန္ဒာ စဝ်ခင်သောင်းနှင့် သားသမီးများ မှတ်တမ်းဓာတ်ပုံ။

"ပင်လုံညီလာခံမှာ ရှမ်းစော်ဘွားတွေနဲ့ ဗိုလ်ချုပ်အောင်ဆန်းတို့ ဆွေးနွေးတဲ့အခါမှာ လမ်းကသိပ်မဖြူးဘူး။ မတွဲဘူးဆိုပြီး ကန့်ကွက်တဲ့သူတွေရှိတယ်။ ရှမ်းပြည်လူငယ်တွေဖြစ်တဲ့ ဆရာဦးတင်အေး၊ ဦးထွန်းမြင့်၊ ဦးခွန်ထီးစတဲ့ တိုးတက်တဲ့ လူငယ်တွေနဲ့ ဖေဖေသွားစည်းလုံးမိပြီး မရမက ညီညွတ်ရေးရအောင်လုပ်ခဲ့ပြီး ပင်လုံစာချုပ်ထိုးလို့ရတာ။ တက်တက်ကြွကြွ စည်းရုံးလှုပ်ရှားခဲ့တဲ့ အတွက် ဗိုလ်ချုပ်အစိုးရဖွဲ့တော့ ဖေဖေ့ကို တောင်တန်းဒေသဆိုင်ရာဝန်ကြီးခန့်တယ်"ဟု စဝ်ကိုင်ဖက ပြောသည်။

အရပ်သားအစိုးရသစ်လက်ထက်တွင် နိုင်ငံတစ်ဝန်း စည်ကားသိုက်မြိုက်စွာ (၆၉)နှစ်မြောက် အာဇာနည်နေ့အခမ်းအနား ကျင်းပရန် ပြင်ဆင်ပြုလုပ်နေမှုအပေါ် စဝ်ကိုင်ဖက "အစိုးရသစ်က အာဇာနည်နေ့ကို သိုက်သိုက်ဝန်းဝန်းကျင်းပမယ်ဆိုတာ မင်္ဂလာတစ်ပါးပါ။ ပူဇော်ထိုက်သူကို ပူဇော်တယ်ဆိုတာက မင်္ဂလာတစ်ပါးပါ။ ဗိုလ်ချုပ်တို့ အသက်ပေးပြီး ပြသွားတာက တိုင်းပြည်အတွက် အလွန်ကောင်းတဲ့နမူနာပေါ့။ တိုင်းပြည်စည်းလုံးညီညွတ်ရေးနဲ့ နိုင်ငံလွတ်လပ်ရေးရအောင် ဆောင်ရွက်ခဲ့တာ လူတိုင်းမချီးကျူးဘဲမနေနိုင်တဲ့ကိစ္စပါ"ဟု ပြောသည်။

"အိမ်နီးချင်းနိုင်ငံတွေမှာလည်း တိုင်းပြည်ကောင်းစားရေးအတွက် လုပ်ခဲ့တဲ့ ပုဂ္ဂိုလ်ကြီးတွေကို ထိုက်ထိုက်တန်တန် ဂုဏ်မာန်ဆောက်ပြီး ဂုဏ်ပြုခဲ့ကြတာ။ တရုတ်ပြည်မှာဆို မော်စီတုံး၊ ဗီယက်နမ်မှာဆို ဟိုချီမင်း၊ အိန္ဒိယမှာဆို မဟတ္တမဂန္ဒီ ရှိတာပေါ့။ မြန်မာနိုင်ငံမှာလည်း အာဇာနည်ခေါင်းဆောင်ကြီးတွေနဲ့ ပတ်သက်ပြီး ထိုက်ထိုက်တန်တန်ရှိသင့်တာပေါ့"ဟု ၎င်းက ဆက်ပြောသည်။

မိုင်းပွန်စော်ဘွားကြီးစဝ်စံထွန်း ကျဆုံးချိန်တွင် သား သမီး လေးဦးကျန်ရစ်ခဲ့ပြီး လက်ရှိအချိန်တွင် သားအကြီးဆုံးမှာ ဩစတြေးလျတွင်နေထိုင်ပြီး တတိယမြောက် သားဖြစ်သူ စဝ်ကိုင်ဖမှာ ရန်ကုန်တွင် နေထိုင်လျက်ရှိသည်။

အာဇာနည်ခေါင်းဆောင် မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်း ကျဆုံးပြီးနောက်ပိုင်း ကျန်ရစ်သူ သားသမီးများက နှစ်စဉ် ဇူလိုင် ၂၀ရက်ရောက်တိုင်း ကောင်းမှုကုသိုလ်များပြုလုပ်ခဲ့ပြီး ယခုနှစ်တွင်လည်း ကောင်းမှုကုသိုလ်များ ပြုလုပ်သွားမည်ဟု သိရသည်။

ယနေ့ခေတ် လူငယ်များအနေဖြင့် မြန်မာနိုင်ငံလွတ်လပ်ရေးရရှိရန် အသက်ပေးသွားသည့် အာဇာနည်ခေါင်းဆောင်ကြီးများ ခင်းသွားသည့်လမ်းကို မမေ့မလျော့ရန်နှင့် အားလုံး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်ကြရန်လိုကြောင်း အာဇာနည်ခေါင်းဆောင် မိုင်းပွန်စော်ဘွားကြီး စဝ်စံထွန်း၏သား အသက်(၈၀)အရွယ် စဝ်ကိုင်ဖက ဆိုသည်။

## အာဇာနည်နေ့ အဓိဋ္ဌာန်

★ နေ့အာဇာနည် ရောက်ပြီလော ရောက်ပြီလော
ရောက်ပြီ သွေးချင်း သွေးချင်း
ရောက်ပြီ သားချင်း သားချင်း
ရင်တွင်းဆွေးမြည့် မမေ့မမေ့။
ယနေ့သာတိုင် မမေ့နိုင်
ဇူလိုင်ဆယ့်ကိုးရက် ဆယ့်ကိုးရက်။
★ လွှမ်းမိုးမျက်ရည် ဖြေမဆည်
မကြည် ယိုစီးတယ် ယိုစီးတယ်။
ရာသီသမယ မိုးကာလ
ကြုံရဖြစ်ဆန်းကြယ် ဖြစ်ဆန်းကြယ်။
★ ခန်းမဆောင်တွင် ဆွေးနွေးစဉ်
လွန်လျှင် ရက်စက်တယ် ရက်စက်တယ်။
★ တွင်းဝန်ရုံးဆီ စုရုံးချီ
တူညီဝင်ရောက်တယ် ဝင်ရောက်တယ်။
မသမာသူများ ကျည်ဆန်ဖျား
ထိသွား သက်ဆုံးတယ် သက်ဆုံးတယ်။
ပြည်ချစ်သားကောင်း ခေါင်းဆောင်ကောင်း
ပန်းကောင်းညွှန့်ကျိုးတယ် ညွှန့်ကျိုးတယ်။
★ ရက်လနှစ်များ ကုန်လွန်သွား
တို့များမမေ့တယ် မမေ့တယ်။
★ မမေ့နိုင်ပုံ လွမ်းနေကုန်
နေရုံမပြီးတယ် မပြီးတယ်။
သူတို့ချမှတ် လမ်းစဉ်မြတ်
မပြတ်ထမ်းဆောင်ဖွယ် ထမ်းဆောင်ဖွယ်။
★ တို့တွေမျှော်မှန်း ဒီမိုလမ်း
တက်လှမ်းနိုင်ရမယ် နိုင်ရမယ်။
ပန်းတိုင်လော။
လှမ်းကိုင်လော။
ထမ်းမြိုင်လော။

ရွှေကန်သား(ပခုက္ကူ)

(၆၉)နှစ်မြောက် အာဇာနည်နေ့ကို ဤကဗျာဖြင့် ဦးညွှတ်ပါ၏။

# သစ်ပင်တွေ ဆက်ရှင်ခွင့်ရပါစေ . . . .

## စံကားဝါ

ပန်းဆိုတာမျိုးက တင့်တယ်ချိန်ဆိုတာ ကန့်သတ်ချက်ရှိတာမို့ အလှဆုံးပွင့်ချိန်မှာ အထိုက်တန်ဆုံးသူရဲ့ လက်ထဲမှာရှိနေခြင်းကလည်း သူ့အတွက်တော့ ဂုဏ်ယူစရာအဖြစ်ဆုံးအချိန် ဖြစ်နေမှာပါ။

အဖေနဲ့အမေ သဇင်ပင်လေးတွေ ရေလောင်းပေါင်းသင်ပြီး တစ်နှစ်ပတ်လုံး ပြုစုယုယရတာကို နေ့စဉ်မြင်တွေ့နေတဲ့ ကျွန်မတို့အဖို့ ဆောင်းရာသီရောက်လို့ သဇင်ပန်းလေးတွေပွင့်ရင် ခူးပြီးမပန်ရက်သလို လိုချင်သူတွေ လာဝယ်ရင်တောင် ကိုယ့်သဇင်လေးတွေကို ခူးရောင်းရတိုင်းစိတ်ထဲမှာနှမြောတသဖြစ်ရပါတယ်။

ပန်းကလေးတွေဘက်ကကြည့်ရင်လည်း ကိုယ့်ရဲ့အလှနဲ့ ကိုယ့်ကို ပိုင်ဆိုင်သူအတွက် လှပကြည်နူးမှုတွေ ပေးနေနိုင်တာကိုက ကျေနပ်စရာအကောင်းဆုံးတစ်ခုပဲမဟုတ်လား။

ပန်းရယ်မှ မဟုတ်ပါဘူး။ ပန်းမန်၊ သစ်ပင်တိုင်းက လူတွေနဲ့သဟဇာတအဖြစ်ဆုံး သက်ရှိတွေဖြစ်ပြီး အရိပ်အာဝါသနဲ့ ကြည်နူးအေးမြမှုကို ပေးစွမ်းနိုင်တဲ့ သဘာဝရဲ့ အဖိုးထိုက်ဆုံးလက်ဆောင်တွေလည်း ဖြစ်ပါတယ်။

### တာလသုံးပါးနဲ့ သစ်ပင်

သစ်ပင်ဆိုတာအတိတ်၊ ပစ္စုပ္ပန်နဲ့ အနာဂတ်ကို အလှပဆုံးချိတ်ဆက်ပေးနိုင်တဲ့ အမွေလို့ ကျွန်မခံယူထားပါတယ်။

ဘီစီ ၂၈၈ ခုနှစ်က အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမဟာဗောဓိပင်မှ ပင့်ဆောင်လာခဲ့တဲ့ ဒက္ခိဏသာခါ လက်ယာကိုင်းတော်ကို ယခုတိုင် သီရိလင်္ကာနိုင်ငံ အနုရာဓပူရမြို့မှာ ဖူးမြော်ကြည်ညိုနိုင်ပါသေးတယ်။ ဘုရားဖြစ်တော်မူရာ မဟာဗောဓိပင်က ဓာတုစေတီလည်းထိုက်တဲ့အတွက် အကိုင်းကိုရွှေချထားတဲ့ ညောင်ထောက်တိုင်တွေနဲ့ စနစ်တကျထိန်းသိမ်းပြီး ပူဇော်ထားတာဖူးမြော်ခဲ့ရပါတယ်။ ဗုဒ္ဓမြတ်စွယ်တော်နဲ့ သီရိမဟာဗောဓိပင်ဟာ သီဟိုဠ်ကျွန်းရဲ့ နှလုံးသည်းပွတ်ဖြစ်ပြီး အတိတ်၊ ပစ္စုပ္ပန်နဲ့ အနာဂတ်အတွက်လည်း ထိန်းသိမ်းထားအပ်တဲ့ အမွေအစစ်တစ်ခုလည်း ဖြစ်ပါတယ်။

နာဂစ်မုန်တိုင်းတုန်းက ကျိုးပဲ့ပျက်စီးခဲ့ရတဲ့ ရန်ကုန်မြို့က သစ်ပင်တွေဆိုတာ မနည်းပါဘူး။ တစ်ပင်တည်း တည်းသစ်ပင်ကြီးတွေ လဲရသလို လေအဝှေ့ အယမ်းမှာ ဘယ်ညာယိမ်းလွန်းတဲ့ သစ်ပင်အစုတွေလည်း လဲကျပျက်စီးခဲ့ရပါတယ်။ သေချာသတိထားခဲ့မိတာက ပျက်စီးဆုံးရှုံးမှုအနည်းဆုံးသစ်ပင်တန်းကြီးကတော့ ရန်ကုန်မြို့ရဲ့ အလှဆုံး လမ်းဖြစ်တဲ့ ရေတမာတန်းတွေနဲ့ ဦးဝိစာရလမ်းတစ်လျှောက်ဖြစ်ပါတယ်။

ဒါတောင် ရန်ကုန်မြို့ ယာဉ်သွားလမ်းတွေတိုးချဲ့တော့ ဦးဝိစာရနဲ့ ဓမ္မစေတီမီးပွိုင့်အနီးက ရေတမာပင် အနည်းငယ် လှဲချခုတ်ထွင်ခဲ့တာ မြင်ရပါသေးတယ်။ ကျွန်မတို့ငယ်ငယ်က ရွှေတိဂုံဘုရားသွားမယ်ဆို အိမ်ကနေ ဘယ်လမ်းကသွားတယ်။ ဘယ်လိုသွားရတယ်ဆိုတာ ရေရေရာရာမမှတ်မိသေးတဲ့အချိန်မှာတောင် ရေတမာပင်တန်းကိုတွေ့ရင် ဘုရားရောက်တော့မယ်ဆိုတဲ့ အမှတ်အသားက ဒီနေ့အထိ မပျက်မစီးတည်ရှိနေတဲ့ ပုံရိပ်တွေလည်း ဖြစ်ပါတယ်။

တစ်လောက ရပ်ဆိုင်းသွားတဲ့ ရွှေတိဂုံဘုရားအနီးက အိမ်ရာစီမံကိန်းဆောက်လုပ်မယ့်နေရာမှာ အရင်ကသစ်ပင်ကြီးတွေ အုပ်ဆိုင်းတည်ရှိခဲ့တဲ့ နေရာပါ။ တိရစ္ဆာန်ဥယျာဉ်နဲ့ တစ်ဖက်စီရှိနေတဲ့ မြေအနိမ့်အမြင့်တွေ ပါဝင်နေပြီး ရန်ကုန်မြို့လယ်ကိုသွားတိုင်း အဲဒီနေရာရောက်ရင် သစ်ပင်ကြီးတွေကြောင့် စိတ်အေးချမ်းသာ ဖြစ်ရပါတယ်။ စီမံကိန်းမရပ်ဆိုင်းခင်ကတည်းက ခုတ်လှဲလိုက်တဲ့ သစ်ပင်ကြီးတွေကိုကြည့်ပြီး စိတ်မကောင်းဖြစ်ခဲ့ရပါတယ်။ နည်းပညာတိုးတက်လှတဲ့ ဒီနေ့ခေတ်မှာတောင် သစ်ပင်တွေဆိုတာ အချိန်ခဏလေး အတွင်းဖန်တီးယူလို့ ရကောင်းတဲ့အရာ ဖြစ်မလာသေးပါဘူး။

တကယ်တော့ အပင်တိုင်းက သမိုင်းအမွေဖြစ်သလို အနာဂတ်အတွက် လက်ဆောင်လည်း ဖြစ်ပါတယ်။ လူသားတွေရဲ့ ပြုစုယုယမှုနဲ့ သဘာဝမြေဆီမြေနှစ်အပေါ်မှာအခြေခံပြီး ရှင်သန်နေရတဲ့ တကယ့်သက်ရှိအဖော်မွန်တွေဆိုလည်းမမှားပါဘူး။

### ကိုယ်ပိုင်သစ်ပင်

လွန်ခဲ့တဲ့ငါးနှစ်က ဂျပန်နိုင်ငံသူ စီမံခန့်ခွဲတဲ့ ရန်ကုန်မြို့ရဲ့ အထင်ကရမူကြိုကျောင်းမှာ ကလေးတွေအတွက် သင်ခန်းစာက ပဲစေ့ကိုအပင်ပေါက်အောင်လုပ်ပြီး ပဲပင်စိုက်ရပါတယ်။

အပင်လေးတွေ ရှင်သန်ကြီးထွားလာတာနဲ့အမျှ မူကြိုကလေးတွေရဲ့ သင်ခန်းစာဆိုင်ရာ ရမှတ်တွေလည်းတက်လာပါတယ်။ သမီးရဲ့သစ်ပင်လေး ရှင်သန်ဖို့ မိဘတွေကပါ ပြုစုပေးရသလို သမီးရဲ့စိတ်ထဲမှာလည်း သစ်ပင်ဆိုတာ ချစ်ခင်တတ်ရမယ်လို့ တစ်ခါတည်းသင်ပေးလိုက်နိုင်ခဲ့ပါတယ်။

ကျွန်မရုံးအားရက်တချို့မှာ အသုံးမလိုတော့တဲ့ ရေသန့်ဘူးနဲ့ အခြားပလတ်စတစ်ဘူးတွေကို အရွယ်တော်ပိုင်းဖြတ်ပြီး မဆိုးဖြစ်တော့တဲ့ လက်သည်းနီအရောင်စုံနဲ့ ပန်းအိုးလေးတွေဖြစ်အောင် ဖန်တီးပေးပါတယ်။ ပြီးရင် သမီးလေးနှစ်ယောက်နဲ့ အိမ်ရှိလူကုန်နာမည်တပ်ပြီး ခြံစည်းရိုးမှာကပ်ပေါက်တဲ့ ဂမုန်းနွယ်လိုအပင်တွေကို အဆစ်ကဖြတ်ပြီး စိုက်ပေးပါတယ်။ သမီးလေးနှစ်ယောက်သူတို့အပင်ကိုသူတို့ ရေလောင်းနိုင်ဖို့ စပရေးဘူးနဲ့ ရေထည့်ပေးထားလိုက်ပါတယ်။ အခုဆိုရင် မနက်တိုင်းသမီးနှစ်ယောက်ရဲ့ အပင်ရေလောင်းဖို့ လုတဲ့အသံက ကျွန်မအတွက်တော့ ဆည်းလည်းသံတွေအလား ဖြစ်နေခဲ့ပါပြီ။

### အဖွဲ့အစည်းရဲ့ သစ်ပင်

နိုင်ငံခြားသားတွေ စီမံခန့်ခွဲတဲ့ ကုမ္ပဏီတစ်ခုမှာအလုပ်လုပ်နေတဲ့ ညီမငယ်တစ်ယောက်က လုပ်ငန်းနဲ့လုံးဝမသက်ဆိုင်တဲ့ အလုပ်တစ်ခုလည်း လုပ်ရတဲ့အကြောင်းပြောပါတယ်။ ဒါကတော့ ကုမ္ပဏီမှာရှိတဲ့ ဝန်ထမ်းတိုင်းက သူတို့နာမည်တပ်ထားတဲ့ ပန်းအိုးလေးတွေနဲ့ အပင်တစ်ပင်ကိုမဖြစ်မနေစိုက်ရတာပါ။ စိုက်ရုံတင်မဟုတ်ဘဲ ကိုယ့်အပင်လေးကို ပြုစုပျိုးထောင်ဖို့လည်း အလုပ်ချိန်အတွင်းမှာ တာဝန်ယူရပါသတဲ့။

ခွဲခွာရမယ့်အချိန်တစ်ခုရောက်ရင်တောင် ကုမ္ပဏီမှာရှိခဲ့တဲ့၊ အလုပ်အတူတူလုပ်ကိုင်ဖူးတဲ့ လုပ်ဖော်ကိုင်ဖက်တိုင်းက ကုမ္ပဏီရဲ့ မိတ်ဆွေတွေအဖြစ် သစ်ပင်လေးတွေ ချန်ထားရစ်ခဲ့နိုင်ပြီး ဒီဝန်ထမ်းအတွက်လည်း ဒီကုမ္ပဏီက အမြဲပြုစုပျိုးထောင်ပေးနေမယ်ဆိုတဲ့ အဓိပ္ပာယ်လည်း ဖြစ်ပါသတဲ့။

လူ့အဖွဲ့အစည်းတိုင်းအတွက် မရှိမဖြစ်လိုတဲ့ ရိုင်းပင်းစိတ်ဓာတ်နဲ့ တစ်ဦးနဲ့တစ်ဦးတိုးတက်လိုတဲ့ စိတ်ထားတွေ လေ့ကျင့်ပေးတဲ့ အစီအစဉ်ဖြစ်လို့ နှစ်သက်အတုယူဖွယ်ဖြစ်ပါတယ်။ တန်ဖိုးအရှိဆုံးကတော့ ဒီကမ္ဘာမြေအတွက် ကိုယ့်နာမည်နဲ့ အပင်လေးတစ်ပင် ရှင်သန်ခွင့်ရှိနေခြင်းပါ။




### ဆန္ဒသစ်ပင်

လွန်ခဲ့တဲ့နှစ်ပတ်က ရန်ကုန်တက္ကသိုလ် ဥပဒေဌာနက စာမေးပွဲတစ်ခု ကျွန်မဝင်ဖြေပါတယ်။ အင်္ဂလိပ်စာမေးခွန်းထဲမှာ သဘာဝဘေးအန္တရာယ်နဲ့ ပတ်သက်ပြီး အက်ဆေးရေးခိုင်းပါတယ်။ ကမ္ဘာကြီးပူနွေးမှုကနေ အစချီပြီး သစ်တောပြုန်းတီးမှု၊ မြေဆီမြေလွှာပြုန်းတီးမှုနဲ့ သဘာဝဘေးအန္တရာယ်တွေ နေ့စဉ်ကြုံတွေ့နေရတဲ့ ယနေ့ခေတ် ကမ္ဘာကြီးရဲ့အကြောင်းက ရေးလို့မကုန်နိုင်စရာပါပဲ။

ဒီကြားထဲကမှ ရာသီဥတုဖောက်ပြန်မှု အဆိုးရွားဆုံးရင်ဆိုင်နေရတဲ့ ကိုယ့်နိုင်ငံမှာလည်း သစ်ပင်တွေ၊ သစ်တောတွေ ပိုထိန်းသိမ်းနိုင်အောင်လိုအပ်တဲ့ ဥပဒေအထိန်းအကွပ်တွေ ပိုအသက်ဝင် ထိရောက်လာဖို့၊ လူတစ်ဦးချင်းစီရဲ့ သစ်တောနဲ့သစ်ပင်အပေါ်မှာ ချစ်မြတ်နိုးစိတ်တွေ ခိုဝင်လာဖို့၊ ဂေဟစနစ်ပျက်စီးစေမယ့် သစ်တော၊သစ်ပင်နဲ့နွယ်တဲ့ အပြုအမူ၊ အလေ့အထတွေကိုအမြန်ဆုံးပြုပြင်နိုင်ဖို့ ကိုယ်တိုင်ထိန်းသိမ်းနေထိုင်ရုံသာမက ဆုံးဖြတ်ဆောင်ရွက်နိုင်မယ့် အဖွဲ့အစည်းတွေကိုလည်းတိုက်တွန်းဖို့ လိုအပ်နေသေးတယ်ဆိုတာသတိပြုမိတဲ့အကြောင်းထည့်ရေးမိပါတယ်။

သစ်တောတွေ၊ သစ်ပင်တွေကို မြတ်နိုးတန်ဖိုးထားဖို့ အရေးတကြီးလိုအပ်နေတဲ့ သဘာဝဘေးအန္တရာယ်ရဲ့ ကြီးမားတဲ့ ခြိမ်းခြောက်မှုအောက်မှာ ရှိနေတဲ့ ဒီနေ့ကမ္ဘာကြီးမှာ သစ်ပင်တွေခုတ်လှဲရမယ်လို့ ဆုံးဖြတ်ချက်တွေ ထွက်လာတိုင်း ကျွန်မတော့ သွေးပျက်မိဆဲပါ။

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် မုံရွာ-သာစည်-နောင်ကြီးအိုင်-ရွှေဘိုခရိုင်ချင်းဆက်လမ်းကို တိုးချဲ့ဖို့အတွက် အဲဒီလမ်းဘေးဝဲ၊ ယာက နှစ်ပေါင်းတစ်ရာကျော်သက်တမ်းရှိ အရိပ်ရအပင်ပေါင်း နှစ်ရာကျော် ခုတ်ပစ်ရတော့မယ်လို့ သတင်းများမှာ တွေ့လိုက်ရပါတယ်။

သစ်ပင်တစ်ပင်ဖြစ်ဖို့ မလွယ်သလို သစ်ပင်ကြီးတစ်ပင်ဖြစ်ဖို့ ပိုလို့တောင် ခက်ခဲတယ်ဆိုတာလည်း အားလုံးအသိပါ။ အပင်တွေ ရှင်သန်အောင်နဲ့ ဒီအပင်တွေကထိန်းကျောင်းပေးနေတဲ့ ဂေဟစနစ်တွေရဲ့ အပြန်အလှန်အကျိုးပြုမှုတွေကို နားလည်လက်ခံကြသည့်တိုင် ဖွံ့ဖြိုးမှုလုပ်ငန်းတွေ ဆောင်ရွက်ရာမှာ သစ်ပင်များခုတ်လှဲမပစ်ဘဲ ဖြစ်နိုင်တဲ့အခြားနည်းလမ်းတစ်ခုကို မဖြစ်မနေ ထည့်သွင်းစဉ်းစားစေချင်ပါတယ်။

သက်တမ်းတစ်ရာကျော်ရှိနေတဲ့ အပင်နှစ်ရာကျော်ဆိုတာ တော်တော်များပြားတဲ့ပမာဏပါ။ အတိတ်ကလူသားတွေ တည်ဆောက်ဖန်တီးခဲ့တဲ့ ရန်ကုန်မြို့ရဲ့ သက်တမ်းတစ်ရာကျော်ရှိတဲ့ အဆောက်အအုံတွေကို အလေးပြုထိန်းသိမ်းနေတဲ့အချိန်မှာအတိတ်လူသားတွေရဲ့ အနာဂတ်လက်ဆောင်အဖြစ် ပြုစုပျိုးထောင်ခဲ့တဲ့ ဒီသစ်ပင်တွေကိုလည်း မခုတ်ထွင်ပစ်စေချင်ပါဘူး။

အညာဒေသဆိုတာ အလွန်ပူပြင်းတဲ့အရပ်ပါ။ သစ်ပင်တစ်ပင်တိုင်းမှာ တန်ဖိုးတွေရှိနေဆဲဖြစ်ပြီး အသက်နဲ့အမျှ ပြုစုပျိုးထောင်ရင်တောင် ဖြစ်လာစရာမရှိတဲ့ သက်တမ်းရာကျော်သည့်တိုင် အကိုင်းအခက်ဝေစည်နေဆဲ သစ်ပင်ကြီးတွေကို ခုတ်လှဲမပစ်စေသင့်ပါ။

ကျွန်မတို့ရဲ့ သစ်ပင်လေးတွေ ကမ္ဘာမြေပြင်မှာ ဆက်လက်ရှင်သန်ခွင့်ရနိုင်ပါစေဟုဆန္ဒပြုရင်း . . .။ ။



**မုံရွာ ဇူလိုင် ၁၅**

# မုံရွာ-သာစည်-နောင်ကြီးအိုင်လမ်းပေါ်ရှိ သစ်ပင်ကြီး ၂၀၀ ကျော်ခုတ်မည့်အပေါ် ဒေသခံများ၏သဘောထားကောက်ခံ

မုံရွာ-သာစည်-နောင်ကြီးအိုင် လမ်းပေါ်ရှိ မုံရွာပညာရေးကောလိပ်အလွန်မှ ကျောက်စစ်ပုံတောင်ရွာအနီးထိ လေးမိုင်ကျော်အတွင်းရှိ သက်တမ်းရင့် သစ်ပင်ကြီးများ ခုတ်မည့်အစီအစဉ်ကို စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၏ အကြံပြုချက်ဖြင့် စစ်ကိုင်းတိုင်းဒေသကြီး လူငယ်ကွန်ရက်မှ လမ်းတစ်လျှောက်ကျေးရွာသုံးရွာမှဒေသခံများ၊ မုံရွာမြို့ပေါ် ဒေသခံများ၏ သဘောထားကို ဇူလိုင် ၁၀ ရက်၊ ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် ကောက်ယူခဲ့ကြောင်း ကွန်ရက်ဥက္ကဋ္ဌ ကိုဇော်သူရိန်ထွန်းထံမှ သိရသည်။

မုံရွာ-သာစည်-နောင်ကြီးအိုင်လမ်း ချဲ့မည့်စီမံချက်ကို မသိရှိသူ ၄၁ ရာခိုင်နှုန်းရှိပြီး သိရှိသူ ၅၉ ရာခိုင်နှုန်း ရှိသလို အဆိုပါလမ်းကို အသုံးပြုသူ ဖြစ်ပါသလားဟူသော အမေးကို ဖြေထားရာတွင် အသုံးပြုသူမှာ ၄၅ ရာခိုင်နှုန်း၊ အမြဲတမ်းအသုံးပြုသူမှာ ၅၃ ရာခိုင်နှုန်း၊ မသိသည်မှာ တစ်ရာခိုင်နှုန်းနှင့် အသုံးမပြုပါဖြေသူ တစ်ရာခိုင်နှုန်းရှိသည်။ မည်သည့်ယာဉ်ဖြင့် အသုံးပြုပါသလဲဟူသည်ကို ကားကြီး၊ ကားငယ်နှင့် ထော်လာဂျီတို့မှာ သုည ရာခိုင်နှုန်းစီ၊ သုံးဘီးမှာ ခြောက်ရာခိုင်နှုန်း၊ ဆိုင်ကယ်မှာ ၇၉ ရာခိုင်နှုန်း၊ စက်ဘီး ၁၅ ရာခိုင်နှုန်းရှိပြီး လမ်းချဲ့ရန် သက်တမ်းရင့်သစ်ပင်များကို ခုတ်သင့်ပါသလားဟူသော သဘောထားကို ကောက်ခံခဲ့ရာတွင် ၁၇ ရာခိုင်နှုန်းက မသိပါဖြေထားပြီး အခြားနည်းမရှိမှသာ ခုတ်သင့်သူက ၁၀ ရာခိုင်နှုန်း၊ အခြားနည်းလမ်း အသုံးပြုသင့်သူက ၁၉ ရာခိုင်နှုန်း၊ မခုတ်သင့်သူက ၄၆ ရာခိုင်နှုန်းနှင့် ခုတ်သင့်သူက ရှစ်ရာခိုင်နှုန်းရှိကြောင်း သိရသည်။

ထို့အပြင် လက်ရှိလမ်းကျဉ်းနေခြင်းကြောင့် ကျောက်စစ်ပုံတောင်ရွာ နေသူများအတွက် မည်သည့် အခက်အခဲများ ဖြစ်ပေါ်စေသနည်းဟု ကောက်ခံခဲ့ရာတွင် ၂၂ ရာခိုင်နှုန်းသည် မသိပါဟုဖြေသလို ၃၅ ရာခိုင်နှုန်းက ကြီးမားသော အခက်အခဲမရှိကြောင်း၊ ၁၁ ရာခိုင်နှုန်းမှာ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ လူမှုရေးတို့ကို ထိခိုက်စေကာ ၂၈ ရာခိုင်နှုန်းက ခရီးသွားလာသည့် အချိန်များ နှောင့်နှေးခြင်းနှင့်အတူ လေးရာခိုင်နှုန်းသည် ကုန်စည်များ ပို့ဆောင်ရာတွင် များစွာအခက်အခဲဖြစ်ကြောင်း သိရသည်။

လက်ရှိလမ်းကို ပိုမိုကောင်းမွန်အောင် မည်ကဲ့သို့ပြုလုပ်သင့်သည်ဟု သင်ယူဆပါသနည်းဟူသော မေးမြန်းချက်ကို ၁၃ ရာခိုင်နှုန်းက မသိသလို တစ်လမ်းမောင်း နှစ်ရာခိုင်နှုန်း၊ နှစ်လမ်းမောင်းကို ၂၆ ရာခိုင်နှုန်း၊ အသွားလမ်း၊ အပြန်လမ်းကို ၅၉ ရာခိုင်နှုန်း ဆန္ဒပြုထားကြကြောင်း သိရသည်။

လောလောဆယ် လမ်းချဲ့ရန်အတွက် အရေးကြီးသည်ဟု ထင်ပါသလားကို ကောက်ခံရာတွင် ၁၉ ရာခိုင်နှုန်းက မသိသလို၊ ၂၃ ရာခိုင်နှုန်း အရေးမကြီးသေးကြောင်း၊ ၄၄ ရာခိုင်နှုန်းက အရေးကြီးသည်ဟုမြင်ပြီး ၁၄ ရာခိုင်နှုန်းက အလွန်အရေးကြီးသည်ဟုမြင်ကြောင်း သိရသလို လက်ရှိလမ်းကိုချဲ့ရန်အတွက် တင်ပြတောင်းဆိုခြင်း(သို့) တိုင်ပင်ခြင်းများ ပြုလုပ်ခဲ့ပါသလား၊ ပြုလုပ်ခဲ့သည်ဆိုပါက မည်သူတို့နှင့်နည်းဆိုသော မေးမြန်းကောက်ယူမှုအပေါ် ၈၉ ရာခိုင်နှုန်းက မပြုလုပ်ခဲ့ကြောင်း ဖြေထားသလို မိသားစု(သို့) မိတ်ဆွေသူငယ်ချင်းမှာ လေးရာခိုင်နှုန်း၊ ကျေးရွာအုပ်ချုပ်ရေးမှူးမှာ သုံးရာခိုင်နှုန်း၊ ဒေသဆိုင်ရာ အာဏာပိုင် သုံးရာခိုင်နှုန်း၊ လွှတ်တော် သုညရာခိုင်နှုန်း၊ အစိုးရအနေနှင့် တစ်ရာခိုင်နှုန်း ကောက်ယူရရှိကြောင်း သိရသည်။

မိမိတို့လမ်းချဲ့ခြင်းနှင့် အခြားလမ်းမရှိသော ရွာအားလမ်းဖောက်ခြင်း နှစ်ခုဆိုပါက မည်သည်ကို ရွေးမည်နည်းဟူသောအမေးကို သဘောထားကောက်ခံရာတွင် ၂၄ ရာခိုင်နှုန်းမှာ မသိပါဟု ဖြေသလို ၃၃ ရာခိုင်နှုန်းမှာ လမ်းမရှိသောရွာအား ဦးစားပေးသင့်ကြောင်း သဘောထားပေးခဲ့ပြီး ၄၃ ရာခိုင်နှုန်းမှာ မိမိတို့လမ်းကိုသာ ချဲ့လိုသူများအဖြစ် တွေ့ခဲ့ရကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# နိုင်ငံတော်သမ္မတဦးထင်ကျော် အာရှ - ဥရောပ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်လာသည့် နိုင်ငံခေါင်းဆောင်များနှင့် သီးခြားစီတွေ့ဆုံ

**အူလန်ဘာတာ ဇူလိုင် ၁၅**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးထင်ကျော်သည် ဇူလိုင် ၁၅ ရက် ဒေသစံတော်ချိန် နံနက် ၁၀ နာရီခွဲတွင် အူလန်ဘာတာမြို့ရှိ ရှန်ဂရီလာဟိုတယ် ၌ ခရိုအေးရှားနိုင်ငံသမ္မတ မစ္စ ကိုလင်ဒါဂဗာ ကီတရိုဗစ်နှင့်လည်းကောင်း**(ယာပုံ)**၊ နံနက် ၁၁ နာရီတွင် နော်ဝေနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဘော့ဘရမ်းနှင့်လည်းကောင်း၊ မွန်းတည့် ၁၂ နာရီတွင် မွန်ဂိုလီးယားနိုင်ငံ သမ္မတ အယ်လ်ဘတ်ခ် ဒေါ့ဂ်ျ ဇတ်ခ်ဟီးလ်ယာဒ်နှင့် လည်းကောင်း၊ မွန်းလွဲ ၂ နာရီခွဲတွင် အင်ဒိုနီးရှားနိုင်ငံ ဒုတိယသမ္မတ မစ္စတာ ဂျတ်ဖူစ် ခါကာနှင့်လည်းကောင်း သီးခြားစီတွေ့ဆုံခဲ့သည်။

အဆိုပါတွေ့ဆုံပွဲများ၌ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု တိုးတက်ခိုင်မြဲရေးဆိုင်ရာ ကိစ္စရပ်များကို အလေးထားဆွေးနွေးကြသည်။

**(သတင်းစဉ်)**

◆



# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် နေပြည်တော်ရှိ တပ်မတော်စစ်သမိုင်းပြတိုက်အတွင်း လှည့်လည်ကြည့်ရှုလေ့လာ

**နေပြည်တော် ဇူလိုင် ၁၅**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ တပ်မတော်စစ်သမိုင်းပြတိုက်သို့ရောက်ရှိရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့သည် ဧည့်ကြိုဆောင်အတွင်း ခင်းကျင်းပြသထားသော ခေတ်အဆက်ဆက် တာဝန်ထမ်းဆောင်ခဲ့ကြသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ ဓာတ်ပုံပြကွက်၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ၏ ဓာတ်ပုံပြကွက်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) တာဝန်ထမ်းဆောင်ခဲ့ကြသူများ၏ ဓာတ်ပုံပြကွက်၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့် ကာကွယ်ရေးဦးစီးချုပ်(လေ)တာဝန်ထမ်းဆောင်ခဲ့ကြသူများ၏ ဓာတ်ပုံပြကွက်များကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့သည် ရှေးခေတ်မြန်မာ့တပ်မတော် စတင်ပေါ်ပေါက်လာချိန်မှစ၍ မျက်မှောက်ကာလအထိ ခင်းကျင်းပြသထားသည့် စစ်သမိုင်းပြတိုက်နှင့် တပ်မတော်မော်ကွန်းတိုက်မှူးရုံးပြခန်းအတွင်းရှိ ရှေးဟောင်းကျောက်ဖြစ်ရုပ်ကြွင်းများ၊ ရှေးခေတ်တပ်မတော်သုံးပစ္စည်းများနှင့် လက်နက်ကိရိယာများ၊ နယ်ချဲ့ဆန့်ကျင်ရေးကာလ မျိုးချစ်သူရဲကောင်းများ၏ အသုံးအဆောင်ပစ္စည်းများနှင့် လက်နက်ကိရိယာများ၊ နယ်ချဲ့အင်္ဂလိပ်တို့အသုံးပြုခဲ့သော လက်နက်ပစ္စည်းများ၊ ဗမာ့လွတ်လပ်ရေးတပ်မတော်နှင့် ဗမာ့ကာကွယ်ရေးတပ်မတော်တို့တွင် အသုံးပြုခဲ့သော လက်နက်များနှင့် ပစ္စည်းကိရိယာများ၊ ဗိုလ်ချုပ်အောင်ဆန်း အသုံးပြုခဲ့သောပစ္စည်းများ၊ လွတ်လပ်ရေး ကြိုးပမ်းမှုကာလအတွင်း ဗြိတိသျှနှင့်ချုပ်ဆိုခဲ့သော သမိုင်းဝင်စာချုပ် စာတမ်းများ၊ လွတ်လပ်ရေးရပြီးနောက် မြန်မာ့တပ်မတော်မှ ဆင်နွှဲခဲ့သော သမိုင်းဝင်တိုက်ပွဲကြီးများနှင့် စစ်ဆင်ရေးများ၊ အစိုးရအဆက်ဆက် ဆောင်ရွက်ခဲ့သော ပြည်တွင်းငြိမ်းချမ်းရေးဆောင်ရွက်ချက်များ၊ တပ်မတော်ခေါင်းဆောင်များအား ပြည်ပနိုင်ငံများနှင့် တိုင်းရင်းသားခေါင်းဆောင်များက ပေးအပ်ခဲ့သော လက်ဆောင်ပစ္စည်းများ ခင်းကျင်းပြသထားမှုကို လှည့်လည်ကြည့်ရှုလေ့လာကြရာ မော်ကွန်းတိုက်မှူးနှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် စစ်သမိုင်းပြတိုက် ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။

နေပြည်တော်ရှိ တပ်မတော်စစ်သမိုင်းပြတိုက်တွင် တပ်မတော်(ကြည်း)မှ ခင်းကျင်းပြသထားသည့် ပြခန်းဆောင်ခြောက်ဆောင်၊ တပ်မတော်(ရေ)မှ ခင်းကျင်းပြသထားသည့် ပြခန်းဆောင် သုံးဆောင်၊ တပ်မတော်(လေ)မှ ခင်းကျင်းပြသထားသည့် ပြခန်းဆောင် သုံးဆောင်၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) ပြင်ပပြကွက်များဖြင့် ခေတ်အဆက်ဆက် အသုံးပြုခဲ့သည့် စစ်သုံးယာဉ်များနှင့် စစ်သုံးပစ္စည်းများကို စုံလင်စွာပြသထားသည်။

**(သတင်းစဉ်)**



## လျှပ်စစ်ဓာတ်အား ယာယီပြတ်တောက်မည်

**နေပြည်တော် ဇူလိုင် ၁၅**

မိုးရာသီကာလအတွင်း ဓာတ်လိုက်မှုအန္တရာယ်ကင်းဝေးရေးအတွက် ရုပ်ထွေး Service ဝါယာကြိုးများ ရှင်းလင်းခြင်း၊ လျှပ်စစ်အန္တရာယ်လုံခြုံစိတ်ချရသော လျှပ်ကာဓာတ်အားလိုင်းကြိုးများဖြင့် လဲလှယ်တည်ဆောက်ခြင်း၊ လျှပ်စစ်ဓာတ်ကြိုးများနှင့် မလွတ်ကင်းသော သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း လုပ်ငန်းများ ဆောင်ရွက်နေစဉ် ဇူလိုင် ၁၆ ရက်တွင် ဒဂုံအရှေ့၊ ဒဂုံတောင်၊ မင်္ဂလာတောင်ညွန့်၊ မြောက်ဥက္ကလာ၊ သာကေတ၊ သဃ်န်းကျွန်း၊ ရန်ကင်း၊ မရမ်းကုန်း၊ လှိုင်၊ ကမာရွတ်၊ ကြည့်မြင်တိုင်၊ ဗဟန်း၊ အလုံ၊ သန်လျင်၊ ကျောက်တန်း၊ သုံးခွ၊ တွံတေး၊ ဒလ၊ ကော့မှူး၊ ကွမ်းခြံကုန်း၊ ဆိပ်ကြီးခနောင်တို၊ မင်္ဂလာဒုံ၊ လှိုင်သာယာ၊ ရွှေပြည်သာ၊ မှော်ဘီ၊ ထောက်ကြန့်၊ လှည်းကူး၊ ဖောင်ကြီး၊ ထန်းတပင်၊ တိုက်ကြီး၊ ဥက္ကံ၊ အဖျောက်၊ အင်းတိုင်၊ မြောင်းတကာမြို့နယ်များ၏ ရပ်ကွက်အချို့၊ CNG ဆိုင်အချို့နှင့် စက်မှုဇုန်အချို့တို့တွင် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအတွင်း အချိန်ပိုင်း ဓာတ်အားပြတ်တောက်မှုများရှိမည်ဖြစ်သည်။

ဇူလိုင် ၁၇ ရက်တွင် ဒဂုံတောင်၊ မရမ်းကုန်း၊ လှိုင်၊ ဒဂုံ၊ အလုံ၊ လသာ၊ လမ်းမတော်၊ သန်လျင်၊ အင်းစိန်၊ လှိုင်သာယာ၊ မှော်ဘီ၊ တိုက်ကြီး၊ မြောင်းတကာ၊ ရွှေပြည်သာမြို့နယ်များ၏ ရပ်ကွက်အချို့၊ CNG ဆိုင်အချို့နှင့် စက်မှုဇုန်အချို့တို့တွင် နံနက် ၉ နာရီမှ ၁၂ နာရီအတွင်း ယာယီဓာတ်အား ပြတ်တောက်မှုများ ရှိမည်ဖြစ်သည်။

အဆိုပါ ဓာတ်အားပြတ်တောက်မှုများသည် မြို့နယ်များ၏ ရပ်ကွက်အချို့၊ နေရာအချို့တို့တွင်သာ အချိန်ပိုင်း ဓာတ်အားပြတ်တောက်မည်ဖြစ်ပြီး မြို့နယ်တစ်မြို့နယ်လုံး လျှပ်စစ်မီးပြတ်တောက်မှုမျိုး မဟုတ်ပါကြောင်း ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ အများပြည်သူများသို့ အသိပေးပန်ကြားထားသည်။

**(ကြေးမုံ)**

## အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ်၌ ဒုတိယအကြိမ်မြောက် အနုပညာပြပွဲ ကျင်းပမည်

**ရန်ကုန် ဇူလိုင် ၁၅**

အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ်၏ ကျောင်းသား ကျောင်းသူများက စုစည်းတင်ပြမည့် အနုပညာပြပွဲကို ဒုတိယအကြိမ်မြောက်အဖြစ် ဇူလိုင် ၂၀ ရက်မှ ၂၂ ရက်အထိ သုံးရက်တိုင်တိုင် ဗိုလ်တထောင်မြို့နယ် (၅၅)လမ်းအောက်ဘလောက်ရှိ အမျိုးသားစီမံခန့်ခွဲမှုပညာ ဒီဂရီကောလိပ်အားကစားခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြပွဲတွင် ကျောင်းသားကျောင်းသူများ၏ ကိုယ်ပိုင်ဖန်တီးမှုအနုပညာလက်ရာဖြစ်သော ဓာတ်ပုံ၊ ပန်းချီ၊ လက်မှုပညာနှင့် စာပေအနုပညာကဏ္ဍများ ပြသမည်ဖြစ်သည်။ ဓာတ်ပုံပေါင်း ၇၀ ကျော်၊ ပန်းချီကားပေါင်း ၅၀ ကျော်၊ ကာတွန်းကားပေါင်း ၁၀၀ နီးပါး၊ ကဗျာနှင့်ဝတ္ထုတိုပေါင်း ၁၀၀၀ ခန့်စီနှင့် လက်မှုပစ္စည်းပေါင်း ၄၀ ခန့်ကို ထည့်သွင်းပြသသွားမည်ဖြစ်ပြီး ပြပွဲ၏အမည်ကို ‘စကြဝဠာထက် ပိုသောအနုပညာ’ “Art-More-Sphere” ဟုပေးထားကြောင်း သိရသည်။

ပထမအကြိမ်ကျင်းပခဲ့စဉ်က ကျောင်းသား ကျောင်းသူဦးရေ ၃၀ ကျော်၏ဓာတ်ပုံပေါင်း ၃၅ ပုံ၊ ပန်းချီကားပေါင်း ၃၀၊ ကဗျာပုဒ်ရေ ၅၀ ကျော်ဖြင့် ပြသခဲ့သည်။ ယင်းအနုပညာပြပွဲမှတစ်ဆင့် ကျောင်းသား ကျောင်းသူများအနေဖြင့် ဓာတ်ပုံ၊ ပန်းချီနှင့် အနုပညာကဏ္ဍများတွင် စိတ်ဝင်တစား ကြိုးစားအားထုတ်လျက်ရှိကြောင်းနှင့် ညီညွတ်သောအနုပညာခံစားမှုကို ထုတ်ဖော်ပြသရန် ရည်ရွယ်ကြောင်းသိရသည်။ ယခုအနုပညာပြပွဲကို Soulmate Naturals Co.,Ltd. မှ အဓိကကူညီပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ပြပွဲပြသချိန်မှာ နံနက် ၁၀ နာရီမှ ညနေ ၃ နာရီအထိဖြစ်ပြီး စိတ်ပါဝင်စားသူမည်သူမဆို လာရောက်အားပေး ကြည့်ရှုနိုင်ကြောင်းသိရသည်။

**ချိုးမေစိုး**

## ဒိုက်ဦးမြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါ အသိပညာပေးဆွေးနွေး

**ဒိုက်ဦး ဇူလိုင် ၁၅**

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ သွေးလွန်တုပ်ကွေးရောဂါအသိပညာပေး ဆွေးနွေးပွဲကို ဇူလိုင် ၁၄ ရက်က ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ စောမြထွန်းက သွေးလွန်တုပ်ကွေးရောဂါအကြောင်း သိကောင်းစရာများကိုလည်းကောင်း၊ မွေးစာရင်းအကြောင်း သိကောင်းစရာများကို လည်းကောင်း ပြောကြားသည်။

ထို့နောက် မြို့နယ်သူနာပြုအဆင့် (၁) ဒေါ်မိမိခိုင်က ကျောင်းကျန်းမာရေးလုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**ကျော်ကျော်(IPRD)**

○ ရှေ့ဖုံးမှ

(၁၁)ကြိမ်မြောက် ASEM ထိပ်သီးအစည်းအဝေးတွင် အူလန်ဘာတာကြေညာချက်နှင့် ဥက္ကဋ္ဌနိုင်ငံ၏ ထုတ်ပြန်ချက်ကို ထုတ်ပြန်သွားမည်ဖြစ်ပါကြောင်း၊ ယင်းကြေညာချက်နှင့် ထုတ်ပြန်ချက်များသည် ASEM ၏ အတိတ်ကာလဆောင်ရွက်ချက်များကို အကဲဖြတ်သွားမည်ဖြစ်ပြီး အနာဂတ်ဆောင်ရွက်ချက်ကို စီစဉ်ရေးဆွဲကာ ဆိုင်းငံ့ထားသည့် ကိစ္စရပ်များ၊ ရရှိနိုင်သည့်အဖြေများနှင့်ပတ်သက်ပြီး လက်ရှိဆွေးနွေးမည့်အခြေအနေကို ထင်ဟပ်စေမည်ဖြစ်ပါကြောင်း၊ နောက်ဆက်တွဲလုပ်ဆောင်ချက်များနှင့် လာမည့်ခြေလှမ်းများအတွက် စီမံချက်ရေးဆွဲမည်ဟုလည်း မိမိယုံကြည်ပါကြောင်း၊ အဖွဲ့ဝင်နိုင်ငံများက ယင်းကိစ္စရပ်များတွင် စိတ်အားထက်သန်စွာအလေးပေးပြီး အပြုသဘောအဆောင်ဆုံးဖြင့် ပါဝင်ဆွေးနွေးမည်ဆိုသည့် မိမိ၏မျှော်လင့်ချက်ကို ထပ်လောင်းပြောကြားလိုပါကြောင်း ပြောကြားသည်။

နိုင်ငံတော်သမ္မတ ဦးထင်ကျော်က ပြောကြားရာတွင် (၁၁)ကြိမ်မြောက် အာရှ-ဥရောပ ထိပ်သီးအစည်းအဝေးတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံ၏ညှိနှိုင်းရေးမှူးအဖြစ် အဖွင့်စကားပြောကြားခွင့်ရသည့်အတွက် များစွာဂုဏ်ယူမိပါကြောင်း၊ ယခုထိပ်သီးအစည်းအဝေးသည် ASEM အဖွဲ့တည်ထောင်သော နှစ်(၂၀)မြောက်နှစ်ပတ်လည်နှင့် တိုက်ဆိုင်သည့်အတွက်အမှန်တကယ်ထူးခြားပါကြောင်း။

နိုင်ငံတော်သမ္မတအဖြစ်တာဝန်ယူပြီး သုံးလတာကာလအတွင်း အာရှ-ဥရောပ ထိပ်သီးအစည်းအဝေးကို ပထမဆုံးအကြိမ် တက်ရောက်လာခြင်းဖြစ်သည့်အတွက် ယနေ့ကြွရောက်လာသည့် ဂုဏ်သရေရှိခေါင်းဆောင်များနှင့် ကိုယ်စားလှယ်တော်အားလုံးကို နှုတ်ခွန်းဆက်သလိုက်ပါကြောင်း၊ တိုက်ကြီးနှစ်ခုမှ လာရောက်သည့်ခေါင်းဆောင်များနှင့် တစ်ဦးကိုတစ်ဦးသိရှိနိုင်ရေးအတွက် ဤအခမ်းအနားမှ ရသည့်အခွင့်အရေးကိုတန်ဖိုးထားပါကြောင်း။

ASEM သည် ၁၉၉၆ ခုနှစ်ကကျင်းပခဲ့သော ပထမအကြိမ်ထိပ်သီးအစည်းအဝေးမှ ၂၆ နိုင်ငံပါဝင်သောအဖွဲ့ငယ်မှတစ်ဆင့် ပေါ်ပေါက်လာပြီး နှစ် ၂၀ အကြာ၌ ၅၃ နိုင်ငံအထိ တိုးတက်လာသည်ကိုသိရှိရသည့်အတွက် ဝမ်းမြောက်ပါကြောင်း၊ ယင်းမှာ ASEM ၏လုပ်ငန်းစဉ်၌ နိုင်ငံများ၏ စိတ်ဝင်စားမှုမြင့်တက်လာခြင်းကို ပြသသည်ဟု မိမိဆိုလိုချင်ပါကြောင်း။

စွန့်စားလုပ်ဆောင်မှုများနှင့်အတူ မိတ်ဖက်အရေးအတွက် တိုးတက်များပြားလာချိန်တွင် ASEM အနေဖြင့် လွန်ခဲ့သော နှစ် ၂၀ ကာလအတွင်း အဘက်ဘက်မှချိတ်ဆက်မှုကို မြှင့်တင်ခြင်းဖြင့် အာရှနှင့် ဥရောပအား ပိုမိုနီးကပ်သွားအောင် လုပ်ဆောင်လာနိုင်ခဲ့ပါကြောင်း၊ ASEMသည် အစိုးရတာဝန်ရှိပုဂ္ဂိုလ်များသာမက ပါလီမန်အဖွဲ့ဝင်များ၊ လုပ်ငန်းရှင်များနှင့် နှစ်တိုက်လုံးရှိ ပြည်သူများကိုစုစည်းနိုင်ခဲ့ပါကြောင်း။

ASEP၊ ASBF နှင့် ASPF ကဲ့သို့သော ဖိုရမ်များမှတစ်ဆင့် အာရှ-ဥရောပ ထိပ်သီးအစည်းအဝေးအနေဖြင့်




(၁၁)ကြိမ်မြောက် အာရှ-ဥရောပ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်လာသော နိုင်ငံတော်သမ္မတ ဦးထင်ကျော်အား မွန်ဂိုးလီးယားနိုင်ငံသမ္မတက ကြိုဆိုနှုတ်ဆက်စဉ်။ (ဓာတ်ပုံ-ASEM MONGOLIA)

တိုက်နှစ်တိုက်အကြား နားလည်မှုဖော်ဆောင်ခြင်း၊ နိုင်ငံရေးဆွေးနွေးပွဲမြှင့်တင်ခြင်း၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် လူမှု-ယဉ်ကျေးမှုဖလှယ်ခြင်းကို ပိုမိုလုပ်ဆောင်ခြင်းနှင့် အခြားဘက်စုံလုပ်ငန်းစဉ်များကိုမြှင့်တင်ခြင်း စသည်တို့ကို ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

ပြီးခဲ့သောနှစ်များအတွင်း ASEM အနေဖြင့် အာရှ-ဥရောပဖောင်ဒေးရှင်း၏ လှုပ်ရှားမှုများမှတစ်ဆင့် ပြည်သူအချင်းချင်းဆက်သွယ်မှုကို ပိုမိုဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ASEM ထိပ်သီးအစည်းအဝေး၏ တရားဝင်မဟုတ်သည့်အပြင်အဆင်သည် နိုင်ငံတကာအသိုင်းအဝိုင်းရင်ဆိုင်နေရသည့် စိန်ခေါ်မှုများကိုမိမိတို့မည်ကဲ့သို့ အတူတကွဖြေရှင်းနိုင်သည်ဆိုသည့် အမြင်များဖလှယ်ရန် အသုံးဝင်သည့် မူဝါဒတစ်ရပ် မိမိတို့အားလုံးကိုထောက်ကူပေးပါကြောင်း။

ASEM အဖွဲ့၏ သက်တမ်းမှာဆယ်စုနှစ်သုံးခုအတွင်း ဝင်ရောက်လာပြီဖြစ်သည့်အတွက် မိမိတို့အနေဖြင့် ချိတ်ဆက်မှု၊ စဉ်ဆက်မပြတ်သော ဖွံ့ဖြိုးတိုးတက်မှုအတွက် ၂၀၃၀ ပြည့်နှစ် လုပ်ငန်းစဉ်၊ အစဉ်အလာမဟုတ်သော လုံခြုံရေးဆိုင်ရာစိန်ခေါ်မှုများ၊ တရားဥပဒေစိုးမိုးရေး၊ မူးယစ်မှောင်ခိုတိုက်ဖျက်ရေး၊ အကျင့်ပျက်ချစားမှုတိုက်ဖျက်ရေး၊ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုနှင့် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုအပါအဝင် ဘုံအကျိုးစီးပွားနယ်ပယ်များအပေါ် အလေးထားမှုကိုတိုးချဲ့လုပ်ဆောင်သင့်ပါကြောင်း။

နိုင်ငံများတွင်ခြားနားသည့်အမြင်များနှင့် သဘောထားများရှိပြီး အချုပ်အခြာအာဏာထိန်းသိမ်းမှုကိုထည့်သွင်းစဉ်းစားရန် ခြားနားသောရည်မှန်းချက်များချမှတ်မှုနှင့် ပြည်သူများ၏ အကျိုးစီးပွားကိုအားပေးနေသည်ကို တွေ့မြင်ရသည်မှာသဘာဝကျပါကြောင်း။

သို့သော်လည်း ယခုလိုပြုလုပ်မှုများကိုအဟန့်အတားတစ်ခု သို့မဟုတ် စိန်ခေါ်မှုတစ်ခုအဖြစ် မရှုမြင်သင့်ဘဲ မိမိတို့၏ဘုံအကျိုးစီးပွားကို ရှေ့ဆက်လုပ်ဆောင်ရန် မိမိတို့ကြားမှာရှိသည့် မတူညီမှုများကိုဖြေရှင်းပေးမည့် ကြီးမားသော အခွင့်အလမ်းတစ်ရပ်အဖြစ်သာ ရှုမြင်သင့်ပါကြောင်း။

အပြန်အလှန်အကျိုးဖြစ်ထွန်းစေရန်၊ ASEM မိတ်ဖက်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုခိုင်မာအားကောင်းလာစေရန် မိမိတို့ဆက်လက်ကြိုးပမ်းသွားမည်ဖြစ်ပါသည်ဟု မိမိအနေဖြင့် ASEM မိတ်ဖက်နိုင်ငံများကို အခိုင်အမာပြောကြားလိုပါကြောင်း။

ယင်းနှင့်ပတ်သက်ပြီး လာမည့် ASEM နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကို ၂၀၁၇ ခုနှစ်လယ်တွင် မိမိတို့အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်သည်ဆိုသည့် ကတိကဝတ်ကို မိမိအနေဖြင့် ထပ်လောင်းအတည်ပြုလိုပြီး ယင်းအစည်းအဝေးက ASEM ဝန်ကြီးများကို မိမိတို့နိုင်ငံတွင် ဖြစ်ပျက်နေသည့် စိတ်လှုပ်ရှားဖွယ်ရာ ဒီမိုကရေစီအသွင်ကူးပြောင်းမှုကို တွေ့ကြုံစေမည်ဖြစ်ပါကြောင်း။

ASEM အဖွဲ့နှင့် ဆက်စပ်မှုများမှတစ်ဆင့် မိမိတို့မိတ်ဖက်ပြုလုပ်မှုသည် တိုက်ကြီးနှစ်တိုက်နေ ပြည်သူများသာမက ကမ္ဘာပေါ်ရှိ ပြည်သူအများစု၏ အကျိုးစီးပွားကို ယခုထက်ပို ရှေ့ဆက်လုပ်ဆောင်ရန် မိမိတို့၏ စုပေါင်းကြိုးပမ်းမှုကို အထောက်အကူပြုမည်ဖြစ်ပါကြောင်း။

ဤအရေးပါသည့် ထိပ်သီးအစည်းအဝေးမှ အကျိုးဖြစ်ထွန်းသည့် ရလဒ်များထွက်ပေါ်လာရန်အတွက် အတူတကွလုပ်ဆောင်ရန် မိမိတို့အဆင်သင့်ရှိပါသည်ဟု ထပ်လောင်းပြောကြားလိုပါကြောင်း ပြောကြားသည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် အာရှ-ဥရောပနိုင်ငံများမှ နိုင်ငံ့ခေါင်းဆောင်များနှင့်အတူ (၉)ကြိမ်မြောက် အာရှ-ဥရောပပါလီမန် မိတ်ဖက်အဖွဲ့ဝင်များအစည်းအဝေး (The Ninth Asia-Europe Parliamentary Partnership Meeting - ASEP 9)၊ အာရှ-ဥရောပစီးပွားရေးဖိုရမ် (The Asia-Europe Business Forum - AEBF)၊ ပုံစံသစ်အေဆမ် (Model ASEM)နှင့် အာရှ-ဥရောပ ပြည်သူ့ဖိုရမ်(Asia – Europe People's Forum - AEPF) တို့မှ ကိုယ်စားလှယ်များနှင့် တွေ့ဆုံပွဲသို့တက်ရောက်သည်။

ထို့နောက် မျက်နှာစုံညီထိပ်သီးအစည်းအဝေးကို "Two Decades of Partnership: Taking Stock and Looking Ahead" နှင့် "Promoting ASEM Partnership for Greater Connectivity" ခေါင်းစဉ်များဖြင့် ဆက်လက်ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးထင်ကျော် ပါဝင်ဆွေးနွေးသည်။

မျက်နှာစုံညီထိပ်သီးအစည်းအဝေးအပြီးတွင် နိုင်ငံတော်သမ္မတသည် အာရှ-ဥရောပနိုင်ငံများမှ နိုင်ငံခေါင်းဆောင်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ညပိုင်းတွင် နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် အာရှ- ဥရောပနိုင်ငံများမှ နိုင်ငံခေါင်းဆောင်များနှင့်အတူ အူလန်ဘာတာမြို့ ဂျင်ဂျစ်ခန်စုပေါင်းရွက်ထည်တဲ၌ ကျင်းပသည့် မွန်ဂိုလီးယားနိုင်ငံသမ္မတ၏ မွန်ဂိုရိုးရာဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်သည်။

အဆိုပါ ညစာစားပွဲမတိုင်မီ နိုင်ငံတော်သမ္မတသည် မွန်ဂိုလီးယားနိုင်ငံ၏ နာဒမ် ရိုးရာအားကစားပွဲတော်၌ ထည့်သွင်းကျင်းပသည့် နပန်းပွဲ၊ မြင်းစီးနှင့် မြားပစ်သရုပ်ပြအစီအစဉ်များကို အာရှ-ဥရောပနိုင်ငံများမှ နိုင်ငံခေါင်းဆောင်များနှင့်အတူ တက်ရောက်အားပေးသည်။

နာဒမ်ရိုးရာအားကစားပွဲတော်ကို မွန်ဂိုလီးယားနိုင်ငံ၏ နွေဥတုအလယ်ပိုင်းတွင် နိုင်ငံတစ်ဝန်းလုံး၌ ဆင်နွှဲလေ့ရှိပြီး ၂၀၁၀ ပြည့်နှစ်တွင် ယူနက်စကိုက လူသားမျိုးနွယ်တို့၏ ရိုးရာအမွေအနှစ် အားကစားနည်းအဖြစ် သတ်မှတ်ဖော်ပြခဲ့သည်။ **(သတင်းစဉ်)**





နိုင်ငံတော်သမ္မတ ဦးထင်ကျော် နှင့် ASEM ထိပ်သီးအစည်းအဝေးသို့ တက်ရောက်လာသူများ နာဒမ်ရိုးရာအားကစားပွဲတော်သို့ တက်ရောက်အားပေးစဉ်။ (ဇေသူရ-သတင်းစဉ်)

# နိုင်ငံတကာမှာလို အများပြည်သူယုံကြည်အားကိုးရတဲ့ ဘတ်စ်ကားစနစ်ဖြစ်ပေါ်ရေးက ပြည်သူတွေရဲ့ လိုလားချက်ဖြစ်

## ဆုနှင်းလှဲ့

ရန်ကုန်မြို့တွင် နိစ္စဓူဝကြုံတွေ့နေရသည့် သယ်ယူပို့ဆောင်ရေးဆိုင်ရာ အခက်အခဲများနှင့် ယာဉ်ကြောပိတ်ဆို့နေမှုများကို ဖြေရှင်းဆောင်ရွက်နိုင်ရန် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် နာယကအဖြစ် ဦးဆောင်ပါဝင်ကာ တိုင်းဒေသကြီးအဆင့် တာဝန်ရှိသူများ၊ ပညာရှင်များပါဝင်သည့် ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ (Yangon Region Transport Authority-YRTA) ကို ဇူလိုင် ၈ ရက်တွင် စတင်ဖွဲ့စည်းလိုက်ပြီဖြစ်သည်။ ရန်ကုန်မြို့၏ အများပြည်သူ သယ်ယူပို့ဆောင်ရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်ရန်နှင့် ပြည်သူဗဟိုပြုဝန်ဆောင်မှုကောင်းမွန်သော သယ်ယူပို့ဆောင်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်သွားရန် ရည်ရွယ်ချက်များစွာဖြင့် ဖွဲ့စည်းလိုက်သည့် အဆိုပါအဖွဲ့၏ အတွင်းရေးမှူးအဖြစ် ဆောင်ရွက်မည့် ဒေါက်တာမောင်အောင် (ရန်ကုန်ဘတ်စ်ကားအများပိုင်ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ)နှင့် တွေ့ဆုံမေးမြန်းခဲ့မှုများကို ကောက်နုတ်ဖော်ပြလိုက်ပါသည်။

**မေး။ ။ ယခုအစိုးရသစ်လက်ထက်မှာ ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ကို စတင်ဖွဲ့စည်းလိုက်ပြီဆိုတော့ ဆရာတို့အဖွဲ့အနေနဲ့ ဘယ်လိုလုပ်ငန်းတွေကို စတင်ဆောင်ရွက်သွားမှာပါလဲ။**

**ဖြေ။** ။ ဒီအဖွဲ့ဖွဲ့မယ်ဆိုတာ ဝန်ကြီးချုပ်က လွှတ်တော်မှာလည်း ဆွေးနွေးပြီးသားဖြစ်ပါတယ်။ ဖွဲ့ပြီးတော့ ရန်ကုန်မြို့ရဲ့ ယာဉ်ကြောကျပ်တည်းမှု၊ သယ်ယူပို့ဆောင်ရေးကိုလည်း စနစ်ကျတဲ့သယ်ယူပို့ဆောင်ရေးဖော်ဆောင်မယ်ဆိုတာပေါ့။ အဲဒါကို ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်ဖို့ ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ကို ဖွဲ့ခြင်းဖြစ်ပါတယ်။ ဒီအဖွဲ့ကြီးအနေနဲ့ မကြာခင် အစည်းအဝေးခေါ်မှာဖြစ်ပါတယ်။ ပထမဦးဆုံး ဒါနဲ့ပတ်သက်ပြီးတော့ ဝန်ကြီးချုပ်ကလည်း လွှတ်တော်မှာ ပြောထားပြီးသားဖြစ်ပါတယ်။ အများပြည်သူနဲ့ ဘတ်စ်ကားနဲ့ပတ်သက်တဲ့ လုပ်ငန်းရှင်တွေကိုလည်း ဖိတ်ခေါ်ပြီးပြောတဲ့အခါမှာ နောင်တစ်ချိန်မှာ လုပ်ဆောင်သွားမယ့်သယ်ယူပို့ဆောင်ရေးဆိုင်ရာတွေကိုလည်း ပြောပါတယ်။ အဓိက ပထမဦးစားပေးလုပ်မှာကတော့ အများပြည်သူအားထားနေရတဲ့ ဘတ်စ်ကား သယ်ယူ ပို့ဆောင်ရေးပါ။ ဘတ်စ်ကားတွေက အများပြည်သူသယ်ယူပို့ဆောင်ရေးကဏ္ဍမှာ အရေးအပါဆုံးလည်းဖြစ်တယ်။ နေ့စဉ် ပြည်သူ ၂ ဒသမ ၆ သန်း စီးနင်းနေတာဖြစ်တယ်။ လက်ရှိမှာ ဘတ်စ်ကားကြောင့် အဆင်မပြေတာတွေ အများကြီးရှိနေပြီး အဘက်ဘက်က ယိုယွင်းနေတဲ့ ဘတ်စ်ကားစနစ်ကိုပြုပြင်နိုင်ဖို့ ဒါကို စတင်လုပ်သွားမှာ ဖြစ်ပါတယ်။

**မေး။ ။ ဘတ်စ်ကားစနစ်ကို ပြုပြင်နိုင်ဖို့ လုပ်ဆောင်သွားမယ်ဆိုရင် ဘယ်လိုပုံစံမျိုးနဲ့ လုပ်ဆောင်သွားမှာပါလဲ။**

**ဖြေ။** ။ ပထမဦးဆုံး ယာဉ်လိုင်းအရေအတွက်တွေ လိုင်းတူနေတာတွေ၊ ထပ်နေတာတွေ လျှော့သွားမယ်။ ရည်ရွယ်ချက်ကတော့ လိုင်း ၅၀ လောက်ပဲထားပြီး လျှော့ချင်တာပေါ့။ ဒါပေမယ့် ချက်ချင်းကြီးတော့ မလုပ်ပါဘူး။ လေ့လာစရာတွေအားလုံး သေချာလေ့လာမယ်။ လေ့လာပြီးတော့မှ တဖြည်းဖြည်းလျှော့နိုင်တဲ့ဟာတွေကို လုပ်သွားမှာဖြစ်ပါတယ်။ လက်ရှိ ဘတ်စ်ကားစနစ်ကို စနစ်သစ်တွေနဲ့ အစားထိုးမယ်။ စနစ်သစ်တွေလို့ ပြောတဲ့နေရာမှာ ပိုင်ဆိုင်မှုပုံစံပါ၊ အဲဒါကိုပြောင်းမယ်။ ဒုတိယအနေနဲ့ကတော့ ပြေးဆွဲတဲ့ပုံစံကို ပြောင်းမယ်။ စီမံအုပ်ချုပ်တဲ့စနစ်ကို ပြောင်းရမှာဖြစ်ပါတယ်။ ပထမဦးဆုံးအနေနဲ့ ပိုင်ဆိုင်မှုပုံစံကို ပြောင်းတဲ့နေရာမှာ လက်ရှိစနစ် အားနည်းချက်က တစ်ဦးချင်းပိုင်တယ်။ ကိုယ်ရကိုယ်ယူစနစ်ပေါ့။ လက်ရှိစနစ်က ယာဉ်မောင်းသူနဲ့ ယာဉ်နောက်လိုက်ကို ငွေရှာခိုင်းတဲ့စနစ် ဖြစ်ပါတယ်။ ဘယ်သူကမှလည်း စည်းမျဉ်း၊ စည်းကမ်းကို မလိုက်နာဘူး။ ပိုက်ဆံရရင်ကလွဲလို့ ကျန်တာကို ဘာမှ အလေးမထားတဲ့အခါမှာ ဒီနေ့ဖြစ်ပေါ်နေတဲ့ ဘတ်စ်ကား လောကမှာ ပြည်သူတွေအဆင်မပြေဘူး။ ဘေးကင်းလုံခြုံမှုမရှိတော့ဘူး။ ယာဉ်စည်းကမ်းနဲ့ပတ်သက်ပြီး ပုံသေမဟုတ်တော့ဘူး။ ပြိုင်မောင်းတာတို့၊ လုတင်တာ၊ တွန်းချတာ ဒါတွေရှိနေတယ်။ တစ်ဦးချင်းပိုင် ကားတွေဆိုတော့ ဒီစနစ်နဲ့ဆက်သွားရင် ဒါတွေ ဆက်ဖြစ်နေဦးမှာပဲ။

**မေး။ ။ ဒီလို တစ်ဦးချင်းပိုင်ကားတွေကို ဘယ်လိုပုံစံနဲ့ ပြောင်းလဲဆောင်ရွက်သွားစေမှာပါလဲ။**

**ဖြေ။** ။ အခု စနစ်ကို ဘယ်လိုပြောင်းလဲသွားမလဲဆိုရင် နောင်တစ်ချိန်မှာ အများပိုင်ကုမ္ပဏီတွေကို တိုးချဲ့မှာဖြစ်ပါတယ်။ အဓိကက အများပိုင်ဖြစ်လာတဲ့အခါမှာ ယာဉ်မောင်းသူတွေရဲ့ ဒုက္ခကို အာမခံပေးရမှာဖြစ်ပါတယ်။ ပြောချင်တာကတော့ ဒီလိုအာမခံတဲ့အတွက် ယာဉ်မောင်းသူက ဘယ်နည်းနဲ့မှ စည်းကမ်းဖောက်စရာအကြောင်းမရှိပါဘူး။ ယာဉ်မောင်းတွေနဲ့ ပတ်သက်တဲ့ အချက်အလက်တွေကို သေချာပြုစုထားမှာဖြစ်ပါတယ်။ ပြစ်မှုတစ်ခု ကျူးလွန်တာနဲ့ နောက်ယာဉ်လိုင်းတစ်ခုမှာ လက်မခံတာမျိုးပေါ့။ စနစ်တကျ ပြုစုထားရှိမှာဖြစ်ပါတယ်။ နောက်တစ်ခုက ပြည်သူအများ ပါဝင်နိုင်အောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့လည်း အများပိုင်ဆောင်ရွက်တာ ဖြစ်ပါတယ်။ ပြည်သူအများပါဝင်လာအောင်၊ လက်ရှိ တစ်နိုင်တစ်ပိုင် ကားပြေးဆွဲနေတဲ့သူတွေလည်း ပါဝင်လို့ရအောင်ဖြစ်ပါတယ်။ မကြာခင်မှာ အများပိုင်ကုမ္ပဏီတွေ လုပ်ဖို့လည်း တော်တော်များများ စိတ်ဝင်စားမှုရှိနေပါတယ်။ မှန်းထားတာကတော့ ရန်ကုန်မြို့ရဲ့ အဓိက လမ်းမကြီးတွေကို ဒီအများပိုင်ကုမ္ပဏီတွေက တာဝန်ယူရမှာ ဖြစ်ပါတယ်။ မိန်းလမ်းမကြီးတစ်လမ်းမှာ ကုမ္ပဏီတစ်ခုရဲ့ ကားတွေပဲ ရှိမယ်။

အဲဒီလမ်းကြောင်းမှာရှိတဲ့ ခရီးသည်တွေရဲ့ သွားလာရေးကို အဆင်ပြေအောင် လုပ်ပေးရမှာဖြစ်တယ်။ ဒီလိုလုပ်ဖို့ အင်အားရှိဖို့လိုပါတယ်။ လုံလောက်တဲ့ ဘတ်စ်ကားရှိရမယ်။ ဘတ်စ်ကားလို့ပြောတဲ့နေရာမှာလည်း နံပါတ် (၁)က ဘေးကင်းလုံခြုံမှုပေါ့။ ကားကလည်း သတ်မှတ်ထားတဲ့ အဆင့်အတန်းရှိတဲ့ ကားဖြစ်ရမယ်။ နံပါတ် (၂) အနေနဲ့ သက်သောင့်သက်သာလည်း ရှိရမယ်။ ကားတွေက အနည်းဆုံး အဲကွန်း ကောင်းမွန်ရမယ်။ ဘယ်လိုမော်ဒယ်ဆိုတာမျိုးပေါ့၊ သေချာညှိနှိုင်းပြီး ထုတ်ပြန်ပါမယ်။ နံပါတ် (၃) အနေနဲ့ မြင်သာထင်သာရှိရမယ်။ ခရီးသည်နဲ့ပတ်သက်တာပဲဖြစ်ဖြစ်၊ လမ်းကြောင်းနဲ့ ပတ်သက်တာဖြစ်ဖြစ်၊ ယာဉ်စီးခနဲ့ပတ်သက်ပြီး စနစ်တကျ ရှိရမယ်။ ဒီနေရာမှာလည်း လက်မှတ်စနစ် (Ticketing စနစ်)ကို သွားမှာဖြစ်ပါတယ်။ အခုအများပြည်သူ သယ်ယူပို့ဆောင်ရေးစနစ်မှာ ဖြစ်နေတဲ့ပြဿနာက တစ်ဦးချင်းပိုင်ပြီး ကိုယ်ရကိုယ်ယူဖြစ်နေတော့ ယာဉ်နောက်လိုက်နဲ့ ခရီးသည်တွေကြားမှာဖြစ်နေတဲ့ ပြဿနာတွေက အများကြီးပါပဲ။

ဆက်ဆံရေးမပြေလည်တာ၊ မချေမငံ ပြောတာတွေကအစ အားလုံးပေါ့။ လက်မှတ်စနစ်သုံးမှာ ဖြစ်တဲ့အတွက် ကားပေါ်မှာ ယာဉ်မောင်းသူပဲ ပါမှာဖြစ်ပါတယ်။ အခုရှိတဲ့ ယာဉ်နောက်လိုက်တွေအနေနဲ့လည်း မှတ်တိုင်တွေမှာ လက်မှတ်ရောင်းတာ၊ ငွေဖြည့်ကတ်ရောင်းတာမျိုး တာဝန်ချထားလို့ရပါတယ်။ ကားပေါ်မှာ ယာဉ်နောက်လိုက် မပါတော့ဘူး။ နိုင်ငံတကာမှာဆိုရင် မြို့ပြပို့ဆောင်ရေးကို အစိုးရက တာဝန်ယူတာရှိပါတယ်။ သိပ်ပြီးတော့ အရှုံးပေါ်လို့ရှိရင် နိုင်ငံတော်က စိုက်ထုတ်ကျခံပေးတာဆိုရင် ဒါလည်း မြင်သာထင်သာတဲ့စနစ်ရှိမှလည်း ပေးလို့ရမှာဖြစ်ပါတယ်။ တကယ်လို့ Ticketing ပီပီပြင်ပြင် သုံးမယ်ဆိုရင် တစ်ကီလိုမီတာကို ယာဉ်စီးခ ဘယ်လောက်ကျတယ်ဆိုတာ၊ ခရီးသည် ဘယ်လောက်ဆိုရင် အခြေအနေဘယ်လိုရှိတယ်ကအစ အသေးစိတ်အဖြေကပေါ်ပြီးသားပါ။ နောင်တစ်ချိန်မှာ ဖော်ဆောင်မယ့် အများပိုင်ဘတ်စ်ကားလိုင်းစနစ်ကတော့ ဒီစနစ်ကို မဖြစ်မနေအကောင်အထည်ဖော်ကိုဖော်ရမှာဖြစ်ပါတယ်။

**မေး။ ။ ဘတ်စ်ကားအခြေပြု သယ်ယူပို့ဆောင်ရေး အပြင် အခြားသော သယ်ယူပို့ဆောင်ရေးလမ်းကြောင်းတွေကိုလည်း ဘယ်လိုဆောင်ရွက်သွားဖို့ရှိပါလဲ။**

**ဖြေ။** ။ နောက်တစ်ဆင့်ကတော့ ဘတ်စ်ကားတွေအပြင် အငှားယာဉ်နဲ့ပတ်သက်ပြီးရင်လည်း ပိုပြီးစနစ်ကျအောင် ဂျီပီအက်စ် သုံးတာမျိုး၊ မီတာစနစ်သုံးတာမျိုး ဆက်ပြီးတော့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ မကြာခင်ပြီးစီးတော့မယ့် ယာဉ်ကြောထိန်းချုပ်မှုဗဟိုထိန်းချုပ်စင်တာပြီးလို့ရှိရင် အငှားယာဉ်တွေရော ဘတ်စ်ကားတွေပါ စင်တာကနေ ထိန်းသိမ်းပြီးကြည့်လို့ရတဲ့စနစ်မျိုး လုပ်သွားမှာဖြစ်ပါတယ်။ ရန်ကုန်မြို့ရဲ့ ယာဉ်ကြောပိတ်ဆို့တာတွေကို ဖြေရှင်းနိုင်တဲ့နည်းလမ်းအားလုံးကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ အခုဆိုရင် ရေကြောင်းနဲ့ပတ်သက်ပြီး water taxi ကိုလည်း လေ့လာပြီးပါပြီ။ ဖြစ်နိုင်၊ မဖြစ်နိုင် လေ့လာတဲ့အခါ လှိုင်မြစ်ကြောင်းတစ်လျှောက်၊ လှိုင်သာယာ၊ ရွှေပြည်သာဘက်မှာ လုပ်တဲ့အခါမှာ ကြည့်မြင်တိုင်၊ အလုံ၊ ဆူးလေဆိပ်ကမ်းအထိ သုံးနေရာလောက်ပေါ့။

ဟိုတုန်းက မလုပ်နိုင်ဘူးဆိုတာက ဆိပ်ကမ်းနေရာမရလို့ပါ။ အခုတော့ ဆိပ်ကမ်းနေရာရပြီဆိုတော့ ဒါလေးပြေးဆွဲနိုင်ဖို့ လုပ်သွားမှာပါ။ မြို့ပတ်ရထားကိုလည်း ဒါထက်ပိုပြီးတော့ အဆင့်မြှင့်ဖို့နဲ့ လူစီးများတဲ့အချိန်မှာ စီးရေမြှင့်နိုင်ဖို့ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ နောက်လမ်းဘေးမှာရှိတဲ့ အထက်တန်းကျောင်းတွေ ကျောင်းဖွင့်ရာသီမှာ ကျောင်းတက်ချိန်၊ ကျောင်းဆင်းချိန်မှာ တော်တော်လေး ဆိုးရွားနေတာဖြစ်နေတယ်။ ကျောင်းဖယ်ရီစနစ် လုပ်နိုင် အောင် စည်းလည်း စည်းရုံးမယ်၊ ပညာပေးမယ်။ ဒါက မဖြစ်မနေ လုပ်ကိုလုပ်ရမှာ ဖြစ်ပါတယ်။ လမ်းကြီး ဘယ်လောက်ကျယ်ကျယ် လမ်းပေါ်မှာ ကားတွေ နှစ်ထပ်လောက်ရပ်ထားလိုက်ပြီဆိုရင် ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။ ဒါလည်း ဆက်လုပ်သွားမှာ ဖြစ်ပါတယ်။ နောက်အရေးကြီးတာကလည်း ကားပါကင်ကိစ္စပါ။ ကားပါကင်တွေ ဖော်ဆောင်နိုင်ဖို့ကိုလည်း ဆောင်ရွက်သွားရမှာပါ။



ရန်ကုန်ဘတ်စ်ကားအများပိုင်ကုမ္ပဏီလီမိတက် ဥက္ကဋ္ဌ ဒေါက်တာမောင်အောင်။

**မေး။ ။ အများပြည်သူ သယ်ယူပို့ဆောင်ရေးစနစ် ပိုပြင်အောင်မြင်နိုင်ဖို့ ဘယ်အချက်တွေက အဓိကကျပါလဲ။**

**ဖြေ။** ။ ရန်ကုန်မြို့မှာ ပြည်သူတွေ နေ့စဉ်ကြုံတွေ့ခံစားနေရတာက ယာဉ်ကြောကျပ်တည်းမှုတွေနဲ့ ဘတ်စ်ကားစီးနင်းမှု ပြဿနာတွေပါ။ ဘတ်စ်ကားစနစ်သာ ထိထိရောက်ရောက်နဲ့ လိုရာခရီးကို သက်သောင့်သက်သာနဲ့ ပို့ဆောင်ပေးနိုင်ပြီး စီးနင်းသူတွေကလည်း တကယ်ကို စမတ်ကျကျစီးနိုင်ပြီဆိုရင် ကိုယ်ပိုင်ကားစီးတဲ့သူတွေဟာ သူ့ဟာသူ အလိုအလျောက် ဘတ်စ်ကားကိုအားထား စီးလာမှာဖြစ်ပါတယ်။ အဓိက မိန်းလမ်းကြီးတွေမှာ အများပိုင်ကားတွေပဲ ရှိတော့မယ်ဆိုရင် အခုထက် အများကြီး မြန်လာမှာဖြစ်မယ်။ ပိုပြီးတော့သက်သောင့်သက်သာနဲ့ စီးလာရမှာဖြစ်တဲ့အပြင် မျှော်လင့်တာကတော့ ကိုယ်ပိုင်ကားစီးတဲ့သူတွေ တော်တော်များများဟာ နိုင်ငံတကာလိုပဲ အများပြည်သူသယ်ယူပို့ဆောင်ရေးစနစ်ကိုပဲ အသုံးပြုလာမှာဖြစ်ပါတယ်။ ချက်ချင်းကြီး ပြောင်းလဲဆောင်ရွက်နိုင်မှာ မဟုတ်ပေမယ့် အချိန်ယူ၊ အချိန်ပေးပြီး ပြင်ဆင်ဆောင်ရွက်ရမှာပါ။ အခုအချိန်ကတော့ အကြမ်းဖျင်း လျာထားတာပါ။ ဆက်လုပ်သွားမယ့်ဟာတွေကတော့ ကော်မတီရဲ့ အတည်ပြုချက်ယူပြီးမှ လုပ်သွားမှာဖြစ်ပါတယ်။

နောက် စီမံကွပ်ကဲတဲ့စနစ်မှာ အာဏာပိုင်အဖွဲ့ကပဲ ကွပ်ကဲမှာဖြစ်ပါတယ်။ တစ်ဖက်ကလည်း ဘတ်စ်ကားလိုင်းစနစ်ကို ပြုပြင်ရမှာဖြစ်သလို အခြားသယ်ယူပို့ဆောင်ရေးတွေကိုလည်း အကောင်အထည်ဖော်ရမှာဖြစ်ပါတယ်။ ထို့အတူပဲ ယာဉ်ကြောကျပ်တည်းမှုတွေ လျော့နည်းအောင် ဖြေရှင်းနိုင်တဲ့ နည်းလမ်းတွေကိုလည်း ပြုလုပ်သွားရမှာဖြစ်ပါတယ်။ အရေးပေါ် ဖုန်းလိုင်းစနစ်တွေနဲ့ ပြည်သူတွေ သတင်းပေးနိုင်အောင်၊ တိုင်နိုင်အောင်လည်း လုပ်သွားမှာဖြစ်ပါတယ်။ ပြောချင်တာက ဘက်ပေါင်းစုံက ဆောင်ရွက်သွားရမှာဖြစ်ပြီး အဓိကဆောင်ရွက်ရမယ့်စနစ်က ဘေးကင်းလုံခြုံပြီး သက်သောင့်သက်သာနဲ့ လိုရာခရီးကို သွားလာနိုင်အောင် လုပ်ရမှာဖြစ်ပါတယ်။ ပြည်သူကိုဗဟိုပြုတဲ့ ကောင်းမွန်တဲ့ သယ်ယူပို့ဆောင်ရေးစနစ်ဖြစ်ထွန်းဖို့က အဓိကရည်ရွယ်ချက်ပါ။ နိုင်ငံတကာမှာလို အများပြည်သူ ယုံကြည်အားကိုးရတဲ့ ဘတ်စ်ကားစနစ်ဖြစ်ပေါ်လာရေးက ပြည်သူတွေရဲ့ လိုလားချက်ဖြစ်ပါတယ်။ ။

# မြောင်းဖုံးအချို့ကျိုးပဲ့နေ၍ သွားလာရေးအခက်အခဲရှိနေ ဘိလပ်မြေဖြင့် အပိတ်လောင်းမှုရှိရာ မြောင်းဆယ်ရာတွင် အခက်ကြုံနိုင်

**ရန်ကုန် ဇူလိုင် ၁၅**

ဘုရင့်နောင်မော်တော်ယာဉ် အပိုပစ္စည်းရောင်းဝယ်ရေးဈေးဝင်း၏ အပြင် မျက်နှာစာတိုက်တန်းများရှေ့ ရေမြောင်းဖုံးအချို့သည် ကျိုးပဲ့နေ၍ အပေါက်များ ပြင်လျက်ရှိသည်။ လိုင်းကားမှတ်တိုင်မှအဝင် ဈေးဝင်းအပြင် မျက်နှာစာနေရာတွင် ဦးစွာမြင်တွေ့ရသော အပေါက်တစ်ပေါက်ကို ဘိလပ်မြေဖြင့် အပိတ်ဖုံးအုပ်လောင်းထားပြီး ကျန်သုံးနေရာတွင် တာယာဘောကွင်းများချ၍ အသိပေးထားသည်ကို မြင်တွေ့ခဲ့ရသည်ဟု ဇူလိုင် ၁၁ ရက်က ယင်းဈေးဝင်းအတွင်း ကားပစ္စည်း လာရောက်ဝယ်ယူသူတစ်ဦးက ဆိုသည်။

မြောင်းဖုံး နှစ်ခုစီပါသော အပေါက်လေးပေါက်တွင် တစ်ခုစီ ကျိုးပဲ့နေရာ ပြုပြင်ဖုံးအုပ်ပေးခြင်းမရှိသေး၍ ဘိလပ်မြေဖြင့် ကိုယ်ထူကိုယ်ထဖုံးအုပ်ခြင်းဖြစ်ရာ ရေမြောင်းဆယ်သည့်အခါ အခက်အခဲဖြစ်လာနိုင်သည်။ သို့ဖြစ်ရာ ကျန်သုံးနေရာတွင် မြောင်းဖုံးများ ဖုံးအုပ်ပေးစေလိုကြောင်း ဈေးသို့ ကားပစ္စည်းလာရောက်ဝယ်ယူသူများက ဆိုသည်။

ရန်ကုန်မြို့တွင်း ရေကြီးရေလျှံဖြစ်ရာတွင် လူနေတိုက်ခန်းအချို့တွင်ရေမြောင်းစနစ်မပါခြင်း၊ ရှိလျှင်လည်း ရေမြောင်းအင်္ဂါရပ်နှင့် ပြည့်စုံမှုနည်းခြင်း၊ ပိတ်ဆို့နေခြင်း၊ မြောင်းဖုံးများကို အင်္ဂတေဖြင့် အသေပိတ်ထားခြင်း၊ တိုက်ရှေ့မျက်နှာစာတွင် ဘိလပ်မြေဖြင့် အမြင့် အင်္ဂတေခင်းထားခြင်းများကြောင့်ဖြစ်သည်။ ရေမြောင်းများ ဆယ်ယူရှင်းလင်းခြင်းဖြင့် မလုံလောက်ဘဲ ရေစီးအားကောင်းမွန်ရန် အထက်ဖော်ပြပါဖြစ်စဉ်များကိုလည်း အရေးယူဆောင်ရွက်ပေးရန် လိုအပ်နေသည်။ ရေမြောင်းများ ယခင်ထက် အကျယ်၊ အနက်ပိုလာသော်လည်း ရေစီးအားမကောင်းဘဲ ခြင်များစုဝေးရာ ရေကန်၊ ရေအိုင်ငယ်များသဖွယ်ဖြစ်နေသည်ဟု ရေမြောင်း ဆယ်ယူရှင်းလင်းရာတွင် နှစ်အတန်ကြာ ပါဝင်ကူညီကြီးကြပ်ဆောင်ရွက်ပေးခဲ့သူ ဘုရင့်နောင်ပွဲရုံဝင်းမှ လုပ်ငန်းရှင် ဦးလှဟန်က သုံးသပ်ပြောဆိုသည်။

**(မောင်စေအောင်)**



# ဆေးလိပ်ငွေ့ကင်းစင်သည့်ဒေသများဖြစ်လာရန် ဥပဒေနှင့်ပြဋ္ဌာန်းပေးရမည်

**မန္တလေး ဇူလိုင် ၁၅**
နိုင်ငံသူနိုင်ငံသားများအား ဆေးလိပ်ငွေ့ကင်းစင်သည့် ပတ်ဝန်းကျင်ဖန်တီး၍ သန့်ရှင်းသောလေ ရှူရှိုက်ပိုင်ခွင့် ရရှိစေရန် ၁၀၀ ရာခိုင်နှုန်းပြည့် ဆေးလိပ်ငွေ့ကင်းစင်သော နေရာဒေသများအား ဥပဒေနှင့်ပြဋ္ဌာန်းဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း ဇူလိုင် ၁၄ ရက်က မန္တလေးမြို့ ရွှေနိုင်ငံ ဟိုတယ်၌ ပြုလုပ်ခဲ့သည့် ဆေးလိပ်ငွေ့ကင်းစင်သည့် ဆေးပညာဆိုင်ရာ တက္ကသိုလ်များစွမ်းရည်မြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲမှ သိရသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ မကူးစက်တတ်သည့်ရောဂါများကာကွယ်တားဆီးရေးဆိုင်ရာ ကမ္ဘာ့လုပ်ငန်းစဉ်များအရ ၂၀၁၃-၂၀၂၀ တွင် အသက် ၁၅ နှစ်အထက် ဆေးလိပ်၊ ဆေးရွက်ကြီးထွက်ပစ္စည်းသုံးစွဲမှုနှုန်းကို ၃၀ ရာခိုင်နှုန်း လျှော့ချရန်ဆောင်ရွက်နေပြီး အဆိုပါအဖွဲ့၏အပြည်ပြည်ဆိုင်ရာဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းထိန်းချုပ်ရေးကွန်ဗင်းရှင်းတွင် ပါဝင်လက်မှတ် ရေးထိုးထားကြသည့် နိုင်ငံများအနေဖြင့်လည်း မိမိတို့နိုင်ငံသားများအား ဆေးလိပ်ငွေ့ကင်းစင်သည့် သန့်ရှင်းသောလေ ရှူရှိုက်ပိုင်ခွင့်ကို ဖန်တီးပေးအပ်ကြရမည်ဖြစ်ကြောင်း တိုင်းဒေသကြီး ဝန်ကြီးချုပ်ဒေါက်တာဇော်မြင့်မောင်က ပြောသည်။

"၂၀၁၆ ခုနှစ် ဆေးလိပ်နဲ့ဆေးရွက်ကြီးထွက်ပစ္စည်း သောက်သုံးမှုထိန်းချုပ်ရေးဥပဒေမှာ ဆေးလိပ်သောက်ခွင့်မရှိတဲ့နေရာတွေကို တိတိကျကျပြဋ္ဌာန်းထားပြီး ဆေးလိပ်ငွေ့ကင်းစင်တဲ့နေရာအဖြစ် သတ်မှတ်ထားတာကို တွေ့ရှိနိုင်မှာဖြစ်ပါတယ်"ဟု ၎င်းကပြောသည်။

၂၀၁၅ ခုနှစ်တွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၊ ရှမ်းပြည်နယ်အတွင်းရှိ အင်းလေးဒေသနှင့် ပင်းတယလှိုင်ဂူနယ်မြေတို့ကို ဆေးလိပ်ငွေ့ကင်းစင်သည့် ဒေသများအဖြစ်ကြေညာဆောင်ရွက်ခဲ့ကြောင်း ၎င်းကဆိုသည်။

"ဒီဒေသတွေမှာ ဆေးလိပ်ငွေ့ကင်းစင်တဲ့ဒေသပီပီပြင်ပြင်ဖြစ်လာဖို့ ပြည်သူတွေကိုပညာပေးဆိုင်းဘုတ်နဲ့စာတန်းတွေထားပြီး အသိပေးထားပါတယ်။ သက်ဆိုင်ရာ ဒေသတွေက သင်တန်းဆင်းပြီးတဲ့စေတနာ့ဝန်ထမ်း ပြည်သူတွေကလည်းကူညီဆောင်ရွက်ထိန်းသိမ်းမှုပြုနေကြပါပြီ။ ဒီလိုမျိုးဆေးလိပ်ငွေ့ကင်းစင်တဲ့နေရာဒေသတွေကို တစ်စထက်တစ်စတိုးချဲ့ဆောင်ရွက်သွားမှသာ နိုင်ငံသူနိုင်ငံသားများအနေနဲ့ သန့်ရှင်းတဲ့လေကိုရှူရှိုက်ပြီး ဆေးလိပ်ငွေ့ကတစ်ဆင့်ရရှိလာမယ့် ကျန်းမာရေးအန္တရာယ်တွေ ကင်းဝေးကြမှာပါ"ဟု ၎င်းက အသိပေးပြောကြားသည်။

ဆွေးနွေးပွဲသို့ ကျောင်းသားကိုယ်စားလှယ်အဖြစ် ရန်ကုန်မှတက်ရောက်လာသည့် ဒေါက်တာကျော်မျိုးထက်ကလည်း "ဒီဆွေးနွေးပွဲဟာ ဆေးတက္ကသိုလ်နဲ့ဆိုင်တဲ့ တက္ကသိုလ်တွေအားလုံးမှာ ဆေးလိပ်ကင်းစင်တဲ့ကျောင်းတွေဖြစ်အောင် စပြီးဆောင်ရွက်မယ့်ဆွေးနွေးပွဲဖြစ်ပါတယ်။ ဆေးလိပ်နဲ့ဆေးရွက်ကြီးတွေရဲ့ဆိုးကျိုးတွေကို အားလုံးသိကြပြီးဖြစ်တဲ့အတိုင်း တစ်နိုင်ငံလုံးအတိုင်းအတာအနေနဲ့ ဆေးလိပ်သောက်ခြင်းကင်းစင်သွားဖို့ လိုအပ်ပါတယ်။ လတ်တလောအနေနဲ့ ကျွန်တော်တို့ရဲ့အနီးစပ်ဆုံးဖြစ်တဲ့ဆေးတက္ကသိုလ်များဆိုင်ရာကနေပြီး ဆေးလိပ်ကင်းစင်နယ်မြေဖြစ်အောင် စတင်ဆောင်ရွက်မှာဖြစ်ပါတယ်။ ဒီနေ့ဆွေးနွေးပွဲကလည်း အလုပ်ရုံဆွေးနွေးပွဲဆိုတဲ့အတိုင်းကောင်းမွန်တဲ့အဖြေတွေထွက်လာပြီး ဒီရလဒ်တွေကနေ တက္ကသိုလ်တွေကတစ်ဆင့် တစ်နိုင်ငံလုံးအတိုင်းအတာအထိ ဆက်လက်ဆောင်ရွက်ထားဖို့ ရည်ရွယ်ထားပါတယ်။ဆေးလိပ်ဆေးရွက်ကြီးနဲ့ပတ်သက်ပြီး ကျွန်တော့်မှာ ခံယူချက်ရှိပါတယ်။ ကျွန်တော်ချစ်တဲ့ပတ်ဝန်းကျင်မှာ ဆေးလိပ်နဲ့ဆေးရွက်ကြီးကို ကြိုက်နှစ်သက်စွာ သုံးစွဲနေကြတာတွေ့ရပါတယ်။ ကျွန်တော်အဲဒီကိစ္စကို အလွန်စိတ်ဝင်စားလို့ ဒီဆွေးနွေးပွဲကို လာတက်တာပါ"ဟု ၎င်းက ပြောသည်။

အဆိုပါ စွမ်းရည်မြှင့်တင်ရေးဆွေးနွေးပွဲသို့ ရန်ကုန်၊ မန္တလေး၊တောင်ကြီး၊ မကွေးဒေသများရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ကာကွယ်ရေးဝန်ကြီးဌာန လက်အောက်ရှိ ဆေးတက္ကသိုလ်များနှင့် ဆေးဘက်ဆိုင်ရာ တက္ကသိုလ်များ စုစုပေါင်း ၁၈ ခုမှ အုပ်ချုပ်သူ၊ ပညာရှင်များနှင့် ကျောင်းသားကိုယ်စားလှယ်များတက်ရောက်ကြပြီး ဆေးလိပ်နှင့်ဆေးရွက်ကြီးထွက်ပစ္စည်း ထိန်းချုပ်ရေးမူဝါဒများရေးဆွဲအကောင်အထည်ဖော်နိုင်ရန် ဇူလိုင် ၁၄ ရက်မှ ၁၅ ရက်အထိ ဆွေးနွေးတိုင်ပင်ကြမည် ဖြစ်ကြောင်း သိရသည်။

**(အောင်ရဲသွင်)**




# မြဝတီနယ်စပ်ကုန်သွယ်ရေး ဒေါ်လာသန်း ၅၀ ခန့် ပိုမိုကုန်သွယ်နိုင်ခဲ့

**မြဝတီ ဇူလိုင် ၁၅**
အရှေ့အနောက် စီးပွားရေးစင်္ကြံ၊ အာဆီယံကုန်သွယ်မှုလမ်းကြောင်း မြဝတီ-ကော့ကရိတ် အာရှလမ်းပိုင်း ဖွင့်လှစ်ပြီးသည့်နောက်ပိုင်းတွင် မြဝတီနယ်စပ်ကုန်သွယ်မှုပိုမိုမြင့်တက်လာပြီး ယခုဘဏ္ဍာနှစ် ပထမသုံးလဖြစ်သော ဧပြီ ၁ ရက်မှ ဇူလိုင် ၁ ရက်အထိ ကုန်သွယ်မှုပမာဏမှာ ယခင်နှစ်ကာလတူ သုံးလထက် ဒေါ်လာသန်း ၅၀ ခန့် ပိုမိုကုန်သွယ်နိုင်ခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိန်းဂဏန်းများအရ သိရသည်။

ဘဏ္ဍာနှစ်သစ်၏ ပထမသုံးလပတ် ဧပြီ ၁ ရက်မှ ဇူလိုင် ၁ ရက်ထိ ကုန်သွယ်မှုပမာဏမှာ ဒေါ်လာ ၁၈၆ ဒသမ ၈၁၅ သန်း ကုန်သွယ်နိုင်ခဲ့ပြီး ယခင်နှစ်ကာလတူ သုံးလတွင် ဒေါ်လာ ၁၃၆ ဒသမ ၈၅၂ သန်း ကုန်သွယ်နိုင်ခဲ့၍ ယခုနှစ်တွင် ဒေါ်လာ ၄၉ ဒသမ ၉၆၃ သန်း ပိုမိုကုန်သွယ်နိုင်ခဲ့ကြောင်း သိရသည်။

ထို့အတူ နယ်စပ်ကုန်သွယ်ရေးစခန်းများဖြစ်သည့် မူဆယ်၊ လွယ်ဂျယ်၊ ချင်းရွှေဟော်၊ ကန်ပိုက်တီး၊ ကျိုင်းတုံ၊ တာချီလိတ်၊ မြဝတီ၊ ကော့သောင်း၊ မြိတ်၊ နဘုလယ်၊ ထီးခီး၊ မောတောင်၊ စစ်တွေ၊ မောင်တော၊ တမူး၊ ရိဒ် နယ်စပ်များမှ ယခုနှစ်တွင် ဒေါ်လာ ၁၅၅၈ ဒသမ ၁၈၁ သန်း ကုန်သွယ်နိုင်ခဲ့၍ ယခင်နှစ် သုံးလက ဒေါ်လာ ၁၄၉၅ ဒသမ ၈၃၇ သန်းသာ ကုန်သွယ်နိုင်ခဲ့ကာ ယခုနှစ်တွင် ဒေါ်လာ ၆၂ ဒသမ ၃၄၄ သန်း ပိုမိုကုန်သွယ်နိုင်ခဲ့ကြောင်း သိရသည်။

နယ်စပ်ကုန်သွယ်ရေးစခန်းများအနက် မူဆယ်(၁၀၅)မိုင် နယ်စပ်ကုန်သွယ်ရေးစခန်းမှ ကုန်သွယ်မှုအများဆုံးဖြစ်ကာ သုံးလအတွင်း ဒေါ်လာ ၁၀၅၆ ဒသမ ၁၆၇ သန်း ကုန်သွယ်နိုင်ခဲ့ပြီး ဒုတိယအများဆုံးဖြစ်သည့် မြဝတီနယ်စပ်စခန်းမှ ဒေါ်လာ ၁၈၆ ဒသမ ၈၁၅ သန်းဖြစ်ပြီး ကုန်သွယ်မှုအနည်းဆုံးဖြစ်သော မောတောင်နယ်စပ်မှ ဒေါ်လာ သုည ဒသမ ၄၁၇ သန်းနှင့် စစ်တွေနယ်စပ်စခန်းတို့မှ ဒေါ်လာ သုည ဒသမ ၈၅၂ သန်းဖိုးသာ ကုန်သွယ်နိုင်ခဲ့ကြောင်း သိရသည်။

မြဝတီနယ်စပ်မှ မော်တော်ယာဉ်တင်သွင်းမှု လျော့နည်းလာသော်လည်း ထိုင်းနိုင်ငံထုတ် လယ်ယာသုံးပစ္စည်းများ၊ စက်ယန္တရားများ၊ စပါးခြွေလှေ့စက်၊ လယ်ထွန်စက်များ၊ ဆိုင်ကယ်များ၊ အိမ်သုံးပစ္စည်းများ၊ အိမ်ဆောက်ပစ္စည်းများ၊ ဘိလပ်မြေ၊ ပလတ်စတစ်ပစ္စည်းများ၊ စားသုံးကုန်၊ အလှကုန်များ၊ ဓာတ်မြေဩဇာ၊ လယ်ယာသုံးကိရိယာများ၊ လယ်ယာသုံးစက်ပစ္စည်းများ၊ ပိုးသတ်ဆေးများ၊ အထည်အလိပ်များ၊ အဝတ်အထည်၊ စက်သုံးဆီ၊ စားသုံးဆီများ ပိုမိုတင်သွင်းလျက်ရှိပြီး သကြားကို Re-export အဖြစ် တရုတ်နိုင်ငံသို့ တင်ပို့လျက်ရှိကြောင်း သိရသည်။

မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ဇွန်လနောက်ဆုံးပတ်က အမေရိကန် ဒေါ်လာ ၂၈၇၃၉၅ တန်ဖိုးရှိသည့် ကြက်သွန်နီ တန် ၁၁၀၀ ကျော်တင်ပို့နိုင်ခဲ့သလို မြဝတီကုန်သွယ်ရေးဇုန်မှ အမေရိကန်ဒေါ်လာ ၂၁၁၇၆၂ တန်ဖိုးရှိ ကြက်သွန်နီ ၆၃၆ တန်ခွဲနဲ့ အမေရိကန် ဒေါ်လာ ၅၈၈၂၉ တန်ဖိုးရှိ ကြက်သွန်ဖြူ တန် ၄၀ တို့ တင်ပို့ခဲ့ကြောင်း သိရသည်။

မြဝတီကုန်သွယ်ရေးဇုန်မှ အများဆုံးပို့ကုန်များမှာ ပဲတီစိမ်း၊ မြေပဲဆန်၊ ငရုတ်သီးခြောက်၊ မတ်ပဲ၊ ငါးမျိုးစုံတို့ဖြစ်ပြီး ပြည်တွင်းဈေးကွက်သို့ အများဆုံးသွင်းကုန်များမှာ လယ်ယာသုံးစက်ယန္တရားနှင့် ရေနံဓာတ်ငွေ့ရည် မော်တော်ဆိုင်ကယ်များဖြစ်ပြီး Re-export အဖြစ် တရုတ်နိုင်ငံသို့တင်ပို့သည့် သကြားများမှာ ကုန်ပစ္စည်းသယ်ဆောင်ယာဉ်များ၏ ၅၀ ရာခိုင်နှုန်း တင်သွင်းလျက်ရှိကြောင်း နယ်စပ်ကုန်သွယ်သူများကပြောသည်။ လတ်တလောတွင် ဈေးကွက်အတွင်း သကြားမှာ ဝယ်ယူရခက်ခဲနေပြီး မြန်မာကုန်သည်များမှ မဲဆောက်အဝယ်ဒိုင်သို့ သိန်းသောင်းချီသည့်ငွေပမာဏလွှဲပေးကာ တစ်ဆင့်ဝယ်ယူနေသော်လည်း သတ်မှတ်ရက်ချိန်းအတွင်း ပစ္စည်းမရရှိခြင်း၊ လိမ်လည်မှုခံရခြင်းတို့ ဖြစ်ပေါ်လျက်ရှိကြောင်း သိရသည်။

သကြားတင်တွဲကားခနှုန်းထားများအနေဖြင့် မြဝတီ-မန္တလေး သကြားတစ်တန် ယနေ့ပေါက်ဈေး ကျပ် ၅၄၀၀၀၊ မြဝတီ-မူဆယ် သကြားတစ်တန် ယနေ့ပေါက်ဈေး ကျပ် ၉၂၀၀၀၊ မန္တလေး-မူဆယ် သကြားတင်ခ တစ်ပိဿာ ၆၂ ကျပ် ဈေးနှုန်းပေါက်လျက်ရှိကြောင်း ၂၂ ဘီးတွဲကားမောင်းသူ ကိုသက်နိုင်ဦးက ပြောသည်။ **တင်ဝင်းလှိုင်**

# မြန်မာ့ကင်းထောက်အဖွဲ့ဝင် မှတ်ပုံတင်ရေးစနစ်တိုးတက်ရေးဆွေးနွေးပွဲဆင်းပွဲ ကျင်းပ

**ရန်ကုန် ဇူလိုင် ၁၅**
မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ်နှင့် အာရှ ပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်အဖွဲ့ချုပ်တို့ ပူးပေါင်း၍ မြန်မာ့ကင်းထောက်အဖွဲ့ဝင် မှတ်ပုံတင်ရေးစနစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းဆွေးနွေးပွဲ ဆင်းပွဲကို ယမန်နေ့ ညနေ ၃ နာရီတွင် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း လမ်းမတော်မြို့နယ်၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် ဥက္ကဋ္ဌ ကင်းထောက်ကြီး ဦးတင်မောင်ထွန်း၊ မြန်မာနိုင်ငံ အမျိုးသားကင်းထောက်အဖွဲ့ ကင်းထောက်ချုပ် ဒေါက်တာတင်ညို၊ ဒုတိယကင်းထောက်ချုပ် ဦးသာစိန်၊ ကမ္ဘာ့ကင်းထောက်အဖွဲ့ချုပ်နှင့် အာရှ ပစိဖိတ်ဒေသ ကင်းထောက်အဖွဲ့ချုပ် APR Regional Director Mr. JR C Pangilinan နှင့် ကိုယ်စားလှယ်များ၊ ကင်းထောက်ကြီးများ၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ သင်တန်းသားများ တက်ရောက်ကြသည်။

ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် ဥက္ကဋ္ဌ ကင်းထောက်ကြီး ဦးတင်မောင်ထွန်းနှင့် ကမ္ဘာ့ကင်းထောက်အဖွဲ့ချုပ်နှင့် အာရှ ပစိဖိတ်ဒေသ ကင်းထောက်အဖွဲ့ချုပ် APR Regional Director Mr. JR C Pangilinan၊ မြန်မာနိုင်ငံ အမျိုးသားကင်းထောက်အဖွဲ့ ကင်းထောက်ချုပ် ဒေါက်တာတင်ညိုတို့က လုပ်ငန်းဆွေးနွေးပွဲဆင်းပွဲနှင့် ပတ်သက်ပြီး အမှာစကား ပြောကြားသည်။

ထို့နောက် လုပ်ငန်းဆွေးနွေးပွဲ အစီရင်ခံစာကို ဆွေးနွေးပွဲ ဒါရိုက်တာ ဦးတင်လှိုင်၊ ဆွေးနွေးသူများကိုယ်စား ဦးကျော်ကျော်က ဆွေးနွေးပွဲ အတွေ့အကြုံများကို သုံးသပ်တင်ပြကာ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် ဥက္ကဋ္ဌကင်းထောက်ကြီး ဦးတင်မောင်ထွန်းက ဆွေးနွေးပွဲတက်ရောက်သူများကို ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် ကမ္ဘာ့ကင်းထောက် အဖွဲ့ချုပ်နှင့် အာရှ ပစိဖိတ်ဒေသ ကင်းထောက်အဖွဲ့ချုပ် ကိုယ်စားလှယ်များအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

မြန်မာ့ ကင်းထောက်အဖွဲ့ဝင် မှတ်ပုံတင်ရေးစနစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းဆွေးနွေးပွဲကို အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း လမ်းမတော်မြို့နယ်တွင် ဇူလိုင် ၁၁ ရက်မှ ၁၄ ရက်အထိ ကျင်းပခဲ့ပြီး မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ်မှ အဆင့်မြင့်တာဝန်ရှိသူ ကင်းထောက်ကြီးများ၊ အဆင့်မြင့်ပညာဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနအောက်ရှိ ကင်းထောက်နည်းပြဆရာ ဆရာမ ၃၅ ဦး တက်ရောက်ခဲ့ကြသည်။

**ကိုလတ်(သတင်းစဉ်)**

# တိုင်းရင်းဆေးကုဌာနအဆောက်အအုံသစ်ဖွင့်

**ကျောက်တန်း ဇူလိုင် ၁၅**
ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် တံတားမြို့တွင် ယနေ့နံနက်ပိုင်းက တိုင်းရင်းဆေးကုဌာန အဆောက်အအုံသစ်ဖွင့်ပွဲ ကျင်းပခဲ့သည်။

ရှေးဦးစွာ ကျောက်တန်းမြို့နယ် တိုင်းရင်းဆေးကုဌာနမှ မြို့နယ်တိုင်းရင်းဆေးမှူး ဒေါ်ဝတ်ရည်ဝင်းက တံတားမြို့ တိုင်းရင်းဆေးကုဌာန၏ သမိုင်းအကျဉ်းနှင့် တိုင်းရင်းဆေးကုဌာနနှင့် ဝန်ထမ်းအိမ်ရာသစ်ဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်တို့ကို ရှင်းလင်းတင်ပြသည်။ တံတားမြို့ အုပ်ချုပ်ရေးမှူး ဦးကျော်မင်းထွန်းနှင့် ရန်ကုန်တိုင်းဒေသကြီး ဦးစီးဌာနရုံးမှ ဒုတိယ တိုင်းဒေသကြီးဦးစီးမှူး ဒေါ်ရီရီစန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ အဆောက်အအုံတွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ် ရန်ပုံငွေဖြင့် ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၁၈ ရက်က စတင် ဆောက်လုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**အောင်ဆွေ(ရွှေတံတား)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဇူလိုင် ၁၅**

ရန်ကုန်(ရွှေဈေး) ၈၃၃၅၀၀ - ၈၃၄၅၀၀ မန္တလေး(ရွှေဈေး) ၈၃၃၀၀၀ - ၈၃၄၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၅၅၀/၅၇၀ ကျပ်၊ တ | ၅၉၀ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၆၅၀ ကျပ်၊ | ၇၇၀ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၅၆၀/၅၇၀ ကျပ်၊ | ၆၄၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၈၀/၆၀၀ ကျပ်၊ | ၆၄၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**
ဒီဇယ် တစ်လီတာ ၄၉၁ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၅၃၂ ကျပ်၊
အောက်တိန်း 92 တစ်လီတာ ၄၇၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၁၇၆. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၃၀၆. ၉ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၇၅. ၉၅ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၃. ၅၃၃ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၂၉၈. ၁၄ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၁၇. ၅၉၃ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၁၁၇. ၃ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၀၃. ၈၁ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၈၉၅. ၈၀ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၈၇၅. ၃၃ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

# မြစိမ်းရောင်ကျေးရွာစီမံကိန်း ဖွံ့ဖြိုးတိုးတက်မှုစစ်ဆေး

**မန်စီ ဇူလိုင် ၁၅**
မြစိမ်းရောင်ကျေးရွာစီမံကိန်းတွင် အကောင်အထည်ဖော်နေသည့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရောင်းဝယ်ရေး၊ ကုန်စုံဆိုင်နှင့် အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းများဆောင်ရွက်နေမှုနှင့် လစဉ်စာရင်းဇယားများ ရေးသွင်းထားမှု မှန်၊မမှန်တို့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး မြို့နယ်ဦးစီးမှူး ဦးဌေးမြင့်နှင့်အဖွဲ့က ဇူလိုင်ဒုတိယပတ်က မန်စီမြို့နယ်အတွင်း သွားရောက်ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

မန်စီမြို့နယ်အတွင်းရှိ ရီခူးမံခံ၊ မံသဲ၊ ကံကြီး၊ နမ့်မဖွဲ၊ မံမကောက်၊ ငွေ့ကြီးနှင့် တောင်လိန်ကျေးရွာများတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးမှုကြောင့် မိုးရာသီကာလ စိုက်ပျိုးရေးလုပ်ငန်းများအတွက် အရင်းအနှီးရရှိလာသဖြင့် မိသားစုဝင်ငွေ တိုးပွားလာလျက်ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



## အိုင်အက်စ် ချေမှုန်းတိုက်ခိုက်ရေးလုပ်ငန်းအတွက် ပြင်သစ်လေယာဉ်တင်သင်္ဘော ချားလ်ဒီဂေါကို ဖြန့်ကြက်မည်

**ပါရီ ဇူလိုင် ၁၅**

အစ္စလာမ့်စ်နိုင်ငံတော်ထူထောင်ရေးအဖွဲ့(အိုင်အက်စ်)ကို တိုက်ခိုက်နိုင်ရေးအတွက် ပြင်သစ်လေယာဉ်တင်သင်္ဘောကြီး ချားလ်စ်ဒီဂေါကို အရှေ့အလယ်ပိုင်းဒေသရေပြင်၌ လာမည့်ဆောင်းဦးပေါက်ရာသီတွင် ဖြန့်ကြက်သွားမည်ဖြစ်ကြောင်း သမ္မတဖရန်ဆွာဟော်လန်း၏ပြောကြားချက်ကို ကိုးကားလျက် ဒေသဆိုင်ရာ သတင်းဌာနများက ဇူလိုင် ၁၅ ရက်တွင် သတင်းထုတ်ပြန်သည်။

လေယာဉ်တင်သင်္ဘောကြီး ချားလ်ဒီဂေါအပါအဝင် တိုက်ခိုက်ရေးစစ်ရေယာဉ်အုပ်စုကို စစ်ဆင်ရေးလုပ်ငန်းအတွက် အရှေ့အလယ်ပိုင်းဒေသတွင် ဖြန့်ကြက်မည်ဖြစ်ကြောင်း ၂၀၁၅ ခုနှစ် ဇန်နဝါရီလနှင့် နိုဝင်ဘာလတို့အတွင်းက မိမိတို့ကို တိုက်ခိုက်ခဲ့သော စစ်သွေးကြွများကို မိမိတို့က ပြန်လည်တိုက်ခိုက်နိုင်မည်ဖြစ်ကြောင်း ဇူလိုင် ၁၄ ရက်က ကျရောက်ခဲ့သည့် ပြင်သစ်အမျိုးသားနေ့ အထိမ်းအမှတ်စစ်ရေးပြအခမ်းအနားပွဲအကြို မိန့်ခွန်းတွင် ပြင်သစ်သမ္မတက ပြောကြားသည်။

**ရိုက်တာ။**

## ပြင်သစ်နိုင်ငံ နိစ်မြို့တွင် အမျိုးသားနေ့အခမ်းအနားကျင်းပနေစဉ် လူအုပ်ထဲသို့ ထရပ်ကားတစ်စီးဖြင့် လိုက်လံတိုက်သတ်၊ အနည်းဆုံးလူ ၈၄ ဦးသေဆုံး

**ပါရီ ဇူလိုင် ၁၅**

ပြင်သစ်နိုင်ငံ အပန်းဖြေစခန်းမြို့ နိစ်၌ ဇူလိုင် ၁၄ ရက်က အမျိုးသားနေ့ အထိမ်းအမှတ် ကျင်းပနေစဉ် အကြမ်းဖက်သမားတစ်ဦးကလူအုပ်ထဲသို့ ထရပ်ကားတစ်စီးကို အရှိန်ပြင်းစွာ မောင်းနှင်ခဲ့ပြီး အခမ်းအနားတက်ရောက်နေ သူ ပြည်သူများအားကားဖြင့် လိုက်လံတိုက်သတ်ခဲ့သည့် ဖြစ်စဉ် ဖြစ်ပွားခဲ့ကြောင်း ယနေ့သတင်း များအရ သိရသည်။





အဆိုပါ အကြမ်းဖက်မှုကြောင့် လူပေါင်း ၈၄ ဦးသေဆုံးခဲ့ပြီး အများအပြား ထိခိုက်ဒဏ်ရာများရရှိခဲ့သည်။

ယင်းအကြမ်းဖက်မှုကျူးလွန်သူ ယာဉ်မောင်းသည် အသက်(၃၁)နှစ်ခန့်ရှိပြီး တူနီးရှားလူမျိုး ပြင်သစ်နိုင်ငံသားဖြစ်ကြောင်း ပြင်သစ်မီဒီယာများက ရေးသားကြသည်။ ထို့ပြင် ယခင်အကြမ်းဖက်မှုများတွင် ပါဝင်ခဲ့သူတစ်ဦးလည်း ဖြစ်သည်ဟု ရဲအရာရှိများက ပြောသည်။ သို့သော် အကြမ်းဖက်မှုနှင့် သူ့အကြား ဆက်နွယ်သည့် မည်သည့်အချက်အလက်ကိုမျှ အာဏာပိုင်များက ထုတ်ဖော်ပြောကြားခြင်းမရှိသေးပေ။

အခင်းဖြစ်စဉ်တွင် ယင်းအကြမ်းဖက်သမားက ထရပ်ကားကို ကီလိုမီတာ ၅၀ခန့် အရှိန်တင်ကာ ဒိစ်အန်ဂလာစ် စကြံလမ်းတွင် အမျိုးသားနေ့ အခမ်းအနား တက်ရောက်နေသည့် လူအုပ်ထဲသို့ ဦးတည်ရာမဲ့ မွေလိမ်မွေကောက်မောင်းနှင်လာခဲ့သည်။ ပြည်သူများအား ဝင်ရောက်တိုက်မိပြီးနောက် ထရပ်ကားသည် အနီးအနားရှိ ဟိုတယ်များအရှေ့တွင် ရပ်တန့်သွားခဲ့သည်။ ယာဉ်မောင်းအား ရဲအရာရှိများက အသေပစ်ခတ်ဖမ်းဆီးနိုင်ခဲ့သည်။

သေဆုံးသွားသူများတွင် ကလေးငယ်များလည်း ပါဝင်ကြောင်းနှင့် ထိခိုက်ဒဏ်ရာရရှိသူများအနက် ၁၈ ဦးမှာ အသက်အန္တရာယ်စိုးရိမ်ရကြောင်း ပြည်ထဲရေးဝန်ကြီး ဘာနတ်ကာဇီနူဗီက ဆိုသည်။ အဆိုပါ အကြမ်းဖက်သမားအပြင် နောက်ထပ်အပေါင်းအပါများ ရှိနိုင်သလားဆိုသည်ကိုမူ ဆက်လက်စုံစမ်းနေသေးကြောင်း ဝန်ကြီးက ပြောကြားခဲ့သည်။

အကြမ်းဖက် ဖြစ်ရပ်ပြီးနောက် အရေးပေါ် အစည်းအဝေးတစ်ရပ် ကျင်းပခဲ့ကြောင်း သမ္မတ ဖရန်ဆွာဟော်လန်းကဆိုသည်။ ထို့ပြင် ယင်းဖြစ်ရပ်နှင့်ပတ်သက်ပြီး စုံစမ်းစစ်ဆေးမှုများပြုလုပ်ရန်နှင့် အလားတူ ဖြစ်ရပ်မျိုးနောက်ထပ်ဖြစ်မလာစေရန် လုံခြုံရေးတင်းတင်းကျပ်ကျပ်ချထားရန် သက်ဆိုင်ရာဝန်ကြီးများအား တိုက်တွန်းထားကြောင်း သမ္မတကပြောကြားခဲ့သည်။

ယင်းဖြစ်ရပ်တွင်သေဆုံးခဲ့သူများအတွက် ဇူလိုင် ၁၆ ရက်မှ ၁၈ ရက်အထိ ပူဆွေးဝမ်းနည်းခြင်းရက်များအဖြစ် ဝန်ကြီးချုပ် မန်နျူရယ်ဗောစ်က ကြေညာခဲ့သည်။

**အင်န်အိတ်ချ်ကေ။**

## မလေးရှားနှင့် စင်ကာပူအမြန်ရထားလမ်း ဖောက်လုပ်မည်

**ကွာလာလမ်ပူ ဇူလိုင် ၁၅**

မလေးရှားနှင့် စင်ကာပူနိုင်ငံတို့အကြား အမြန်ရထားလမ်း ဖောက်လုပ်ရေး နားလည်မှုစာချွန်လွှာတစ်ရပ်ကို လက်မှတ်ရေးထိုးမည်ဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဇူလိုင် ၁၅ ရက်တွင် သတင်းထုတ်ပြန်သည်။

မလေးရှားနှင့် စင်ကာပူနိုင်ငံတို့အကြား အမြန်ရထားလမ်းဖောက်လုပ်ရေးလုပ်ငန်းကို အကောင်အထည်ဖော်ရန်ကာလကြာရှည်စွာကတည်းက ပင်လျှင် နှစ်နိုင်ငံစလုံးမှ ပြည်သူများက မျှော်လင့်စောင့်စားနေခဲ့ကြသည်။

အမြန်ရထားလမ်းဖောက်လုပ်ရေးစီမံကိန်းကို အကောင်အထည်ဖော်ရန် နားလည်မှုစာချွန်လွှာကို မလေးရှားဝန်ကြီးချုပ် နာဂျစ်ရာဇတ်နှင့် စင်ကာပူဝန်ကြီးချုပ် လီရှန်လွန်းတို့၏ ရှေ့မှောက်တွင် လက်မှတ်ရေးထိုးမည်ဖြစ်ကြောင်း နယူးစထရိတ်တိုင်းမ်သတင်းစာက ရေးသားဖော်ပြသည်။

နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးပြီးပါက အမြန်ရထားလမ်းဖောက်လုပ်ရေးစီမံကိန်းအတွက် အစီအစဉ်ရေးဆွဲခြင်း၊ စီမံကိန်းအကောင်အထည်ဖော်ခြင်းတို့နှင့်ပတ်သက်၍ အသေးစိတ်လုပ်ငန်းများကို ညှိနှိုင်းဆွေးနွေးရမည်ဖြစ်ကြောင်း၊ နှစ်နိုင်ငံသဘောတူညီချက်ကို ယခုနှစ်ကုန်ထက်နောက်မကျဘဲ လက်မှတ်ရေးထိုးနိုင်မည်ဟု မျှော်လင့်ရကြောင်း သတင်းတွင်ဖော်ပြသည်။

မလေးရှားနှင့် စင်ကာပူတို့ကို ဆက်သွယ်မည့် အမြန်ရထားလမ်းဖောက်လုပ်မှုကို ၂၀၁၈ ခုနှစ်တွင် စတင်နိုင်မည်ဟု မျှော်လင့်ရသည်။ အမြန်ရထားလမ်းဖောက်လုပ်ခြင်းဖြင့်မြို့တော်ကွာလာလမ်ပူနှင့် စင်ကာပူအကြား ခရီးသွားလာရချိန်ကို မိနစ် ၉၀ အထိ လျှော့ချနိုင်မည်ဖြစ်ကြောင်း သတင်းစာက ရေးသားဖော်ပြသည်။

**ဆင်ဟွာ။**



## အိန္ဒိယထိန်းချုပ်သည့် ကက်ရှ်မီးယား၌ ညမထွက်ရအမိန့်ထုတ်ပြန် မိုဘိုင်းဖုန်းဝန်ဆောင်မှုများ ပိတ်ပင်ထား

**ဆရီနာဂါ (အိန္ဒိယ) ဇူလိုင် ၁၅**

လုံခြုံရေးတပ်ဖွဲ့များက လူငယ်ခွဲထွက်ရေးတပ်မှူးတစ်ဦးကို သတ်ဖြတ်မှုနှင့်ပတ်သက်၍ လမ်းများပေါ်၌ လူစုလူဝေးပြုလုပ်မှုနှင့် အကြမ်းဖက်ဆန္ဒပြမှုများကို ဟန့်တားရန် အိန္ဒိယနိုင်ငံထိန်းချုပ်ထားသော ကက်ရှ်မီးယားဒေသ၌ ညမထွက်ရအမိန့်ချမှတ်လိုက်ပြီး မိုဘိုင်းဖုန်းဝန်ဆောင်မှုများကို ပိတ်ပင်ထားကြောင်းသိရသည်။

အဆိုပါ အငြင်းပွားနယ်မြေတွင် ခြောက်နှစ်တာကာလအတွင်း အဆိုးရွားဆုံးသော အကြမ်းဖက်မှုဖြစ်ရပ်၌ ပြည်သူ ၃၄ ဦးထက်မနည်း သေဆုံးခဲ့ပြီး ၃၁၀၀ ခန့် ဒဏ်ရာရရှိကာ အများစုမှာ ရဲတပ်ဖွဲ့ဝင်များ၏ ပစ်ခတ်မှုကြောင့်ဖြစ်သည်။ ညမထွက်ရအမိန့်ပြဋ္ဌာန်းရန် ဂျမူးနှင့်ကက်ရှ်မီးယားပြည်နယ်၏ နွေရာသီမြို့တော် ဆရီနာဂါအပြင် လုံခြုံရေးဆိုင်ရာစစ်ဆင်ရေးအတွင်း ကက်ရှ်မီးယားလူငယ်အချို့လေးစားသူ ဘာဟန်ဝါနိ သတ်ဖြတ်ခံခဲ့ရသည့် အနန်တက်ဂ်ျခရိုင်၌လည်း လုံခြုံရေးတပ်ဖွဲ့များကို ဖြန့်ကြက်ထားသည်။

ဆေးကုသမှုအရေးပေါ်လိုအပ်နေသူများကိုသာ ခရီးထွက်ခွင့်ပြုမည်ဟု သောကြာနေ့ ဝတ်ပြုဆုတောင်းမှုအပြီး ဆန္ဒပြမှုများကိုတားဆီးထားသော ထုတ်ပြန်ချက်တစ်ခုအတွင်း ပြည်နယ်အစိုးရက ပြောကြားသည်။ အစိုးရတပ်ဖွဲ့များနှင့် ပစ်ခတ်မှုများဖြစ်ပွားပြီးနောက် ဝါနီနှင့်သူ၏အပေါင်းအပါများ သတ်ဖြတ်ခံခဲ့ရသော အနန်တက်ဂ်ျမြို့ရှိ အိမ်တစ်လုံးကို ဇူလိုင် ၁၄ ရက်တွင် လူအုပ်ကြီးတစ်ခုက မီးရှို့ပစ်ခဲ့ကြကြောင်း အစိုးရပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

ကက်ရှ်မီးယားဒေသ၌ စစ်သွေးကြွများ၏တိုက်ခိုက်မှုများမှာ ပါကစ္စတန်နိုင်ငံ ကျောထောက်နောက်ခံပြုထားသော စစ်သွေးကြွများအပြင် ဟက်ဇ်ဘူလ်မူဂျာဟီဒင်ကဲ့သို့သော ဒေသခံအုပ်စုများက လုံခြုံရေးတပ်ဖွဲ့များကို ဗုံးဖောက်ခွဲမှုများ၊ လက်နက်များနှင့် ပစ်မှတ်ထားတိုက်ခိုက်ခဲ့သည့် ၁၉၉၀ ပြည့်နှစ်များက လုံခြုံရေးအခြေအနေများနီးပါးပင် ဖြစ်သည်။ သို့သော် ခွဲထွက်ရေးခေါင်းဆောင်များက ကက်ရှ်မီးယားလူမျိုးများမှာ ကြဉ်ခံနေရဆဲဖြစ်ကြောင်း ပြောကြားလိုက်ပြီး နစ်နာမှုများဖြေရှင်းရန် ပါကစ္စတန်နိုင်ငံအပါအဝင် သုံးပွင့်ဆိုင်ဆွေးနွေးမှုများ ပြုလုပ်ရန် ထပ်တလဲလဲ ပန်ကြားထားသည်။

**ရိုက်တာ။**

# ချယ်လ်ဆီးတွင် တယ်ရီ ဆက်ရှိနေမည်

ချယ်လ်ဆီးနည်းပြသစ် ကွန်တီက ဝါရင့်နောက်ခံလူ ဂျွန်တယ်ရီမှာ ရာသီသစ်တွင်လည်း ချယ်လ်ဆီးအသင်းခေါင်းဆောင်အဖြစ် ဆက်ရှိနေမည်ဖြစ်ကြောင်း ထပ်မံအတည်ပြုပြောကြားခဲ့သည်။ တယ်ရီမှာ ပြီးခဲ့သည့် မေလတွင် ချယ်လ်ဆီးနှင့် တစ်နှစ်သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့သော်လည်း အသက်အရွယ်အရ ကွန်တီ၏ နည်းစနစ်ကို လိုက်မီအောင် ကစားနိုင်မည်မဟုတ်သဖြင့် အသင်းပြောင်းရမည်ဟု သတင်းထွက်နေသူဖြစ်သည်။

ကွန်တီက “တယ်ရီဟာ ပရိသတ်တွေအတွက်ရော၊ ကလပ်အသင်းအတွက်ရော၊ ကျွန်တော့်အတွက်ရော တကယ့်ကို အရေးကြီးတဲ့ကစားသမားပါ။ ပြီးခဲ့တဲ့မေလက သူ့ကို စာချုပ်သက်တမ်းတိုးခဲ့တာက ကျွန်တော်တို့အားလုံး တိုင်ပင်ပြီးမှ လုပ်ဆောင်ခဲ့ကြတဲ့ ဆုံးဖြတ်ချက်ဖြစ်ပါတယ်။ ဒီကိစ္စဟာ နှစ်ဦးနှစ်ဖက် ကျေနပ်ပျော်ရွှင်ရတဲ့ဖြစ်စဉ်ပါ”ဟု ရှင်းလင်းခဲ့သည်။



ကွန်တီက ၎င်းမှာ ချယ်လ်ဆီးအသင်းအတွက် အလှပဆုံးဝတ်စုံကို ဖန်တီးပေးမည့် အဝတ်အထည် ချုပ်လုပ်သူတစ်ဦးသာဖြစ်ပြီး ကစားသမားသစ် သုံးဦးကို ထပ်မံခေါ်ယူသွားရန်ရှိကြောင်းလည်း ဆိုခဲ့သည်။ ယင်းကစားသမားသုံးဦးမှာ လက်စတာ ကွင်းလယ်လူ ကန်တီ၊ ရီးယဲလ်တိုက်စစ်မှူး မိုရာတာနှင့် နာပိုလီနောက်ခံလူ ကူလီဘာလီတို့ သုံးဦးဖြစ်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။ ကွန်တီလက်ထက် ပထမဦးဆုံး ခေါ်ယူခဲ့သည့် ကစားသမားမှာ မာဆေးလ်တိုက်စစ်မှူး ဘက်ရှုယာရီဖြစ်ပြီး ပြောင်းရွှေ့ကြေး ပေါင် ၃၃ သန်းဖြင့် ခေါ်ယူခဲ့ခြင်းဖြစ်သည်။ ကွန်တီ၏ နည်းစနစ်အရ ဗဟိုတိုက်စစ် ကစားသမားနှစ်ဦး အသုံးပြုလေ့ရှိရာ ဘက်ရှုယာရီ နှင့် တွဲဖက်ကစားမည့် တိုက်စစ်မှူးအဖြစ် မိုရာတာကို အလိုရှိနေခြင်းဖြစ်သော်လည်း ၎င်းအား ရီးယဲလ် အသင်းဘက်မှ ထုတ်ရောင်းမည်၊ မရောင်းမည် ဆိုသည်ကို ယခုထိ အဖြေမသိရသေးပေ။

မေလဲ့သင်း-ရေးသားသည်။



# ဂျူဗင်တပ်ကို ပြောင်းရွှေ့ဖို့ နီးစပ်နေတဲ့ ဟီဂူအင်

**နာပိုလီတိုက်စစ်မှူး ဟီဂူအင်မှာ စီးရီးအေပြိုင်ဘက် ဂျူဗင်တပ်သို့ ပြောင်းရွှေ့ရန် အနီးစပ်ဆုံး အခြေအနေတစ်ရပ်သို့ ရောက်ရှိနေပြီဖြစ်သည်။ ဂျူဗင်တပ်အသင်းသည် ဟီဂူအင်အား တစ်နှစ်လုပ်ခလစာ ယူရို ခုနစ်သန်းဖြင့် လေးနှစ် စာချုပ်ချုပ်ဆိုရန် သဘောတူညီချက်ရရှိခဲ့ခြင်းဖြစ်သည်။ ဟီဂူအင်မှာ ပြီးခဲ့သည့်ရာသီ နာပိုလီအတွက် ပွဲစဉ်(၃၅)ပွဲတွင် ၃၆ ဂိုးအထိ သွင်းယူနိုင်ခဲ့ရာ အာဆင်နယ်၊ မန်ယူတို့မှ မြင့်မားသည့် ပြောင်းရွှေ့ကြေးဖြင့် ကမ်းလှမ်းခဲ့သော်လည်း ဂျူဗင်တပ်သို့ ပြောင်းရွှေ့ရန် ကစားသမားကိုယ်တိုင်က ရွေးချယ်ခဲ့ကြောင်းလည်း သိရသည်။**

**သို့သော် နာပိုလီနှင့် ဟီဂူအင်တို့ ချုပ်ဆိုခဲ့သည့် စာချုပ်အရ ခေါ်ယူလိုသည့်အသင်းများမှာ ပြောင်းရွှေ့ကြေး ယူရို ၉၄ သန်းအထိ ပေးချေရမည်ဖြစ်ရာ ယင်းပမာဏက အပြောင်းအရွှေ့အတွက် အဓိက အတားအဆီးတစ်ရပ်ဖြစ်နေသည်။ ထို့ကြောင့် အသုံးပြုမည့် ငွေပမာဏ လျော့ကျစေရန် ကစားသမားတစ်ဦးကို အလိုက်ပေး၍ အလဲအထပ်ပြုရန် ဂျူဗီဘက်မှ လိုလားနေပြီး ကွင်းလယ်လူ ရောဘတ်တို ပါရဲရားနှင့် နောက်ခံလူ ရူဂနီတို့နှစ်ဦးမှာ အဆိုပါစာရင်းတွင် ထိပ်ဆုံးမှပါဝင်နေသည်။**

**ဟီဂူအင်၏ အပြောင်းအရွှေ့အတွက် ဂျူဗီ အလုပ်အမှုဆောင် မာရော့တာနှင့် နာပိုလီတာဝန်ရှိသူတို့ လာမည့်ရက်ပိုင်းအတွင်း တွေ့ဆုံဆွေးနွေးသွားရန် ရှိနေသည်။ ဂျူဗီအသင်းသည် ဟီဂူအင်အတွက် ကုန်ကျမည့်စရိတ်ကာမိစေရန် အသင်း၏ အဓိကကွင်းလယ်လူ ပေါလ်ပေါ့ဂ်ဘာအား ယူရိုသန်း ၁၂၀ ဖြင့် မန်ယူသို့ ထုတ်ရောင်းသွားဖွယ်ရှိနေကြောင်းလည်း သိရသည်။**

# စီရိုနယ်လ်ဒိုခေတ်လွန်လျှင်လည်း ရီးယဲလ်မက်ဒရစ် ဆက်လက်အောင်မြင်ဦးမည်

ရီးယဲလ်မက်ဒရစ်အသင်းခေါင်းဆောင်ဟောင်း ရာအူးလ်က ရီးယဲလ်မက်ဒရစ်အနေဖြင့် စီရိုနယ်လ်ဒိုခေတ်ကုန်ဆုံးလျှင်လည်း အောင်မြင်မှုများ ဆက်လက်ရှာဖွေနိုင်လိမ့်ဦးမည်ဖြစ်ကြောင်း သူ၏ယုံကြည်ချက်ကို ထုတ်ဖော်ပြောကြားခဲ့သည်။ စီရိုနယ်လ်ဒိုမှာ အသက်(၃၁)နှစ် ကျော်လွန်လာခဲ့ပြီဖြစ်ပြီး ရီးယဲလ်နှင့် စာချုပ်သက်တမ်း သုံးနှစ် ကျန်ရှိနေသေးသော်လည်း စီရိုနယ်လ်ဒိုခေတ်လွန်ချိန်တွင်လည်း အခြားနာမည်ကျော် ကစားသမားများဖြင့် ချန်ပီယံဆုဖလားများစွာကို ရီးယဲလ်သိမ်းပိုက်နိုင်ဦးမည်ဟု ရာအူးလ်က မှတ်ချက်ပြုသည်။



စီရိုနယ်လ်ဒိုသည် မန်ယူမှ ရီးယဲလ်သို့ ၂၀၀၉ ခုနှစ်က ပြောင်းရွှေ့ခဲ့ပြီးနောက် ခုနစ်ရာသီအတွင်း ဂိုး ၃၀၀ ကျော်အထိသွင်းယူကာ ချန်ပီယံလိဂ်ဖလားနှစ်ကြိမ် ရယူပေးနိုင်ခဲ့သည်။ အချို့သော အားကစားကျွမ်းကျင်သူများက ရီးယဲလ်မက်ဒရစ်မှာ စီရိုနယ်လ်ဒိုအပေါ် မှီခိုလွန်းသောကြောင့် ၎င်းခြေစွမ်းကျသွားချိန်တွင် ရီးယဲလ်အသင်း ရလဒ်ပိုင်းအကျဘက်သို့ ရောက်ရှိသွားနိုင်ကြောင်း ဝေဖန်နေကြသော်လည်း ရာအူးလ်က ယင်းသို့ဖြစ်လာမည်မဟုတ်ကြောင်း ယုံကြည်မှုအပြည့်ရှိနေခြင်းဖြစ်သည်။

“စီရိုနယ်လ်ဒို ရီးယဲလ်ကိုရောက်လာတော့ ဘယ်သူ တစ်ဦးတစ်ယောက်ကမျှ သူဒီလောက်အထိ ခြေစွမ်းပြနိုင်မယ်လို့ မမျှော်လင့်ခဲ့ကြဘူး။ ရီးယဲလ်မက်ဒရစ်မှာ အခုလည်း ကစားသမားကောင်းတွေအများကြီးရှိနေပြီး နောက်ထပ် ကစားသမားသစ်တွေကိုလည်း ဆွဲဆောင်နိုင်စွမ်း အပြည့်ရှိတဲ့အသင်းပါ။ သေချာတာတော့ သူမရှိတော့ချိန်မှာလည်း ကစားသမားသစ်တွေနဲ့ ရီးယဲလ် အောင်မြင်မှုတွေ ရရှိဦးမှာပါ”ဟု အေအက်စ်သတင်းဌာနသို့ ပြောကြားခဲ့သည်။

## မန်ယူအတွက် လုခ်ရှော ပြန်လာပြီ



မန်ယူအသင်း ဘယ်တောင်ပံခံစစ်မှူး လုခ်ရှောဟာ ပြီးခဲ့တဲ့နှစ် စက်တင်ဘာလ ပီအက်စ်ဗွီနဲ့ပွဲမှာ ခြေထောက်ကျိုးသွားခဲ့လို့ ၁၀ လကြာ အနားယူနေရာကနေ အခုအချိန်မှာတော့ ပြန်လည်ကစားဖို့ အသင့်အနေအထားမှာ ရှိနေပါပြီ။ သူဟာ ပီအက်စ်ဗွီနဲ့ ရင်ဆိုင်ခဲ့ရတဲ့ ချန်ပီယံလိဂ်ပွဲစဉ်မှာ ခြေထောက်ကျိုးသွားခဲ့တာဖြစ်ပါတယ်။ ဒီဒဏ်ရာကြောင့်ပဲ ယူရို-၂၀၁၆ ပြိုင်ပွဲကိုလည်း လွဲချော်ခဲ့ပါသေးတယ်။

လုခ်ရှောအနေနဲ့ ရာသီသစ်အတွက် အသင့်ရှိနေပြီဆိုပေမယ့် နည်းပြသစ်မော်ရင်ဟို ရှေ့မှာတော့ အခုထိ ကစားပြရခြင်းမရှိသေးပါဘူး။ သူဟာ ဆောက်သမ်တန်ကနေ မန်ယူကို ၂၀၁၄ ခုနှစ်မှာ ပြောင်းရွှေ့ကြေး ပေါင်သန်း ၃၀ ဝန်းကျင်နဲ့ ပြောင်းရွှေ့လာခဲ့သူဖြစ်ပြီး ဒဏ်ရာမရရှိမီ မန်ယူအတွက် ပွဲတိုင်းဝင်ရောက်ခွင့်ရတဲ့ ကစားသမားတစ်ဦးလည်းဖြစ်ပါတယ်။

မော်ရင်ဟို အသစ်ခေါ်ယူထားတဲ့ အမ်ခီတာရန်နဲ့ အဲရစ်ဘိုင်လီတို့ နှစ်ဦးက မန်ယူရဲ့ လေ့ကျင့်ရေးအစီအစဉ်တွေမှာ စတင်ပါဝင်နေပြီဖြစ်ပေမယ့် ယူရိုပြိုင်ပွဲဝင် အီဘရာဟီမိုဗစ်ချ်ကိုတော့ နားခွင့်ပေးထားပြီး မန်ယူအသင်းရဲ့ ရာသီကြိုခြေစမ်းပွဲတွေမှာလည်း အသုံးပြုဦးမှာ မဟုတ်သေးကြောင်းလည်း သိရပါတယ်။

## ပရိသတ် ၁၀၀၀၀ ရှေ့ ဗလင်စီယာနဲ့ စာချုပ်ချုပ်ဆိုခဲ့သည့် နာနီ



ပေါ်တူဂီ တောင်ပံတိုက်စစ်မှူးနာနီနှင့် ဗလင်စီယာအသင်းတို့ အပြီးသတ်စာချုပ် ချုပ်ဆိုပွဲတွင် ဗလင်စီယာပရိသတ် ၁၀၀၀၀ လာရောက်ကြိုဆိုခဲ့ကြကြောင်း သိရသည်။ မန်ယူကစားသမားဟောင်း နာနီမှာ ဖီနာဘာချီမှ ဗလင်စီယာသို့ ပြောင်းရွှေ့ရန် ယူရိုပြိုင်ပွဲကာလအတွင်းကပင် ပုဂ္ဂိုလ်ရေးအရ သဘောတူညီခဲ့ပြီး ဇွန် ၁၅ ရက်တွင် သဘောတူစာချုပ် လက်မှတ်ရေးထိုးခဲ့ခြင်း ဖြစ်သည်။ နာနီမှာ ယူရို-၂၀၁၆ ချန်ပီယံ ပေါ်တူဂီအသင်းအတွက် ခြေစွမ်းပြသနိုင်ခဲ့သူဖြစ်သည်။ နာနီက ဗလင်စီယာအသင်းသို့ ပြောင်းရွှေ့ရခြင်းကြောင့် ကျေနပ်ပျော်ရွှင်မိပြီး အကောင်းဆုံး ကြိုးစားသွားမည်ဖြစ်ကြောင်းလည်း ဆိုခဲ့သည်။

## ရိုးမားအတွက် အင်တာမှ ထွက်မယ့် ဂျူအန်ဂျီးဆပ်ဇ်



အင်တာမီလန်အသင်း နောက်ခံလူ ဂျူအန်ဂျီးဆပ်ဇ်သည် ရိုးမားအသင်းသို့ တစ်ရာသီ အငှားစာချုပ်ဖြင့် ပြောင်းရွှေ့ရန် သဘောတူညီမှုရရှိခဲ့ပြီးဖြစ်ကြောင်း ဂိုးလ်ဒေါ့ကွန်းက ဖော်ပြသည်။ ရိုးမားအသင်းသည် ဂျီးဆပ်ဇ်အတွက် ကနဦး ယူရိုနှစ်သန်း ပေးချေခဲ့ရပြီး အကယ်၍ အပြီးသတ်ခေါ်ယူမည်ဆိုပါက နောက်ထပ် ယူရိုရှစ်သန်း ထပ်မံပေးချေရဦးမည်ဖြစ်သည်။ ဂျီးဆပ်ဇ်ကမူ ၎င်းအနေဖြင့် ရိုးမားအသင်းအတွက် ကစားပေးရန် အချိန်ကို မစောင့်နိုင်လောက်အောင်ပင်ဖြစ်နေပြီး အကောင်းဆုံး ပေးဆပ်ကစားမည်ဖြစ်ကြောင်း ပရိသတ်များအား ကတိပြုပြောကြားခဲ့သည်။

## ဝက်စ်ဟမ်းမှာ ဆက်ရှိဖို့ ရာနှုန်းပြည့်သေချာတယ်လို့ ပါယက် ထုတ်ဖော်



အသင်းပြောင်းရွှေ့မည်ဟု သတင်းကြီးနေသည့် ဝက်စ်ဟမ်းတိုက်စစ်မှူး ပါယက်က လက်ရှိကလပ်အသင်းတွင်သာ ဆက်ရှိနေရန် ရာနှုန်းပြည့်သေချာကြောင်း ထွက်ပေါ်နေသည့် ကောလာဟလများနှင့် ပတ်သက်ပြီး တုံ့ပြန်လိုက်သည်။ ပါယက်မှာ ပြီးခဲ့သည့်ရာသီ ဝက်စ်ဟမ်းအတွက် ခြေစွမ်းပြသနိုင်ခဲ့သလို ယူရို-၂၀၁၆ ပြိုင်ပွဲတွင်လည်း ခြေစွမ်းကောင်းတစ်ရပ်ပြသနိုင်ခဲ့သူဖြစ်ရာ ၎င်းအား ရီးယဲလ်မက်ဒရစ် အပါအဝင် အသင်းကြီး အတော်များများက ခေါ်ယူရန် ချိတ်ဆက်နေကြောင်း သတင်းများ ထွက်ပေါ်နေသည်။ သို့သော် ပါယက်မှာ ဝက်စ်ဟမ်းနှင့် ၂၀၂၀ ခုနှစ် နှစ်လယ်အထိ စာချုပ်ချုပ်ဆိုထားသူဖြစ်ပြီး အသင်းမှ ထွက်ခွာရန် ရည်ရွယ်ချက်မရှိကြောင်း ဆိုခဲ့သည်။

# ပြည်ကြီးတံခွန်မြို့နယ်နှင့် မိတ္ထီလာမြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၁၅**

မူးယစ်တပ်ဖွဲ့စု(၁၈) မန္တလေး (တောင်ပိုင်း)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၁၃ ရက်တွင် ပြည်ကြီးတံခွန်မြို့နယ် (ခ) ရပ်ကွက် လမ်း(၇၀)၊ ကျွန်စစ်သားလမ်းနှင့် ပျူစောထီးလမ်းကြား အကွက်အမှတ် (ဟ-၅/၉+၁၀+၂၃+၂၄) ရှိ အာမက်ဒူလာ၏ နေအိမ်ကို ရှာဖွေရာ ၎င်းနှင့်အတူ ဇနီးဖြစ်သူ မအိအိနွေးကို တွေ့ရှိပြီး နေအိမ်ဝင်ပေါက် လှေကားခုံ၏ ဝဲဘက်အုတ်ခဲများအကြားနှင့် နေအိမ်ရှေ့ ဂိုဒေါင်အနီး မြက်ပင်များအတွင်းမှ ပလတ်စတစ်ကပ်ခွာအိတ်များဖြင့် ထည့်လျက် စိတ်ကြွရူးသွပ်ဆေးပြား ၂၁၃၃၀၊ ဘိန်းဖြူ သုည ဒသမ ၂ ဂရမ်၊ နေအိမ်ရှေ့တွင် ရပ်ထားသော မော်တော်ယာဉ် လေးစီးနှင့် မြန်မာငွေကျပ် ၅၁၂ သိန်းတို့ကို သိမ်းဆည်းရမိခဲ့သည်။





တရားခံ အာမက်ဒူလာ(ခ)စိုးမင်း၊ မအိအိနွေး(ခ)မိုးမိုးနှင့် ထွန်းဝေတို့ သုံးဦးအား သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

စစ်ဆေးဖော်ထုတ်ချက်အရ မိတ္ထီလာမြို့နယ် ရွှေစစ်သည်ကျေးရွာအုပ်စု အောင်သာမြောက်ကျေးရွာ ဦးပိုင်အမှတ်(၁၆၆/ယ)၊ အကွက်အမှတ်(၆၄၀)ရှိ ၎င်းတို့ပိုင် နေအိမ်ကို ဆက်လက်ရှာဖွေရာ ခြံစောင့် ထွန်းဝေအား တွေ့ရှိပြီး ထွန်းဝေ၏အိပ်ခန်းနှင့် ကပ်လျက်အခန်းရှိ ဆာလာအိတ် ၁၅ အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၉၀၀၀၀ (ဒေသတန်ဖိုးငွေကျပ်သိန်းပေါင်း ၁၅၄၅၀၀)ကို ထပ်မံသိမ်းဆည်းရမိသဖြင့် အာမက်ဒူလာ(ခ)စိုးမင်း (၄၈)နှစ်၊ မအိအိနွေး (ခ) မိုးမိုး(၃၅)နှစ်နှင့် ထွန်းဝေ(၅၂)နှစ်တို့ သုံးဦးအပေါ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# သန်လျင်တံတားပေါ်က ကားအကျပ်အတည်း လွတ်တော့မယ်တဲ့

**ရန်ကုန် ဇူလိုင် ၁၅**

မိုးရွာသွန်းပြီးနောက် ကတ္တရာလမ်းများပျက်စီးသည့်နှုန်း မြင့်မားလာမှုနှင့်အတူ ကားအကျပ်အတည်းက ရန်ကုန်မြို့ နေရာအများအပြားတွင် ဖြစ်ပေါ်ခဲ့သည့်အထဲတွင် သန်လျင်တံတားကိုဖြတ်ကာ သွားရသည့် ခရီးလမ်းက အဆိုးဆုံးဟူသော မှတ်ချက်ပြုသံများ ဆူဆူညံညံ ပေါ်ထွက်လာနေသည်။

ရန်ကုန်-သန်လျင်၊ သန်လျင်-ရန်ကုန် နေ့စဉ်သွားနေရသူများအဖို့ 'လမ်းသွားနေရသည်က ငရဲတမျှပါပဲ' ဟူသော ပြည်သူ့အသံတို့ကြားမှာ ရန်ကုန် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ စက်မှု၊ လျှပ်စစ်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဖြစ်သူ၏ ရန်ကုန်-သန်လျင် လူးလာခေါက်ပြန်သွားရင်း အဆိုပါ အကျပ်အတည်းကို ဖြေရှင်းနေသည့်သတင်းများ ထွက်ပေါ်လာပြီးသည့်နောက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့အစည်းအဝေးမှ သန်လျင်တံတားပေါ်တွင် ဆယ့်နှစ်ဘီးကားကြီးများ၊ ဆီဘောက်ဆာကားများနှင့် ကွန်တိန်နာ/ကွန်ကရစ်လောင်း အုန်းမွှေလုံးကားကြီးများကို လုံးဝဖြတ်သန်းခွင့် မပေးတော့ ဟူသည့် ဆုံးဖြတ်ချက် ချမှတ်လိုက်ကြောင်း သိရသည်။

ယင်းသတင်း ထွက်ပေါ်ပြီးသည့်နောက် ဝန်ကြီး ဒေါ်နီလာကျော်ထံ ဆက်သွယ်မေးမြန်းရာ ၎င်းက အတည်ပြု ပြောဆိုလိုက်သည်။

ရန်ကုန်-သန်လျင် ခရီးလမ်း၏ လမ်းပိတ်ဆို့မှုနှင့် ကားအကျပ်အတည်းများ၏ အဓိကအကြောင်းများထဲတွင် အထက်ပါ ကုန်ကားကြီးများက ကားအကျပ်ဆုံးအချိန်များတွင် နေရာများများယူထားသည်များ၊ ဘတ်စ်ကားများ စည်းကမ်းလျော့ရဲစွာ မောင်းနှင်နေကြမှုများနှင့် လမ်းများ ချိုင့်ခွက်ထူပြောကာ အလွန်အမင်း ဆိုးရွားနေမှုတို့က ရှေ့တန်းကပါသည်ဟု နေ့စဉ်သွား ခရီးသည်တစ်ဦးက ဆိုသည်။

လမ်းပန်းဆက်သွယ်ရေးဝန်ကြီးကလည်း ယင်းကိုဟုတ်မှန်ကြောင်း ကိုယ်တိုင်လေ့လာ သိရှိပြီးသည့်နောက် လမ်းများကို ယာယီအမြန်ဆုံးဖို့ကာတစ်နည်း၊ အမြဲတမ်းအတွက် အချို့နေရာများကို ကွန်ကရစ်လမ်းများ ပြန်လည်ခင်းခြင်းတို့နှင့်အတူ ကုန်ကားကြီးများ၊ ခဝတ်ဆီကားကြီးများကို ကုလားဝဲတံတားမှသာ သွားလာစေခြင်းဖြင့် လက်ရှိကားအကျပ်အတည်းကို အတော်အသင့် လျော့ပါးသွားစေမည်ဟု ယူဆကြောင်း ပြောသည်။

ယနေ့ ညနေဆိုလျှင်ပင် ယင်းကားကြီးများ ဖြတ်သန်းသွားလာသည်ကို မတွေ့မမြင်ရတော့ဘဲ လမ်းကျပ်တည်းပိတ်ဆို့မှု သိသိသာသာ လျော့ကျသွားပြီဖြစ်ကြောင်း ဆက်သွယ်မေးမြန်းရရှိသည့် နေ့စဉ်သွား ပြည်သူတစ်ဦးက ပြောသည်။

လမ်းများကျပ်တည်းမှုကို ဖြေရှင်းရာတွင် ဥပဒေရှိပြီး ဥပဒေနှင့် ထိထိရောက်ရောက် မကိုင်တွယ်နိုင်ခြင်း၊ စီမံကိန်း စနစ်တကျ မရေးဆွဲခြင်းတို့ကလည်း အရေးကြီးသည်ဟု အဆိုပါပြည်သူက ပြောသည်။ ယခုလို စည်းကမ်းထုတ်ထားပြီး ယင်းစည်းကမ်းအတိုင်း လိုက်နာရန် ထိန်းသိမ်းကွပ်ကဲနိုင်ဖို့ အရေးကြီးကြောင်းနှင့် သီလဝါ စီမံကိန်းလို စီမံကိန်းကြီးလုပ်လိုသည်ဆိုလျှင် အခြေခံအဆောက်အအုံကို ကောင်းမွန်စွာ အရင်ဆုံးပြင်ဆင်သင့်ကြောင်း၊ တံတားတစ်စင်း သီးခြားထိုးပြီး ယခုလိုစီမံကိန်းမျိုးကို အကောင်အထည်ဖော်သင့်သည်ဟု ပြောသည်။

**(မိုးကောင်းစော)**

# သမဝါယမအသင်းသားများသို့ အသေးစား အရင်းအနှီးချေးငွေပေးအပ်

**ဒေးဒရဲ ဇူလိုင် ၁၅**

ဖျာပုံခရိုင် ဒေးဒရဲမြို့နယ် သမဝါယမဦးစီးဌာနမှ အခြေခံသမဝါယမအသင်းသားများသို့ အသေးစားအရင်းအနှီးချေးငွေ ပေးအပ်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မျိုးနိုင်က အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးစန်းမြင့်က အသေးစားအရင်းအနှီးချေးငွေနှင့် သမဝါယမလုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြို့နယ်သမဝါယမအသင်းစုလီမိတက်ဥက္ကဌ ဦးအောင်အောင်က စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမအသင်းနှင့် မွေးမြူရေးသမဝါယမအသင်း ၂၉၀ မှ အသင်းသား ၁၆၇၇၈ ဦးသို့ ချေးငွေကျပ်သိန်းပေါင်း ၁၇၂၅၅ ကို အသင်းဥက္ကဌများ လက်ဝယ်သို့ ပေးအပ်ခဲ့ကြောင်း သိရသည်။

**(သပြေထွန်း)**

# မင်းတပ်မြို့နယ်တွင် သစ္စာစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်

**မင်းတပ် ဇူလိုင် ၁၅**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မင်းတပ်မြို့နယ်ရုံး၏ရက်(၁၀၀)သစ္စာစီမံချက်ဖြင့် ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများပေးအပ်ပွဲကို ဇူလိုင် ၁၄ ရက်က အမှတ်(၁) လူငယ်သင်တန်းကျောင်းမခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မင်းတပ်ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ချိုက အဖွင့်မိန့်ခွန်းပြောကြားပြီး ခရိုင်လဝကဦးစီးမှူး ဦးထန်ခန့်ပေါင်က ရက်(၁၀၀) စီမံချက်ပါ လဝကဌာန၏ လုပ်ငန်းများကို ရှင်းလင်းပြောကြားကာ မြို့နယ်လဝက ဦးစီးမှူးက ကျောင်းသား ကျောင်းသူများ၏ နိုင်ငံသားစိစစ်ရေးကတ်ပြား ၃၂၅ ခုကို ကျောင်းအုပ်ဆရာမကြီး ဒေါ်ထန်ကွဲထံသို့ ပေးအပ်ခဲ့ကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**

## ဖခင်အမည်မှန်

တောင်ငူမြို့ အထက(၆) ဒသမတန်း(ခ)မှ နော်သဲသဲဦး၏ ဖခင်အမည်မှန်မှာ စောအားနို[၃/သတန(နိုင်)၀၂၆၃၂၆ ဖြစ်ပါကြောင်း။

**စောအားနို**

## ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများကို ရည်စူးလျက် စုပေါင်းသွေးလှူဒါန်းပွဲ ကျင်းပမည်

**ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများကို ရည်စူးလျက် "စန်းမောင်မြင့် ဒါနဥပပါရမီ သွေးလှူကုသိုလ်ဖောင်ဒေးရှင်း"**က ကြီးမှူးပြုလုပ်သော ဒုတိယအကြိမ် သွေးလှူဒါန်းပွဲကို ရန်ကုန်ဆေးရုံကြီးဝင်းထောင့် (ယခင်သွားဆေးတက္ကသိုလ်)ရှိ အမျိုးသားသွေးဌာန(အမျိုးသားသွေးလှူဘဏ်)၌ ဇူလိုင်လ ၁၉ ရက်(အာဇာနည်နေ့) နံနက် ၉ နာရီမှ ၁၁ နာရီထိ ပြုလုပ်မည်ဖြစ်ပါသဖြင့် မည်သူမဆို ကြွရောက်သွေးလှူဒါန်းနိုင်ပါကြောင်းနှင့် သွေးလှူရှင်များအားသွေးလှူဘဏ်မှ ပုံမှန်ကျွေးမွေး ထောက်ပံ့မှုများအပြင် **"စန်းမောင်မြင့် သွေးလှူကုသိုလ်ဖောင်ဒေးရှင်း"**မှ ကြက်ဥ(၁၀)လုံး၊ အမှတ်တရ UV နေရောင်ခြည်ကာကွယ်သော ထီးကြီးတစ်လက်၊ အမှတ်တရတံဆိပ်ပါ ဦးထုပ်တစ်လုံးနှင့် အမှတ်တရတံဆိပ်ပါ 100% Cotton Sport-Shirt တစ်ထည် လက်ဆောင်များဖြင့် ပံ့ပိုးဂုဏ်ပြုမည်ဖြစ်ပြီး သွေးလှူဒါန်းမည့်ပုဂ္ဂိုလ်များအနေဖြင့် **"စန်းမောင်မြင့် သွေးလှူကုသိုလ် ဖောင်ဒေးရှင်း"** ၀၉-၅၁၃၅၅၁၅၊ ၀၉-၇၈၆၆၇၇၂၉၂ဖုန်းနံပါတ်များသို့ ၁၈-၇-၂၀၁၆ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းပါရန် မေတ္တာရပ်ခံအပ်ပါသည်။




အာဇာနည်များ၏ အတ္ထုပ္ပတ္တိအကျဉ်း၊ အာဇာနည်နေ့ ကိုယ်တွေ့စာစုများ၊ အာဇာနည်နေ့ မှတ်တမ်းများ၊ အာဇာနည်နေ့ အမှတ်တရ ဆောင်းပါးများ၊ အာဇာနည်နေ့ ကာတွန်းများ၊ အာဇာနည်နေ့ မှတ်တမ်း ဓာတ်ပုံများ နှင့် အာဇာနည် အမှတ်တရ စာစုများ နောက်ဆက်တွဲတွင် ဗိုလ်ချုပ်ဇနီး ဒေါ်ခင်ကြည်၏ အမှာစကား၊ ဝန်ကြီးချုပ် သခင်နု အဆိုမိန့်ခွန်းနှင့် ဝန်ကြီးဦးကျော်ငြိမ်း၏ ထောက်ခံချက်မိန့်ခွန်းများ၊ သခင်နု အသံလွှင့် မိန့်ခွန်းမှ အာဇာနည်တစ်ဦးချင်းစီ၏ အကြောင်း၊ နောက်ဆုံးနေ့ ကိုယ်တွေ့ဖြစ်ရပ် သတင်းနှစ်ပုဒ်၊ ဗိုလ်ချုပ်အောင်ဆန်း၏ နောက်ဆုံးနေ့ ဆောင်းပါးတို့နှင့်အတူ

မြင့်ဆွေဦး စုစည်းသည်

**အာဇာနည် အမှတ်တရ စာစုများ**

နန်းဒေဝီစာပေ ၂၀၀(ပထပ်)၊ ၃၆လမ်း(အထက်)၊ ရန်ကုန်မြို့ ဖုန်း - (၀၁)၃၈၃၀၂၅၊ ၃၉၁၆၃၃

## The VOICE weekly



အပတ်စဉ် စနေနေ့တိုင်း ထွက်ပြီ

သတင်း : 01- 242424, 389207, 09 9772 04248.
ကြော်ငြာ : 09 4211 07770, 09 517 6835.
ဖြန့်ချိရေး : 09 4211 18327
webiste : http//www.thevoicemyanmar.com

## ပြောင်းလဲခေါ်ဆိုပါရန်

ဒဂုံဆိပ်ကမ်းမြို့နယ်၊အထက(၂) အဌမတန်း(ဒီ)မှ မောင်မင်းခန့်ရှိန်အား ယနေ့မှစ၍ မောင်ကောင်းခန့်ရှိန်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်ကောင်းခန့်ရှိန်**

## ပျောက်ဆုံး

ဇေယျာလတ် [၁၂/ဥကမ(နိုင်) ၂၂၇၂၃၄] ၏ CDC နံပါတ် 96670 SSA လက်မှတ်ပျောက်ဆုံးနေပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံပါသည်။

ဖုန်း-၀၉-၂၆၄၁၄၃၃၃၂

## ကျော်

UCSB ပြန်ထမ်းဝင်အရာရှိ ဧည့်ပင်၊ နိုင်ငံခြားကုန်သွယ်မှုဘာသာ ရသုံးစိစစ်ရေးမှူး(၂)၊ DA, DB, DSA, DSTA, DSMA စသည်ရာထူးဝင်ခွင့်များ ဖွင့်ပြီ။ အထူးထုတ်စာအုပ်ရပြီ။
၃၆ဂု၊ ပထပ်၊ မဟာဗန္ဓုလလမ်း ၃၇-လမ်းနှင့် ဆိပ်ကမ်းသာလမ်းကြား။
Ph: 09421042332, 01-391533, 01-246288

## NP နေရာသစ် အိမ်၊ ခြံ၊ မြေ မှ ရောင်းမည်/ငှားမည်

| | | | |
|---|---|---|---|
| 1.ရွှေတောင်ကြား၊ဗဟန်း | (40×60) | မြေ | 11000L |
| 2.မြကန်သာအိမ်ရာ၊လှိုင် | (64×85) | မြေ(အုတ်ခတ်) | 10000L |
| 3.ကန်တော်ကြီးပတ်လမ်းသွယ် | (53×60) | 2RC | 10000L |
| 4.ဘုရင့်နောင်ရိပ်သာ | (5500Sqft) | 2RC | 5280L |
| 5.သုဝဏ္ဏ VIP-1 | (40×63) | မြေ(Lကွက်) | 4900L |
| 6.သစ္စာလမ်းမ၊တ/ဥ | (20×60) | မြေ | 4350L |
| 7.မင်္ဂလာဒုံဥယျာဉ်အိမ်ရာ | (65×80) | မြေ | 1550L |
| 8.အောင်မြေသာစည်အိမ်ရာ | (3300Sqft) | 4RC(ရုံးခန်း၊ကောင်း) | 39L |
| 9.မြကန်သာဥယျာဉ်အိမ်ရာ | (60×80) | 2RC(ပြင်ဆင်ပြီး) | 20L |
| 10.ပါရမီလမ်းမ၊တ/ဥ | (20×60) | 2RC(ဆိုင်လကျ်) | 12L |

PH: 09-442253428, 09-979599266

## အထွေထွေကိုယ်စားလှယ်လွှဲစာရုပ်သိမ်းခြင်း

မွန်ပြည်နယ်၊ ကျိုက်မရောမြို့၊ ရေတွင်းကုန်းကျေးရွာ၊ မင်္ဂလာကုန်းရပ်ကွက်နေ ဒေါ်အာရှာဘီ (EF-015789) မှ သမီးဖြစ်သူ ဒေါ်စကီနာဘီ (KMW-023535) အား ၂၃-၅-၂၀၁၆ ရက်နေ့တွင် ဦးသိန်းမြင့် Notary Public ထံတွင် လွှဲအပ်ပေးခဲ့သော အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၉၉၆၃/၂၀၁၆) အား ယခု ဤကြော်ငြာပါသည့်ရက်မှစ၍ ပြန်လည်ရုပ်သိမ်းလိုက်ပြီဖြစ်ပါကြောင်းနှင့် ဒေါ်စကီနာဘီမှ ဒေါ်အာရှာဘီနှင့်ပတ်သက်၍ မည်သည့်ကိစ္စကိုမှ ဆောင်ရွက်ခွင့်မရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်မိမျိုးသန္တာလွင် (အထက်တန်းရှေ့နေ)
(စဉ်-၄၃၆၃၃)၊ ဖုန်း-၀၉ ၄၂၅၀၃၆၂၁၉

# ရေနံလက်ယက်တွင်းဆိုင်ရာဥပဒေကြမ်း

**ပြည်သူအများသိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။**

**ရေနံလက်ယက်တွင်းဆိုင်ရာဥပဒေကြမ်း**
**(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်. . . . )**
**၁၃၇၈ ခုနှစ်၊ လ ရက်**
**၂၀၁၆ ခုနှစ်၊ လ ရက်**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း(၁)**
**အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို ရေနံလက်ယက်တွင်းဆိုင်ရာဥပဒေဟုခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **နိုင်ငံတော်**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဆိုသည်။

(ခ) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုအစိုးရ လျှပ်စစ်နှင့်စွမ်းအင် ဝန်ကြီးဌာနကို ဆိုသည်။

(ဂ) **ရေနံလက်ယက်တွင်း**ဆိုသည်မှာလိုင်စင်ပါစည်းကမ်းချက်များနှင့် အညီ လူအင်အား သို့မဟုတ် စက်အင်အား သို့မဟုတ် အင်အား နှစ်ရပ်စလုံးဖြင့် အနက်ပေ ၁၀၀၀ အထိနှင့် ယင်းအနက်ပေထက် မပိုသော ရေနံတူးဖော်ထုတ်လုပ်သည့်တွင်းကို ဆိုသည်။

(ဃ) **လက်ယက်တွင်းမှ ထွက်ရှိသောရေနံ** ဆိုသည်မှာ လက်ယက်တွင်းမှ ထွက်ရှိသည့် ဟိုက်ဒရိုကာဗွန်အရည် သို့မဟုတ် ဟိုက်ဒရိုကာဗွန် အရောအနှောနှင့်မီးလောင်လွယ်သည့် အရောအနှောစသည်တို့ကို ဆိုသည်။ ယင်းစကားရပ်တွင် သဘာဝဓာတ်ငွေ့မပါဝင်။

(င) **ရေနံလက်ယက်တွင်းတူးဖော်ခြင်း**ဆိုသည်မှာ ရေနံရယူရန်အလို့ငှာ သက်ဆိုင်ရာလုပ်ကွက်၏ မြေမျက်နှာပြင်ကိုဖြစ်စေ၊ မြေအောက် ကျောက်လွှာကိုဖြစ်စေ တူးဖော်ခြင်း၊ တူးဖောက်ခြင်း၊ တူးဆွခြင်း လုပ်ငန်းကိုဆိုသည်။

(စ) **ရေနံလက်ယက်တွင်းမှရေနံထုတ်လုပ်ခြင်း** ဆိုသည်မှာ သတ်မှတ် လုပ်ကွက်အတွင်းတွင် ရေနံရယူရန်အလို့ငှာ မြေမျက်နှာပြင်ကို ဖြစ်စေ၊ မြေအောက်ကျောက်လွှာကိုဖြစ်စေ တူးဖော်ခြင်း၊ တူး ဖောက်ခြင်း၊ တူးဆွခြင်းမှ ထွက်ရှိလာသည့် ရေနံကိုဖြစ်စေ၊ မြေ အောက်မှမြေပြင်ပေါ်သို့ အလိုအလျောက်စိမ့်ထွက်သော ရေနံကို ဖြစ်စေ ထုတ်ယူခြင်းလုပ်ငန်းကို ဆိုသည်။

(ဆ) **လိုင်စင်**ဆိုသည်မှာ ဝန်ကြီးဌာနက ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်း အား ရေနံလက်ယက်တွင်းတူးဖော်ခြင်း၊ ရေနံလက်ယက်တွင်းရေနံ ထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ခွင့်ပြုကြောင်း ထုတ်ပေးသည့် လုပ်ငန်းလိုင်စင်ကို ဆိုသည်။

(ဇ) **လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ** ဆိုသည်မှာ လုပ်ကွက်အတွင်း ရေနံလက် ယက်တွင်း တူးဖော်ခြင်းလုပ်ငန်းနှင့် ရေနံလက်ယက်တွင်းမှ ရေနံ ထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်ရသည့် ပုဂ္ဂိုလ် သို့မ ဟုတ် အဖွဲ့အစည်းကို ဆိုသည်။

(ဈ) **လုပ်ကွက်** ဆိုသည်မှာ နိုင်ငံတော်ပိုင်နယ်နိမိတ်အတွင်းရှိ ကုန်း တွင်းပိုင်းတွင် ရေနံလက်ယက်တွင်းတူးဖော်ခြင်းလုပ်ငန်းနှင့် ရေနံလက်ယက်တွင်းမှ ရေနံထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက် လိုသည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းမှ အဆိုပြုတင်ပြသည့် အကျယ်အဝန်းအပေါ် ဝန်ကြီးဌာနမှ စိစစ်ခွင့်ပြုသော လက်ယက် တွင်းလုပ်ကွက်ကို ဆိုသည်။

**အခန်း(၂)**
**ရည်ရွယ်ချက်**

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်မှာ အောက်ပါအတိုင်းဖြစ်သည်-

(က) နိုင်ငံတော်အတွင်း ရေနံလက်ယက်တွင်းများမှ ရေနံသယံဇာတများ ကို မီးဘေးအန္တရာယ်ကင်းစင်စေရေးနှင့် စနစ်တကျ တူးဖော်ထုတ် လုပ်ရေးဆောင်ရွက်ရန်၊

(ခ) ထွက်ရှိလာသည့် ရေနံသယံဇာတများအား ပြည်တွင်းလိုအပ်ချက် များကိုဖြည့်ဆည်းနိုင်ရန်၊

(ဂ) အဓိကအားဖြင့် သက်ဆိုင်ရာလုပ်ကွက် တည်ရှိရာဒေသ၏ လူမှု စီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေရန်၊

(ဃ) ရေနံလက်ယက်တွင်းလုပ်ငန်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် ပတ်ဝန်း ကျင်ထိခိုက်မှုများနှင့် လူမှုစီးပွားထိခိုက်မှုများ အနည်းဆုံးဖြစ်စေရေး ကို ဆောင်ရွက်ရန်၊

(င) ရေနံလက်ယက်တွင်းလုပ်ငန်းကို ဆောင်ရွက်ရာတွင် ဒေသခံ တိုင်းရင်းသားပြည်သူများ၏ ရိုးရာဓလေ့ထုံးထမ်းအစဉ်အလာ များကို အထူးအလေးထားဆောင်ရွက်ရန်၊

**အခန်း(၃)**
**လုပ်ကွက်သတ်မှတ်ခြင်း**

၄။ ရေနံလက်ယက်တွင်း တူးဖော်ခြင်းလုပ်ငန်းနှင့် ရေနံလက်ယက်တွင်းမှ ရေနံထုတ်လုပ်ခြင်းလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်လိုသူသည် မိမိလုပ်ကိုင် လိုသောလုပ်ကွက်၏ အကျယ်အဝန်း၊ တည်နေရာနှင့် သက်ဆိုင်ရာဌာနအသီး သီး၏ ထောက်ခံချက်တို့ကို ပြည့်စုံစွာဖော်ပြ၍ သက်ဆိုင်ရာ တိုင်းဒေသ ကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ထံ အဆိုပြုလျှောက် ထားရမည်။

၅။ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီး အဖွဲ့သည် လျှောက်ထားလာသည့် လုပ်ကွက်နှင့်ပတ်သက်၍ သတ်မှတ်ချက် များနှင့်ညီညွတ်ခြင်းရှိ မရှိ စိစစ်ပြီး ညီညွတ်မှုရှိပါက ဝန်ကြီးဌာနသို့ ထောက်ခံ ပေးပို့ရမည်။

၆။ ပုဒ်မ ၅ အရ ထောက်ခံပေးပို့လာသည့်လုပ်ကွက်နှင့်ပတ်သက်၍ ဝန်ကြီးဌာန သည် မိမိတို့ဝန်ကြီးဌာနက သတ်မှတ်ထားသော သို့မဟုတ် သတ်မှတ်ရန်လျာ ထားသော ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်သည့် လုပ်ကွက်ဧရိယာများ နှင့် လွတ်ကင်းမှုရှိ မရှိနှင့် အခြားလိုအပ်သည်များကို စိစစ်၍ သတ်မှတ်ချက် များနှင့် ညီညွတ်ပါက ယင်းလုပ်ကွက်ကို ခွင့်ပြုနိုင်ရေးအတွက် ပြည်ထောင်စု အစိုးရအဖွဲ့ထံသို့ ဆက်လက်တင်ပြဆောင်ရွက်ရမည်။

**အခန်း(၄)**
**လိုင်စင်**

၇။ ရေနံလက်ယက်တွင်း တူးဖော်ခြင်းလုပ်ငန်းနှင့် ရေနံလက်ယက်တွင်းမှ ရေနံ ထုတ်လုပ်ခြင်းလုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်လိုသော မြန်မာနိုင်ငံသား တစ်ဦးဦးသည် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့သို့ သတ်မှတ်ချက်နှင့်အညီ လျှောက်ထားရမည်။

၈။ လျှောက်လွှာလက်ခံရရှိသည့် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့သည် လျှောက်လွှာပါဖော်ပြချက်များ ပြည့်စုံမှန်ကန်ခြင်းရှိ မရှိနှင့် သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်းရှိ မရှိတို့ကို စိစစ်၍ ဝန်ကြီးဌာနသို့ ထောက်ခံတင်ပြခြင်း သို့မဟုတ် လျှောက်ထားချက် ကို ပယ်ဖျက်ခြင်းပြုရမည်။

၉။ ဝန်ကြီးဌာနသည် လျှောက်ထားချက်ကိုစိစစ်၍-

(က) လိုအပ်ပါက သက်ဆိုင်ရာဝန်ကြီးဌာနများ၏ သဘောထားမှတ်ချက် များကို တောင်းခံနိုင်သည်။

(ခ) သတ်မှတ်ချက်များနှင့်ညီညွတ်ပါက လျှောက်ထားသူအားလိုင်စင် ထုတ်ပေးသည့်နေ့မှစ၍ တစ်နှစ်ကာလသက်တမ်းရှိသည့် လိုင်စင်ကို ထုတ်ပေးရမည်။

(ဂ) သက်ဆိုင်ရာဝန်ကြီးဌာနများကထောက်ခံမှုမရှိခြင်း၊ သတ်မှတ်ချက် များနှင့် ညီညွတ်ခြင်းမရှိပါက လျှောက်ထားချက်ကို ပယ်ဖျက်နိုင် သည်။

(ဃ) ပယ်ဖျက်ပါက ပယ်ဖျက်ရသည့်အကြောင်းရင်းကို သက်ဆိုင်ရာ တိုင်း ဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ် ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီး အဖွဲ့သို့ ပြန်ကြားရမည်။

၁၀။ ပုဒ်မ ၉ ပါ လိုင်စင်ကို သက်တမ်းတိုးလိုသည့် လုပ်ငန်းလုပ်ကိုင်ခွင့်ရ သူသည် မူလသက်တမ်းမကုန်ဆုံးမီ ၂ လ ကြိုတင်၍ သက်ဆိုင်ရာတိုင်းဒေသ ကြီး သို့မဟုတ် ပြည်နယ်အစိုးရ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီး အဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့သို့ လျှောက်ထားရမည်။

၁၁။ လျှောက်လွှာလက်ခံရရှိသည့် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့သည် လျှောက်လွှာပါဖော်ပြချက်များ ပြည့်စုံမှန်ကန်ခြင်းရှိ၊ မရှိ၊ လျှောက်ထားချက်သည် သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်း ရှိ၊ မရှိ တို့ကို စိစစ်ထောက်ခံ၍ ဝန်ကြီးဌာနသို့ မူလသက်တမ်း မကုန်ဆုံးမီ ၁ လ ကြိုတင်၍ ဆက်လက်ပေးပို့ရမည်။

၁၂။ ဝန်ကြီးဌာနသည် လျှောက်ထားချက်ကိုစိစစ်၍-

(က) သတ်မှတ်ချက်များနှင့်ညီညွတ်မှုရှိပါက လျှောက်ထားသူအား လိုင်စင် ထုတ်ပေးသည့် နေ့မှစ၍ တစ်နှစ်ကာလသက်တမ်းရှိသည့် လိုင်စင် ကို ထုတ်ပေးနိုင်သည်။

(ခ) သတ်မှတ်ချက်များနှင့်ညီညွတ်မှုမရှိပါက လျှောက်ထားချက်ကို ပယ်ဖျက်နိုင်သည်။

၁၃။ ဝန်ကြီးဌာနသည် လိုင်စင်စည်းကမ်းချက်များကို သတ်မှတ်ခြင်း၊ အခါ အားလျော်စွာ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

**အခန်း(၅)**
**ဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်နှင့်လုပ်ပိုင်ခွင့်များ**

၁၄။ ဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) လုပ်ငန်းလုပ်ကိုင်ခွင့်ရသူက လိုင်စင်ပါစည်းကမ်းချက်များကို လိုက်နာ ဆောင်ရွက်ခြင်း ရှိ၊ မရှိ စစ်ဆေးခြင်း၊

(ခ) လုပ်ငန်းလုပ်ကိုင်ခွင့်ရသူသည် လိုင်စင်ပါစည်းကမ်းချက်များနှင့် အညီ လိုက်နာဆောင်ရွက်ရန်ပျက်ကွက်ကြောင်း ပုဒ်မခွဲ(က)အရ စစ်ဆေးတွေ့ရှိလျှင်ဖြစ်စေ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့က တင်ပြချက်အရ ဖြစ်စေ သိရှိပါက စီမံခန့်ခွဲရေးနည်းလမ်းအရ လိုအပ်သလိုအရေးယူ ဆောင်ရွက်ခြင်း။

၁၅။ ဝန်ကြီးဌာနသည် နိုင်ငံတော်အစိုးရက အများပြည်သူအကျိုးစီးပွားအလို့ ငှာ လိုအပ်၍ လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ ဆောင်ရွက်နေသော လုပ်ကွက်မြေ ဧရိယာအားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ တည်ဆဲဥပဒေနှင့်အညီ ပြန်လည်သိမ်းယူသည့်အခါ လုပ်ငန်းလုပ်ကိုင်ခွင့်ရသူသည် အခြားသင့်လျော် သည့် နေရာတစ်ခုခုကို အစားထိုးလုပ်ကိုင်ခွင့်ရရှိနိုင်ရန် ပြန်လည်လျှောက်ထား လာပါက စိစစ်ခွင့်ပြုနိုင်သည်။

**အခန်း(၆)**
**တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့၏ လုပ်ငန်းတာဝန်နှင့်လုပ်ပိုင်ခွင့်များ**

၁၆။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီး အဖွဲ့၏ လုပ်ငန်းတာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) လုပ်ငန်းလုပ်ကိုင်ခွင့်ရသူက တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ အမိန့် ကြော်ငြာစာ၊ အမိန့် သို့မဟုတ် ညွှန်ကြားချက်များကို လိုက်နာဆောင် ရွက်ခြင်း ရှိ၊ မရှိ စိစစ်ခြင်း၊ အရေးယူဆောင်ရွက်ခြင်း။

(ခ) လုပ်ငန်းလုပ်ကိုင်ခွင့်ရသူက လိုင်စင်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို လိုက်နာ ဆောင်ရွက်ရန် ပျက်ကွက်ကြောင်းတွေ့ရှိပါက ဝန်ကြီး ဌာနသို့ တင်ပြခြင်း။

(ဂ) လုပ်ငန်းလုပ်ကိုင်ခွင့်ရသူသည် တည်ဆဲဥပဒေများ၊ ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ပါက စီမံခန့်ခွဲမှုနည်းလမ်းအရ လိုအပ်သလို အရေးယူဆောင်ရွက်ခြင်း။

(ဃ) လိုင်စင်အားရပ်ဆိုင်းခြင်း၊ ရုပ်သိမ်းခြင်း၊ သို့မဟုတ် ပယ်ဖျက်ခြင်း ပြစ်ဒဏ်ချမှတ်သင့်ကြောင်း ပေါ်ပေါက်ပါက ဝန်ကြီးဌာနသို့ တင်ပြ ခြင်း။

(င) လုပ်ငန်းလုပ်ကိုင်ခွင့်ရသူမှ လက်ယက်တွင်းမှ ရေနံတူးဖော်ခြင်း၊ ထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်း၊ သယ်ယူခြင်း၊ ချက်လုပ်ခြင်း၊ ရောင်းချ ခြင်းတို့နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာတည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် အညီ လိုက်နာဆောင်ရွက်စေရန် ကြီးကြပ်ခြင်း၊ ညွှန်ကြားခြင်း၊ စိစစ်ခြင်း၊ လိုအပ်သလိုအရေးယူဆောင်ရွက်ခြင်း။

(စ) ရေနံလက်ယက်တွင်းမှ ထွက်ရှိသည့် ရေနံဆိုင်ရာ ဘဏ္ဍာတော် ကြေးနှင့် လုပ်ကွက်အတွက် မြေငှားရမ်းခများကောက်ခံခြင်း။

(ဆ) ရေနံလက်ယက်တွင်းမှ ထွက်ရှိသည့် နေ့စဉ်ရေနံထုတ်လုပ်မှုစာရင်း ကို လစဉ် လဆန်း(၇) ရက်အတွင်း ဝန်ကြီးဌာနသို့ ပေးပို့ခြင်း၊ ရေနံ လက်ယက်တွင်းမှ သဘာဝဓာတ်ငွေ့ထွက်ရှိပါက ဝန်ကြီးဌာနသို့ ချက်ချင်းတင်ပြခြင်း။

**အခန်း(၇)**
**လုပ်ငန်းလုပ်ကိုင်ခွင့်ရသူလိုက်နာရမည့်စည်းကမ်းများ**

၁၇။ လုပ်ငန်းလုပ်ကိုင်ခွင့်ရသူသည်-

(က) ဤဥပဒေနှင့် တည်ဆဲဥပဒေပါပြဋ္ဌာန်းချက်များ၊ လိုင်စင်ပါ စည်းကမ်း ချက်များနှင့်အညီ ဆောင်ရွက်ရမည်။

(ခ) ရေနံလက်ယက်တွင်း လုပ်ငန်းဆောင်ရွက်ရာတွင် တည်ဆဲဥပဒေများ နှင့်အညီ သက်ဆိုင်ရာဒေသ၏ ပတ်ဝန်းကျင်ညစ်ညမ်းမှု၊ ပျက်စီးမှု မဖြစ်စေရန်နှင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားထိခိုက်မှုမဖြစ်စေ ရန် ဆောင်ရွက်ရမည့်အပြင် လုပ်ငန်း ဆောင်ရွက်ပြီးစီးသည့်အခါ ခွင့်ပြုလုပ်ကွက်အား မူလအနေအထားအတိုင်း ဖြစ်စေရန် ပြန်လည် ပြုပြင်ထားရှိရမည်။

(ဂ) ရေနံလက်ယက်တွင်း တူးဖော်ခြင်း၊ ထုတ်လုပ်ခြင်းလုပ်ငန်းများတွင် လုပ်ကိုင်နေသော အလုပ်သမားများနှင့်ပတ်သက်၍ တည်ဆဲဥပဒေ များနှင့်အညီ ဆောင်ရွက်ရမည်။

(ဃ) လိုင်စင်အရဆောင်ရွက်သည့် လုပ်ငန်းလုပ်ကိုင်ခွင့်ရသူကိုယ်တိုင် ကြီးကြပ်လုပ်ကိုင်ရမည်။ အခြားမည်သည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့ အစည်းကိုမျှ လုပ်ကွက်တစ်ခုလုံးကိုသော်လည်းကောင်း၊ တစ်စိတ် တစ်ပိုင်းကိုသော်လည်းကောင်း လွှဲပြောင်းဆောင်ရွက်ခြင်း မပြုရ။

(င) လိုင်စင်ထုတ်ပေးသည့်နေ့မှ သုံးလအတွင်း ရေနံလက်ယက်တွင်း လုပ်ငန်းကို စတင်ဆောင်ရွက်ရမည်။

(စ) ယင်းရေနံလက်ယက်တွင်း တူးဖော်ခြင်း၊ ရေနံထုတ်လုပ်ခြင်းနှင့် ပတ်သက်သည့် အချက်အလက်များနှင့် ထုတ်ယူရရှိသည့် ရေနံနမူနာ ကို မြန်မာ့ရေနံနှင့်သဘာဝ ဓာတ်ငွေ့လုပ်ငန်းသို့ သတ်မှတ်ချက်နှင့် အညီ ပေးအပ်ရမည်။

(ဆ) နေ့စဉ်ရေနံထုတ်လုပ်မှုပမာဏစာရင်းဇယားကို သက်ဆိုင်ရာတိုင်း ဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့မှတစ်ဆင့် ဝန်ကြီးဌာနသို့ လစဉ်မပျက်မကွက် ပေးပို့ရ မည်။

(ဇ) နိုင်ငံတော်အစိုးရက အများပြည်သူ အကျိုးစီးပွားအလို့ငှာ လိုအပ် လာလျှင် ခွင့်ပြုထားသော မြေဧရိယာအားလုံးကိုဖြစ်စေ၊ တစ်စိတ် တစ်ပိုင်းကိုဖြစ်စေ တည်ဆဲဥပဒေနှင့်အညီ ပြန်လည်သိမ်းယူသည့် အခါ ပြန်လည်အပ်နှံရမည်။ ထိုသို့ ပြန်လည်အပ်နှံပြီးနောက် လုပ်ငန်းလုပ်ကိုင်ခွင့်ရသူသည် အခြားသင့်လျော်သည့် နေရာ တစ်ခုခုကို အစားထိုး လုပ်ကိုင်ခွင့်ရရှိနိုင်ရန် ပြန်လည်လျှောက်ထား နိုင်သည်။

(ဈ) လိုင်စင်ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းခံရပါက ရုပ်သိမ်း ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ခံရသည့်နေ့မှ ရက်သတ္တတစ်ပတ် အတွင်း လုပ်ငန်းရပ်ဆိုင်းပြီး လိုင်စင်ရသည့် လုပ်ကွက်အတွင်းမှ သတ်မှတ်ရက်အတွင်း ဖယ်ရှားပေးရမည်။

(ည) လိုင်စင်သက်တမ်းအတွင်း လုပ်ငန်းကို ဆက်လက်လုပ်ကိုင်ဆောင် ရွက်လိုခြင်းမရှိပါက သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့တို့မှတစ်ဆင့် ဝန်ကြီးဌာနသို့ အကြောင်းကြား၍ လုပ်ကွက်လိုင်စင်အား ပြန်လည် အပ်နှံရမည်။

**စာမျက်နှာ ၁၆ သို့**

စာမျက်နှာ ၁၅ မှ

(ဍ) လုပ်ငန်းသုံးပစ္စည်းများ၏ အရည်အသွေး၊ ဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အစီအမံများအပါအဝင် လုပ်ငန်းဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့က ဖွဲ့စည်းပေးသော စစ်ဆေးရေးအဖွဲ့၏ လိုအပ်သလို စစ်ဆေးကြပ်မတ်မှုကို ခံယူရမည်။

၁၈။ လုပ်ငန်းလုပ်ကိုင်ခွင့်ရသူသည်-

(က) ရေနံလက်ယက်တွင်းမှ ရေနံအား သိုလှောင်ခြင်း၊ သယ်ယူခြင်း၊ ချက်လုပ်ခြင်း၊ ရောင်းချခြင်းတို့နှင့် စပ်လျဉ်း၍ သက်ဆိုင်ရာ တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံး လုပ်နည်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

(ခ) ရေနံလက်ယက်တွင်းမှ ထွက်ရှိသောရေနံကို သက်ဆိုင်ရာဒေသတွင် နေထိုင်သော ပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေရန်အတွက် တန်ဖိုးမြှင့် ထုတ်ကုန်အဖြစ် ထုတ်လုပ်နိုင်သည်။

(ဂ) နိုင်ငံတော်နှင့် ပြည်သူ့အကျိုးစီးပွားအတွက် အထောက်အကူပြုမည့် အစီအမံများ ထားရှိဆောင်ရွက်ရမည်။

**အခန်း(၈)**

**စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း**

၁၉။ (က) ဝန်ကြီးဌာနသည် လိုင်စင်ပါစည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ခြင်းမရှိသည့် လုပ်ငန်းလုပ်ကိုင်ခွင့်ရသူအား အောက်ဖော်ပြပါစီမံခန့်ခွဲရေးပြစ်ဒဏ်တစ်ရပ်ရပ် ဖြစ်စေ၊ ပြစ်ဒဏ်တစ်ရပ်ထက်ပို၍ ဖြစ်စေ ချမှတ်နိုင်သည်-

(၁) သတိပေးခြင်း၊

(၂) ဒဏ်ကြေးငွေပေးဆောင်စေခြင်း၊

(၃) လိုင်စင်အား ကာလအကန့်အသတ်ဖြင့်ရပ်ဆိုင်းခြင်း၊

(၄) လိုင်စင်ရုပ်သိမ်းခြင်း၊ ပယ်ဖျက်ခြင်း။

(ခ) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့သည် တည်ဆဲဥပဒေများ၊ ဤဥပဒေအရ လိုက်နာဆောင်ရွက်ရမည့်တာဝန်များကို လိုက်နာရန် ပျက်ကွက်ခြင်းနှင့် တားမြစ်ချက်များကို ဖောက်ဖျက်သည့် လုပ်ငန်းလုပ်ကိုင်ခွင့်ရသူအား အောက်ဖော်ပြပါ စီမံခန့်ခွဲရေးပြစ်ဒဏ်တစ်ရပ်ရပ်ဖြစ်စေ၊ ပြစ်ဒဏ်တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်နိုင်သည်-

(၁) သတိပေးခြင်း၊

(၂) ဒဏ်ကြေးငွေပေးဆောင်စေခြင်း။

(ဂ) ပုဒ်မခွဲ(က) သို့မဟုတ် ပုဒ်မခွဲ(ခ) ပါပြစ်ဒဏ်တစ်ရပ်ရပ် ချမှတ်ခြင်းခံရသူသည် ထိုသို့ပြစ်ဒဏ်ချမှတ်ခြင်းခံရသည့်နေ့မှ ရက်ပေါင်း(၃၀)အတွင်း ဝန်ကြီးဌာနသို့ ပြန်လည် သုံးသပ်ပေးနိုင်ပါရန် တင်ပြနိုင်သည်။ ဝန်ကြီးဌာနသည် ယင်းတင်ပြလာမှုအပေါ် စိစစ်၍ မူလဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းပြုနိုင်သည်။

**အခန်း(၉)**

**ပြစ်မှုနှင့်ပြစ်ဒဏ်**

၂၀။ မည်သူမဆို ရေနံလက်ယက်တွင်းတူးဖော်ခြင်းနှင့်ရေနံလက်ယက်တွင်းမှ ရေနံထုတ်လုပ်ခြင်းလုပ်ငန်းကို လိုင်စင်မရှိဘဲလုပ်ကိုင်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ် တစ်နှစ်မှ အများဆုံး သုံးနှစ်အထိဖြစ်စေ၊ အနည်းဆုံးငွေဒဏ် ကျပ်သိန်းငါးဆယ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ခြင်းခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့်ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။

၂၁။ လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ မည်သူမဆို ပုဒ်မ ၁၇ ပုဒ်မခွဲ(ခ)ပါတာဝန်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်းငါးဆယ်အထိငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ချမှတ်ခြင်း ခံရမည့်အပြင် ပတ်ဝန်းကျင်ညစ်ညမ်းမှု သို့မဟုတ် ပျက်စီးမှု သို့မဟုတ် လူမှုစီးပွားထိခိုက်မှုအတွက် ကုစားရသည့် ကုန်ကျစရိတ်များကို ထိုသူကပေးလျော်စေရမည်။

၂၂။ လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ မည်သူမဆို ပုဒ်မ ၁၇(ဃ)မှ (ဍ)ထိ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း သို့မဟုတ် သတ်မှတ်ထားသော တာဝန်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးထောင်ဒဏ် ခြောက်လမှ အများဆုံး တစ်နှစ်အထိဖြစ်စေ၊ အနည်းဆုံးငွေဒဏ် ကျပ်သိန်းသုံးဆယ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေချမှတ်ရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့်ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းရမည်။

၂၃။ လုပ်ငန်းလုပ်ကိုင်ခွင့်ရသူ မည်သူမဆို ဤဥပဒေအရထုတ်ပြန်သော နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်နှင့်ညွှန်ကြားချက်တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း သို့မဟုတ် သတ်မှတ်ထားသော တာဝန်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံးငွေဒဏ်ကျပ်တစ်ဆယ့်ငါးသိန်းဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့်ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။

**အခန်း(၁၀)**

**အထွေထွေ**

၂၄။ ဤဥပဒေအာဏာမတည်မီက တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ထုတ်ပေးထားသော လိုင်စင်သည် သက်တမ်းကုန်ဆုံးခြင်းမရှိသေးပါက-

(က) ဤဥပဒေအရ ထုတ်ပေးသည့်လိုင်စင်ဖြစ်သည်ဟု မှတ်ယူရမည်။

(ခ) ယင်းလိုင်စင်၏သက်တမ်းသည် လိုင်စင်ပါသက်တမ်းအတိုင်းသာ ဖြစ်ရမည်။

(ဂ) လိုင်စင်သက်တမ်းကုန်ဆုံးလျှင် လိုင်စင်သက်တမ်းတိုးခြင်းကို ဤဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရမည်။

၂၅။ ဤဥပဒေပါပြဋ္ဌာန်းချက် တစ်ရပ်ရပ်နှင့် သက်ဆိုင်သည့် ကိစ္စရပ်များကို ဤဥပဒေနှင့်အညီသာ ဆောင်ရွက်ရမည်။

၂၆။ (က) ရေနံလက်ယက်တွင်းလုပ်ငန်းလုပ်ကိုင်သူသည် -

(၁) မိမိလုပ်ကိုင်မည့် လုပ်ကွက်တွင် ပိုင်ရှင် သို့မဟုတ် ဥပဒေအရ အခွင့်အရေး တစ်စုံတစ်ရာရရှိထားသူ မရှိသည့်နေရာဖြစ်စေရန်လည်းကောင်း၊ မိမိလုပ်ကိုင်ခွင့်ရရှိခြင်းသည် ဥပဒေနှင့်အညီ ဖြစ်စေရန်လည်းကောင်း တာဝန်ယူဆောင်ရွက်ရမည်၊

(၂) လိုင်စင်ရရှိပြီးနောက် မိမိလုပ်ကွက်တွင် ပိုင်ရှင် သို့မဟုတ် ဥပဒေအရ အခွင့်အရေး တစ်စုံတစ်ရာရှိသူ ပေါ်ပေါက်ပြီး ကန့်ကွက်လျှင် မိမိကိုယ်တိုင် တာဝန်ယူဖြေရှင်းရမည်၊

(၃) ပုဒ်မခွဲ(၂)အရ မိမိကိုယ်တိုင်ဖြေရှင်း၍ ပြေလည်မှု မရရှိလျှင် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့သို့ဖြစ်စေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့သို့ ဖြစ်စေ တင်ပြ၍ လမ်းညွှန်မှုခံယူ ဖြေရှင်းနိုင်သည်။

(ခ) ဝန်ကြီးဌာနသည် လုပ်ကွက်နှင့်စပ်လျဉ်း၍ ကန့်ကွက်ချက်ကို လိုင်စင်ရရှိသူက ပုဒ်မခွဲ(က) နှင့်အညီ ပြီးပြတ်သည်အထိ ဖြေရှင်းနိုင်ခြင်းမရှိလျှင် ရေနံလက်ယက်တွင်း လုပ်ငန်းလုပ်ကိုင်သူအား ထုတ်ပေးထားသည့်လိုင်စင်ကို ရုပ်သိမ်းနိုင်သည်။

၂၇။ ဤဥပဒေ ပုဒ်မ ၂၂ နှင့်ပုဒ်မ ၂၃ တို့ပါပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၂၈။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ရာတွင် ယှဉ်ပြိုင်မှုကို ကန့်သတ်ထိန်းချုပ်သည့် ဆောင်ရွက်ချက်များဖြစ်သည့် လက်ဝါးကြီးအုပ်လုပ်ကိုင်ဆောင်ရွက်ခြင်းများ မပေါ်ပေါက်စေရန် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့က ကြီးကြပ်ဆောင်ရွက်ရမည်။

၂၉။ (က) ဤဥပဒေပါလုပ်ငန်းများကို လုပ်ကိုင်ခွင့်ရသူသည် လုပ်ငန်းမှ ထုတ်ယူရရှိသော ရေနံပမာဏပေါ် မူတည်၍ သက်ဆိုင်ရာ ရေနံလက်ယက်တွင်းလုပ်ကွက်တည်ရှိရာဒေသ၏ လူမှုစီးပွားဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့၏ သတ်မှတ်စည်းကမ်းချက်နှင့်အညီ ရန်ပုံငွေ ထည့်ဝင်ရမည်။

(ခ) သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့သည် ယင်းရန်ပုံငွေကို လက်ခံရရှိမှု၊ ထိန်းသိမ်းမှု၊ ထုတ်ယူသုံးစွဲမှု၊ စီမံခန့်ခွဲမှုတို့နှင့်စပ်လျဉ်း၍ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ရမည်။

၃၀။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဂ) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့သည် မိမိတို့ သက်ဆိုင်ရာဒေသနယ်မြေအတွက် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

---

# သူနာပြုနှင့် သားဖွားသင်ရိုးညွှန်းတမ်းကို ဆန်းစစ်မည့် ဒုတိယအကြိမ်မြောက်ညှိနှိုင်းအစည်းအဝေး ကျင်းပ

**ရန်ကုန် ဇူလိုင် ၁၅**

ကျန်းမာရေးဝန်ကြီးဌာန ဆေးဘက်ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာနမှ သူနာပြု သားဖွား ဒီပလိုမာသင်ရိုးညွှန်းတမ်းကို ဆန်းစစ်မည့် ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၁၃ ရက်က သူနာပြုတက္ကသိုလ် (ရန်ကုန်)ရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**

အဆိုပါ ဆွေးနွေးပွဲကို ပြုလုပ်ရခြင်းမှာ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏လမ်းညွှန်ချက်အရ သူနာပြုနှင့် သားဖွားသင်တန်းကျောင်းများ၌ သင်ကြားပေးနေသည့် သင်ရိုးညွှန်တမ်းများတွင် ပါရှိသောကျမ်းကိုးစာရင်းမှာ နှစ်ကာလကြာမြင့်လျက်ရှိသည်။ ယင်းကြောင့် လက်ရှိအခြေအနေနှင့် ကိုက်ညီမှု ရှိ၊ မရှိ ဆန်းစစ်ရန် ပထမအကြိမ် ညှိနှိုင်းအစည်းအဝေး ပြုလုပ်ခဲ့ပြီး ဆောင်ရွက်ပြီးစီးမှု အခြေအနေများအရ ၎င်းကျမ်းကိုးစာရင်းများကို ပြည်တွင်း၊ ပြည်ပ ပညာရှင်များက ဝိုင်းဝန်း ဆွေးနွေး အတည်ပြုရန် ရည်ရွယ်၍ ဒုတိယအကြိမ်ကျင်းပခြင်း ဖြစ်သည်ဟု သိရသည်။



"နိုင်ငံတော်အတွက် သူနာပြုကျင့်ဝတ်တွေကို အလေးထားပြီး အရည်အသွေးပြည့်ဝတဲ့ သူနာပြုတွေကို မွေးထုတ် ဖြည့်တင်းပေးနိုင်ဖို့ လိုအပ်ပါတယ်။ ဒီစုပေါင်း ဆွေးနွေးပွဲကနေ ပိုမိုပြီပြင် စနစ်ကျတဲ့ ပညာရပ်ဆိုင်ရာ သင်ရိုးညွှန်းတမ်းတွေကို ခေတ်နှင့်လျော်ညီအောင်ရေးဆွဲပြီး ခေတ်မီကျမ်းကိုး စာအုပ်များအဖြစ် အတည်ပြုဆောင်ရွက်သွားမှာပါ" ဟု ဆေးဘက်ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာနနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာမြင့်ဟန်က ပြောကြားသည်။

ဆွေးနွေးပွဲသို့ ဆေးဘက်ဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ သူနာပြုတက္ကသိုလ်မှ ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ်များ၊ မြန်မာနိုင်ငံသူနာပြုနှင့် သားဖွားကောင်စီမှ တာဝန်ရှိသူများ၊ ပြည်တွင်း၊ပြည်ပမှ ကျွမ်းကျင်ပညာရှင်များ၊ ဘာသာရပ်အသီးသီးမှ ဌာနမှူးများ၊ သူနာပြု၊ သားဖွားသင်တန်းကျောင်းများမှ ကျောင်းအုပ်ကြီးများနှင့် ကျောင်းအုပ်များ တက်ရောက်ခဲ့ကြသည်။

**သတင်း - ခင်ဇာလီ**

**ဓာတ်ပုံ - ခင်မောင်ဝင်း(ကြေးမုံ)**

---

# (၆၉)နှစ်မြောက် အာဇာနည်နေ့အခမ်းအနား ညောင်တုန်းမြို့၌ စည်ကားစွာ ကျင်းပမည်

**ညောင်တုန်း ဇူလိုင် ၁၅**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ်တွင် (၆၉)နှစ်မြောက်အာဇာနည်နေ့ကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၁၃ ရက် နံနက်ပိုင်းက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခန်းမ၌ ကျင်းပရာ အာဇာနည်နေ့ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးဦးသန့်ဇော်ဦး၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ တက်ရောက်ကြသည်။

ရှေးဦးစွာ (၆၉)နှစ်မြောက်အာဇာနည်နေ့ ကျင်းပရေး လုပ်ငန်းကော်မတီများ ဖြစ်ကြသော အခမ်းအနားပြင်ဆင်ရေးဆပ်ကော်မတီ၊ သံဃာတော်များဆွမ်းကပ်ရေးဆပ်ကော်မတီ၊ အာဇာနည်ခေါင်းဆောင်ကြီးများအား လွမ်းသူ့ပန်းခွေ/ပန်းခြင်းချအလေးပြုဆပ်ကော်မတီ၊ အာဇာနည်နေ့ အထိမ်းအမှတ်ကဗျာနှင့် စာစီစာကုံးပြိုင်ပွဲကျင်းပရေးဆပ်ကော်မတီ၊ ဧည့်ခံကျွေးမွေးရေးဆပ်ကော်မတီ၊ လုံခြုံရေးဆပ်ကော်မတီနှင့် သတင်းပြန်ကြားရေးနှင့် မှတ်တမ်းတင်ရေးလုပ်ငန်းဆပ်ကော်မတီတို့က တာဝန်ရှိသူများမှစီစဉ်ဆောင်ရွက်ထားရှိမှုများကို အသီးသီးတင်ပြဆွေးနွေးကြရာ တာဝန်ရှိသူများက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးကြသည်။

ထို့ပြင် အာဇာနည်နေ့ အခမ်းအနားကို ဇူလိုင် ၁၉ ရက် နံနက် ၆ နာရီတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင် သံဃာတော်များအား အရုံဆွမ်းဆပ်ကပ်လှူဒါန်းပြီး အာဇာနည်ပန်းခြံ၌ နံနက် ၉ နာရီတွင် အာဇာနည်ခေါင်းဆောင်ကြီးများအား လွမ်းသူ့ပန်းခွေ/ပန်းခြင်းချခြင်းများ ဆောင်ရွက်ပြီး နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် ပြည်သူလူထုနှင့်အတူ တစ်ပြိုင်နက်အလေးပြုခြင်းများဆောင်ရွက်ခြင်း၊ မြို့အဝင်ဗိုလ်ချုပ်ကြေးရုပ်ရှိသည့်နေရာသို့ အများပြည်သူများ သွားရောက်အလေးပြုလေ့လာနိုင်ရေးအတွက် သွားလာမှုစီစဉ်ပေးခြင်း၊ အာဇာနည်နေ့ အခမ်းအနားကို ယခင်နှစ်ကထက် ပိုမိုစည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ထွန်းကျော်(ညောင်တုန်း)**

■

ကြေးမုံသတင်းစာတွင် လူမှုဘဝသရုပ်ဖော်ရသစာပေများကို အလျဉ်းသင့်သလို ဖော်ပြပေးလျက်ရှိပါသည်။ ထိုသို့ ဖော်ပြပေးရာတွင် စာဖတ်ပရိသတ်၏ နှလုံးသားတွင် စွဲထင်ကျန်ရစ်စေမည့် လူမှုဘဝဖြစ်ပျက်ပုံများကို ရသပေါ်လွင်အောင်ရေးသားကြသည့် ထင်ရှားသော စာရေးဆရာများအား ရွေးထုတ် ဖော်ပြပေးလျက်ရှိပါသည်။ ယခု အပတ်စဉ် စနေနေ့တိုင်းတွင် "ပြောလည်း ပြောချင်တယ်၊ ပြောလည်းမပြောရဲဘူး" ကဏ္ဍသစ်ကို ဖွင့်လှစ်၍ စာဖတ် ပရိသတ်အား အသိပညာမျှဝေပေးထားပါသည်။ ထိုကဏ္ဍတွင် စာရေးဆရာ ဆူဒိုနင်၏ လူမှုဘဝအထွေထွေအပေါ် ရှုမြင်ချက်များကို ကြေးမုံသတင်းစာ ဖတ်ပရိသတ်များ ပွင့်လင်းမြင်သာစွာ ဖတ်ရှုနိုင်ရန်အတွက် အပတ်စဉ်ဖော်ပြပေးခြင်းဖြစ်ပါသည်။ (စာတည်း)

# ပြောလည်း ပြောချင်တယ်၊ ပြောလည်း မပြောရဲဘူး



ဒီမိုကရေစီဗတ်တ (၂)

ဆူဒိုနင်

**ဒီမိုကရေစီ အမူအကျင့်များ**

ပညာရှင်တွေရဲ့ အလိုအရ ဒီမိုကရေစီ အမူအကျင့် ဆယ်ရပ်ရှိပါတယ်။ အဲဒါတွေကို အမှတ်စဉ် ထိုးပြီး တင်ပြပါရစေ။

**(၁) နိုးကြားတက်ကြွမှု**

ပါဝင်ဆောင်ရွက်လိုစိတ်၊ ပါဝင် ပြောဆို ဆွေးနွေးလိုစိတ်တွေ ရှိနေကြဖို့ ဆိုလိုပါတယ်။ ဘယ်ကိစ္စမှာမဆို အမြဲတစေ နိုးကြားတက်ကြွစွာ ပါဝင်ဆောင်ရွက်ချင်နေဖို့ မိသားစုများထဲမှာ၊ မူလတန်း၊ အလယ်တန်းအရွယ် ငယ်ဘဝ ကတည်းက ပျိုးထောင် လေ့ကျင့်ပေးထားလို့ရတဲ့ အမူအကျင့် ဖြစ်ပါတယ်။ ကလေးတွေနဲ့ တိုက်ရိုက်သက်ဆိုင်နေတဲ့ ကိစ္စမျိုးတွေမှာ ကလေးတွေလည်း ပါဝင်ဆောင်ရွက်ခွင့်၊ သူတို့လေးတွေရဲ့ ဆန္ဒ၊ သဘောထားလေးတွေကို ချေချေငံငံ တင်ပြ ဆွေးနွေးခွင့်တွေ ပေးထားတာ၊ သူတို့ကို လေးလေးစားစား နေရာပေးတာများဟာ တက်ကြွတဲ့ နိုင်ငံသားတွေအဖြစ် နေတတ်ထိုင်တတ်အောင် လေ့ကျင့် ပျိုးထောင်ပေးရာ ရောက်ပါတယ်။ သူတို့လေးတွေကို လေ့ကျင့်ပေးရုံသာ မကဘူး၊ လူကြီးတွေကိုယ်တိုင်ကလည်း သည်အကျင့်တွေ ကိုယ့်မှာ မရှိရင် ရှိလာအောင် သတိထား ကျင့်ကြံနေထိုင်သွားရမှာ ဖြစ်ပါတယ်။ ဘယ်ကိစ္စမှာပဲဖြစ်ဖြစ်၊ အားနာလို့ လိုက်လျောတာမျိုးတွေ၊ မကောင်းတတ်လို့ သည်းခံနေတာမျိုးတွေကို ရှောင်ကြဉ်ပြီး ကိုယ်နဲ့၊ ကိုယ့်ပတ်ဝန်းကျင်နဲ့ သက်ဆိုင်တဲ့ ကိစ္စတွေမှာ နိုးနိုးကြားကြားနဲ့ တက်တက်ကြွကြွပါဝင်ဆောင်ရွက်တာ၊ တင်ပြပြောဆိုတာတွေ လုပ်ကြဖို့ ဖြစ်ပါတယ်။

သည်နေရာမှာ အစွန်းတစ်ခုကိုတော့ ရှောင်ဖို့ လိုမယ်ထင်ပါတယ်။ ကနေ့ ကာလတွင်ကျယ်နေတဲ့ လူမှုမီဒီယာဖြစ်လေတဲ့ စာအုပ်မျက်နှာစာမှာ အတွေ့ရများလှသလို မစူးမစမ်းဘဲ နေရာတကာဝင်ပြီး ထင်ရာစွတ်ပြောနေတာ၊ တစ်ဆိတ်ကို တစ်အိတ်လုပ်နေတာ၊ မီးလောင်ရာလေပင့်တာ၊ ရုန့်ရင်းကြမ်းတမ်း နေကြတာများကို နိုးကြားတက်ကြွမှုရယ်လို့ ရောထွေး ပစ်လိုက်လို့ မရပါဘူး။ အကျိုးသင့် အကြောင်းသင့် ချေချေငံငံ ပြောဆိုတာမျိုးကိုသာ ဆိုလိုပါတယ်။ စာအုပ် မျက်နှာစာမှာလို ကိုယ်ဘယ်သူဘယ်ဝါမှန်း မသိနိုင်အောင် ဖုံးဖိထားပြီး လေလုံးထွားနေတာ၊ ဝင်တောနေတာမျိုး မဟုတ်ပါဘူးခင်ဗျာ။

**(၂) မျက်စိကြီး နားကြီးမှု**

ဒါကတော့ ကိုယ့်ပတ်ဝန်းကျင် ကိုယ့်လူ့ဘောင်နဲ့ ပတ်သက်တဲ့ အရေးအရာတွေမှာ ပညာရှင်တစ်ယောက်လို မဟုတ်သည့်တိုင် အခြေခံ သိသင့်တာတွေ ခိုင်ခိုင်မာမာ သိနေဖို့ အားထုတ်ထားရမှာပါပဲ။ အခု ကျွန်တော် တင်ပြနေတဲ့ ဒီမိုကရေစီအကြောင်း အခြေခံလောက်ကို သိထားတာမျိုးပေါ့။

ဒီမိုကရေစီဆိုတာ မိုးပေါ်က ကျလာတာမဟုတ်ဘူး၊ တစ်ဦးတစ်ယောက်က အားထုတ်ရုံနဲ့ လူ့ဘောင်တစ်ခုလုံး ဒီမိုကရေစီ အသီးအပွင့်တွေကို ဆွတ်ခူးစားသုံးနိုင်မှာ မဟုတ်ဘူးဆိုတာလောက်ကို သိထားရပါမယ်။ အလားတူပဲ မဲပေးတာရဲ့ အကျိုးသက်ရောက်ပုံ၊ ဝင်ရောက် ယှဉ်ပြိုင်တဲ့ နိုင်ငံရေး ပါတီတွေရဲ့ ဖွဲ့စည်းပုံတွေ၊ ရပ်တည်ချက်တွေ၊ ဖွဲ့စည်းပုံ အခြေခံဥပဒေမှာပါတဲ့ အချက်အလက်တွေကို ခြုံငုံသိရှိထားဖို့ လိုပါတယ်။ လောလောဆယ် ကျွန်တော်တို့ နိုင်ငံသားတွေအတွက် အလေ့လာသင့်ဆုံးကတော့ အခွင့်အရေးတွေမှာ တာဝန်တွေပါ ပူးတွဲပါဝင်နေတယ်ဆိုတာသာ ဖြစ်တယ်လို့ မြင်မိပါတယ်။ ဒီမိုကရေစီမှာ မိမိတို့ရဲ့ သဘောထားကို လွတ်လပ်စွာ ဖော်ထုတ်ခွင့် ရှိတာတော့ မှန်တယ်။ ဒါပေမယ့် တစ်ဖက်သားကို လေးလေးစားစားနဲ့ ချေချေငံငံ ဖော်ထုတ်ရမယ့် တာဝန်လည်း ပူးတွဲပါနေတယ် ဆိုတာမျိုးပေါ့။

ဒါမှမဟုတ်လို့ ရပ်ရေးရွာရေးမှာ အဲဒီ ရပ်ရွာအကြောင်း၊ ရပ်ရွာနေ လူအများစုရဲ့ စရိုက်သဘာဝ၊ အဲဒီရပ်ရွာမှာဖြစ်ပေါ်နေတဲ့ အရေးကိစ္စတွေ စတာများကို တီးမိခေါက်မိ ရှိနေတာမျိုးပေါ့ခင်ဗျာ။

**(၃) ကိုယ်စွမ်းကိုယ်စ**

ဗီဇအရရော ပတ်ဝန်းကျင်အခြေအနေရဲ့ ပုံသွင်းမှုကြောင့်ပါ ကျွန်တော်တို့ အာရှသား အတော်များများမှာ "ဘာသိ ဘာသာ"စိတ်ဓာတ်တွေ အတော်များနေတတ်ကြပါတယ်။ "နှမ်းတစ်လုံးနဲ့ ဆီမဖြစ်ပါဘူးကွာ"တို့၊ "ကြက်မတွန်လို့ မိုးမလင်းပါဘူး"တို့၊ "အများညီရင် ဤလည်း ကျွဲဖြစ်သွားတာပါပဲ"ဆိုတဲ့ လက်လျှော့ထား၊ ပေယျာလကန်ထား ထားတတ်တဲ့ ဉာဉ်တွေက ကျွန်တော်တို့ဆီမှာ အုံနဲ့ကျင်းနဲ့ ရှိနေပါတယ်။ ဒီမိုကရေစီနဲ့ ထိုက်တန်တဲ့ နိုင်ငံသားတွေ ဖြစ်လာဖို့အတွက် အဲသလိုမျိုး စိတ်တွေအစား ကိုယ်က နှမ်းတစ်လုံးသာ ဖြစ်သည့်တိုင် ဆီထွက်လာအောင် ပံ့ပိုးပေးနိုင်တဲ့ ကိုယ်စွမ်းကိုယ်စတွေ ရှိနေတယ်ဆိုတာကို နှစ်နှစ်ကာကာ လက်ခံယုံကြည်ထားဖို့ လိုပါတယ်။

မှန်ပါတယ်။ နှမ်းတစ်လုံးနဲ့တော့ ဆီမဖြစ်ပါဘူး။ သို့ပေမယ့် နှမ်းအလုံးပေါင်းများစွာ စုစည်းသွားတဲ့အခါ ဆီဖြစ်တာလည်း မလွဲပါဘူး။ ရတနာရှိရာ ရတနာစုသလိုပဲ နှမ်းလုံးများရှိရာ နှမ်းတစ်လုံးက အစပြုခဲ့တဲ့ နမူနာတွေဟာ လူ့ဘောင်တိုင်းမှာ ရှိပါတယ်။ နှမ်းတစ်လုံးနဲ့ ဆီမဖြစ်ပါဘူးဆိုတဲ့ စိတ်ဓာတ်နဲ့ ဘေးထွက်ထိုင်နေစတမ်းသာဆိုရင် လျှပ်စစ်မီးတွေ၊ လေယာဉ်တွေ၊ ကွန်ပျူတာတွေ၊ ပါလေရာဖုန်းတွေ၊ အင်တာနက်တွေ ပေါ်ပေါက်လာမှာ မဟုတ်သလို လူ့ယဉ်ကျေးမှုကလည်း ကျောက်ခေတ်ဘဝက တက်လာမှာ မဟုတ်ပါဘူး။

အလားတူပဲ၊ အဲဒီနှမ်းတစ်လုံး စိတ်ဓာတ်နဲ့သာ နေခဲ့ကြမယ်ဆိုရင် သက်ဦးဆံပိုင် ဘုရင်စနစ်၊ မြေရှင်ပဒေသရာဇ်စနစ်၊ ကိုလိုနီနယ်ချဲ့စနစ်တွေဟာလည်း ဆက်လက် ရှင်သန် ဖွံ့ဖြိုးနေခဲ့မှာပါ။ အဲဒီစိတ်မျိုးတွေ မရှိဘဲ မိမိရဲ့ ကိုယ်စွမ်းကိုယ်စကို ယုံကြည်ခဲ့ကြတဲ့ "နှမ်းတစ်လုံး"များစွာရဲ့ အားထုတ်မှုကြောင့်သာ လူ့ဘောင်က စဉ်ဆက်မပြတ် ခရီးတွင်နေတာဖြစ်ပါတယ်။ ဒ့ါကြောင့် ကိုယ်စွမ်းကိုယ်စကို ငုပ်စေမယ့် အသိအမြင်များကို ပယ်ရှားပြီး ကိုယ်စွမ်းကိုယ်စ တိုးပွားမယ့် အသိအမြင်များကို ကိုယ်တိုင်လည်း ပျိုးထောင်၊ ကိုယ့်နောက်က မျိုးဆက်တွေကိုလည်း လေ့ကျင့်ပေးသွားရပါလိမ့်မယ်။

**(၄) အတိုက်အခံအမြင်များ၊ အတိုက်အခံ ပါတီများနဲ့ လူနည်းစုများရဲ့ အမြင်များကို သည်းခံနိုင်စွမ်း**

သည်အချက်ကတော့ အားနာနာနဲ့ ပြောရရင် ကျွန်တော်တို့ မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြတဲ့ မြန်မာတိုင်းရင်းသားတိုင်းမှာ အလိုအပ်ဆုံး ဒီမိုကရေစီ အမူအကျင့်လို့ ဆိုရမတတ်ပါပဲ။ ကျွန်တော်တို့က ကိုယ်နဲ့ မတူရင် ရန်သူလို့ အောက်မေ့တတ်တဲ့ အကျင့်ကြီးက အရိုးထဲ၊ သွေးသားထဲမှာ စွဲမြဲနေမိတတ်ကြပါတယ်။ ဒီမိုကရေစီ အမူအကျင့်မှာကျတော့ အဲဒီစိတ်နဲ့ မကိုက်ဘူး။ ကိုယ်နဲ့မတူရင် ရန်သူ၊ ကိုယ်နဲ့ ဆန့်ကျင်ဘက်အမြင် ရှိတဲ့သူတွေကို ရန်သူ၊ ကိုယ့်ကို အတိုက်အခံလုပ်သူကို ရန်သူလို့ သဘောထားခြင်းဟာ "အာဏာရှင်ဆန်တဲ့" သဘောထားသာ ဖြစ်ပါတယ်။

အဲတော့ ဒီမိုကရေစီစနစ်ကို ပုံမှန်လည်ပတ်နေစေချင်တယ်ဆိုရင် ကွဲပြားတဲ့ အမြင်အမျိုးမျိုးကို သည်းခံနိုင်စွမ်း ရှိဖို့လိုပါတယ်။ သူ့အမြင်ကို ကိုယ်လက်မခံနိုင်သည့်တိုင် သူ့မှာလည်း ကိုယ်နဲ့ မတူတဲ့ အမြင်တစ်ခုရှိနိုင်ကြောင်းအသာတကြည် နားလည်လက်ခံပေးတတ်ဖို့ လိုပါတယ်။ သည်ကိစ္စမှာလည်း မိသားစုတွင်း၊ ကျောင်းတွင်း၊ သေးငယ်တဲ့ အခြားလူမှုအဖွဲ့အစည်းများအတွင်းမှာ ဖြည်းဖြည်းချင်း လေ့ကျင့်သွားရမယ့် အမူအကျင့်တစ်ရပ်ပါပဲ။ လက်ချောင်းတွေ အတိုအရှည် မညီကြသလို လူတွေဖြစ်နေတာနဲ့အမျှ သဘောထားချင်း တစ်ထပ်တည်းဖြစ်ဖို့က မိသားစုထဲမှာတောင် ဘယ်လိုနည်းနဲ့မှ မဖြစ်နိုင်ပါဘူး။ ဒါကို နားလည်ပြီး ဆန့်ကျင်ဘက်အမြင်တွေ၊ အတိုက်အခံတွေကို သည်းခံပေး၊ နားထောင်ပေး၊ ထည့်သွင်းစဉ်းစားပေးတတ်တဲ့ အမူအကျင့်က ဒီမိုကရေစီစနစ်အတွက် မရှိမဖြစ် လိုအပ်လှပါတယ်။

နောက်တစ်ချက်က လူနည်းစုကိစ္စပါ။ ဒီမိုကရေစီစနစ်ကို ဝေဖန်သူတွေ ထောက်စရာ ရှိနေတာက ဒီမိုကရေစီဟာ အများရဲ့ သဘောဆန္ဒကို ဦးစားအပေးလွန်သွားပြီး အနည်းစုရဲ့ သဘောဆန္ဒကို ပစ်ပယ်ထားတတ်တယ်ဆိုတဲ့ အချက်ပါပဲ။ မှန်ပါတယ်။ သိပ်ကြီးမားတဲ့ အန္တရာယ်ပါပဲ။ ဆိုကြပါစို့၊ ပါတီကြီး တစ်ခုကို အများက လှိုက်လှိုက်လှဲလှဲ သဘောကျတယ်၊ သည်အတွက်ရွေးကောက် တင်မြှောက်လိုက်တယ်၊ လွှတ်တော်မှာလည်း အဲဒီ ပါတီကြီးကသာ အမတ် အများစုနေရာတွေကို ရယူလိုက်နိုင်တယ်ဆိုရင် အဲဒါဟာ တစ်ပါတီစနစ်ဖြစ်သွား ပါတော့မယ်။ နိုင်ငံရဲ့ အရေးအရာတွေကို အဲဒီ တစ်ပါတီတည်းရဲ့ ဆုံးဖြတ်ချက်၊ အဲဒီတစ်ပါတီတည်းရဲ့ အမြင်၊ အဲဒီတစ်ပါတီတည်းရဲ့ သဘောဆန္ဒနဲ့သာ ကိုင်တွယ်သွားတော့မှာလည်း ဖြစ်ပါတယ်။ အဲဒါဆိုရင် တစ်ပါတီ အာဏာရှင်စနစ်ဘက် မလွဲမသွေ ယိမ်းယိုင်သွားတော့မှာပါ။ ဒီမိုကရေစီနည်းကျ ရွေးကောက်တင်မြှောက်ထားတယ်ဆိုသော်လည်းပဲ လူနည်းစုတွေအတွက် အခွင့်သာစရာအကြောင်းလည်း လုံးဝ မရှိတော့ပါဘူး။

နောက်တစ်ချက်က လမ်းသစ်ဖောက်ရင် လူကြိုက်နည်းတယ်ဆိုတဲ့ အချက်ကိုလည်း မမေ့သင့်ပြန်ဘူး။ပြောင်းပြန်ပြောရင် လူကြိုက်နည်းတိုင်း လွဲနေတယ်လို့ မဆိုနိုင်ဘူးပေ့ါ။ အဲတော့ လူကြိုက်နည်းသူတွေ၊ လူနည်းစုတွေကို နေရာပေးနိုင်၊ သူတို့ရဲ့ အမြင်တွေ၊ သဘောဆန္ဒတွေကို ထုတ်ဖော်ခွင့်ပေးနိုင်မှသာ စစ်မှန်တဲ့ ဒီမိုကရေစီလမ်းကြောင်းပေါ်မှာ ဖြောင့်ဖြောင့်တန်းတန်း လျှောက်နိုင်သွားမှာလည်းပဲ ဖြစ်ပါတယ်။

**(၅) အစွန်းမရောက်မှု**

ဘယ်အရာပဲဖြစ်ဖြစ် အလွန်အကျွံဆို မကောင်းမှန်း လူတိုင်းသိပါတယ်။ ဒါပေမယ့် အယူဝါဒနဲ့ ပတ်သက်လာရင်၊ ယုံကြည်ချက်နဲ့ ပတ်သက်လာရင် တချို့လူတွေဟာ ငါယုံကြည်တာမှ အမှန်၊ ငါ သက်ဝင်တာမှ အမှန်ဆိုပြီး ဆန့်ကျင်ဘက်အမြင်တွေကို လက်မခံတတ်တော့ပါဘူး။ အဲသလို အစွန်းရောက် လွန်းသွားရင် ဒီမိုကရေစီက အတော်ကြီး ပြဿနာတက်လာနိုင်ပါတယ်။

ဒီမိုကရေစီ အလေ့အကျင့် မရှိတဲ့ လူ့ဘောင်တွေမှာ ဒါက အတော် ပြဿနာကြီးတယ်။ ပါးစပ်က ဒီမိုကရေစီလို့ အမြှုပ်ထွက်အောင် အော်နေပေမယ့် ကိုယ်ယုံတာမှ အမှန်၊ တခြားသူတွေ ယုံကြည်တာဆိုရင် နေရာမပေး၊ သိပ်ဆန့်ကျင်လွန်းရင် နှိပ်ကွပ်နေသမျှ အဲဒါဒီမိုကရေစီမဟုတ်ဘူးဆိုတာ လူတိုင်း လက်ခံနိုင်ပါလိမ့်မယ်။ သို့ပေမယ့် လူတိုင်းဟာ အစွန်းရောက်ဖို့ လွယ်တတ်နေပြန်တယ်။ အဲဒါလေးက ဒီမိုကရေစီစနစ်ရှင်သန်နေဖို့အတွက် အင်မတန် အရေးကြီးတဲ့ အချက်တစ်ချက်ပါပဲ။

**(၆) လက်တွေ့ကျပြီး ပြောင်းလွယ်ပြင်လွယ်ရှိမှု**

သည်အချက်ကလည်း အပေါ်က အစွန်းမရောက်မှုနဲ့ ဆက်စပ်နေပါတယ်။ မြန်မာ့အားကစား ကမ္ဘာကို လွှမ်းရမည်ဆိုတာမျိုးက ဘယ်လောက် လက်တွေ့ကျသလဲ ဆိုတာ စဉ်းစားရမှာပေ့ါ။ ရည်မှန်းချက်က ကောင်းတယ်။ ဒါပေမယ့် လက်တွေ့ မကျဘူး။ အာရှမှာတောင် ကိုယ်ကခံဘက်က ရှိနေသေးလျက်နဲ့ ကမ္ဘာကြီးအထိ တက်လွှမ်းဖို့ကြံတော့ ရယ်စရာကြီး ဖြစ်နေမှာပေ့ါ။ ဒါက မြင်သာတဲ့ ဥပမာကို ပေးတာပါ။

အယူအဆတွေ၊ ဝါဒတွေ ဘယ်လောက်ကောင်းကောင်း လက်တွေ့မကျရင် ခရီးမပေါက်နိုင်ဘူး။ ကောင်းမြတ်လှသော အယူဝါဒကြီးများ ခရီးမပေါက်တဲ့အပြင် ဗုံးဗုံးလဲသွားရတဲ့ သာဓကတွေ ကမ္ဘာပေါ်မှာ ရှိပါတယ်။ အဲဒါဟာ လက်တွေ့မကျလို့ပဲ၊ ပြင်လွယ်ပြောင်းလွယ် မရှိခဲ့လို့ပါပဲ။

လူပုဂ္ဂိုလ် တစ်ဦးတစ်ယောက်ကို ဆည်းကပ်ကိုးကွယ်ကြတယ်။ ဒါအမှားမဟုတ်ဘူး။ ဒါပေမယ့် သူလုပ်သမျှ အကုန်မှန်တယ်၊ သူသာ အသိ၊ သူသာ အတတ်၊ သူပြောသမျှ အဟောဝတ အောက်မေ့နေရင် အဲဒါ လက်တွေ့ မကျနိုင်တော့ဘူး။ ကိုယ်ကိုးကွယ်ယုံကြည်တဲ့သူဟာ ဘုရား၊ ရဟန္တာလား။ အလုံးစုံကို ထိုးထွင်း သိမြင်နိုင်တဲ့ သဗ္ဗညုတ ရွှေဉာဏ်တော်နဲ့ ပြည့်စုံနေသူလား။ သည်လောက်တော့ ဆင်ခြင်နိုင်စွမ်းရှိဖို့ လိုပါတယ်။ လက်တွေ့ကျကျ ဆင်ခြင်တယ်ဆိုတာ အဲဒါမျိုးပါ။ အဲသလို သိပ်ကို ဗောင်းတော်ညိတ် စိတ်တော်သိ သိပ်လုပ်လွန်းရင် ဘယ်သူမဆို ငါနှင့် ငါသာ နှိုင်းစရာလို့ အောက်မေ့ကုန်ပြီး ဘယ်လောက် စေတနာမှန်ခဲ့ဖူးသူဖြစ်စေကာမူ အာဏာရှင်တွေ ဖြစ်ကုန်တတ်တယ်ဆိုတာကို ဆင်ခြင်တတ်မှုကလည်း လက်တွေ့ကျတာပါ။

ဒီမိုကရေစီရဲ့ အကြီးဆုံး အန္တရာယ်က အဲဒါပဲ။ အထူးသဖြင့် ကျွန်တော်တို့တွေလို ဒီမိုကရေစီနဲ့ ဘယ်တုန်းကမှ အသားမကျခဲ့ကြသူတွေအတွက် တစ်ဖက်ကို အနင်းလွန်၊ တစ်ဖက်ကို အပင်းလွန်သွားမိတတ် ကြတယ်။ အပြစ်တော့ မဆိုသာဘူး၊ ပေဘဝမှာ နေခဲ့ရတာ သိပ်ကြာသွားတဲ့ လူ့ဘောင်တွေမှာ ဒါမျိုး သိပ်ဖြစ်တတ်တယ်။

ဒါပေမယ့် လက်တွေ့ကျကျ မဆင်ခြင်တတ်ရင် ဆီပူအိုးထဲကနေ မီးထဲကျတဲ့ ဘဝတွေ ရောက်ကုန်တတ်တာကို အားလုံး သဘောပေါက်ဖို့ အလွန်လိုပါတယ်။ လက်တွေ့ကျကျ ဆင်ခြင်တတ်လာတဲ့အခါမှာ အလိုလို ပြောင်းလွယ်ပြင်လွယ်လာတော့မှာပါ။ ဘယ်ဟာကိုမှ လှေနံဓားထစ် မအောက်မေ့ကြတော့မှာမို့ သည်အချက်က အထူးရှင်းစရာ လိုမယ် မထင်ပါဘူး ခင်ဗျား။

**(ဆက်လက်ဖော်ပြပါဦးမယ်)**

ဒီမိုကရေစီဆိုတာ မိုးပေါ်က ကျလာတာမဟုတ်ဘူး၊ တစ်ဦးတစ်ယောက်က အားထုတ်ရုံနဲ့ လူ့ဘောင်တစ်ခုလုံး ဒီမိုကရေစီ အသီးအပွင့်တွေကို ဆွတ်ခူးစားသုံးနိုင်မှာ မဟုတ်ဘူး ဆိုတာလောက်ကို သိထားရပါမယ်။ အလားတူပဲ မဲပေးတာရဲ့ အကျိုးသက်ရောက်ပုံ၊ ဝင်ရောက် ယှဉ်ပြိုင်တဲ့ နိုင်ငံရေး ပါတီတွေရဲ့ ဖွဲ့စည်းပုံတွေ၊ ရပ်တည်ချက်တွေ၊ ဖွဲ့စည်းပုံ အခြေခံ ဥပဒေမှာပါတဲ့ အချက် အလက်တွေကို ခြုံငုံသိရှိထားဖို့ လိုပါတယ်။

ကြေးမုံ



# သစ်သားဆီဆုံများဖြင့် ယနေ့တိုင်ဆီကြိတ်နေ သစ်သားဆီဆုံထွက် ပဲဆီသန့်များကို မှာယူသူများပြား



**မြိုင် ဇူလိုင် ၁၅**
ကျန်းမာရေး လိုက်စားသူများသည် သဘာဝ သစ်သားဆီဆုံထွက် မြေပဲဆီသန့်များကို သီးသန့်မှာယူ သုံးစွဲကြသည်။ သစ်သားဆီဆုံများကို မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့နယ်တွင် အများဆုံးတွေ့နိုင်သည်။ သစ်သားဆီကြိတ်ဆုံကို ပိတောက်သား၊ ကုက္ကိုသားများဖြင့် ကိုယ်တိုင်ထွင်းကြသည်။ ဆီဆုံကို နွားဖြင့်လှည့်လေ့ရှိသည်။ သစ်သားဆီဆုံ တစ်ဆုံလျှင် မြေပဲခြောက်ပြည်ထည့်ကာကြိတ်ရသည်။

ဆီဆုံတစ်ဆုံကြိတ်ပါက အချိန်နှစ်နာရီခန့်ကြာသည်။ စတင်ကြိတ်ခါစတွင် ရေနွေးဖြင့် လုပ်ထားသော အောက်ရေကို ပေးရသည်။ ထို့နောက် အပေါ်ရေလိုက်ပေးရသည်။ ရေလိုက်ကာ ကြိတ်ရင်းဖြင့်ဆီစတင်ပေါ်လာသည်။ဆီစတင်ပေါ်လာပါက ထိုဆီကို အပြန်ပြန်အလှန်လှန် ထည့်ကြိတ်ရသည်။ အပြန်အလှန် ထည့်ကြိတ်ပါများလာပါက ကျန်းမာရေးနှင့်ညီညွတ်သော ပဲဆီသန့်ကိုရရှိသည်။

မြေပဲခြောက်ပြည်ဆံ့ တစ်ဆုံကြိတ်ပါက ဆီနှစ်ပိဿာငါးဆယ်ကျပ်သားခန့်ရရှိသည်။ သစ်သားဆီကြိတ်ဆုံများမှာ မြန်မာ့နည်းမြန်မာ့ဟန် ရှေးအစဉ်အလာကြိတ်ဆုံဖြစ်ပြီး အရောအနှောကင်းသည့်အတွက် မှာယူသုံးစွဲသူ များပြားလျက်ရှိသည်။ သစ်သားဆီကြိတ်ဆုံမှ ထွက်သော ပဲဆီသန့်များမှာ ပျစ်ချွဲကာ အနံ့မွှေးပျံ့နေသည့်အတွက် ပိုမိုကြိုက်နှစ်သက်ကြသည်။ယခုအခါ သစ်သားဆီကြိတ်ဆုံများဖြင့် မြေပဲဆီသန့်ကြိတ်ခြင်းလုပ်ငန်းကို မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့နယ် ညောင်ကန်ကျေးရွာတွင် ပြုလုပ်လျက်ရှိသည်။ ကျန်းမာရေးနှင့်ညီညွတ်သော သစ်သားဆီကြိတ်ဆုံထွက် အရောအနှောကင်း မြေပဲဆီတစ်ပိဿာလျှင် ငွေကျပ် ၇၀၀၀ ဖြင့် ရောင်းချပြီး ဆီသန့်သန့်စားလိုသူများ မှာယူမှု များပြားလျက်ရှိကြောင်းသိရသည်။

**တိမ်တမန်**

# မတ္တရာမြို့နယ် အားကစားကွင်းကို ငွေကြေးအကုန်အကျခံ ပြုပြင်ထားသော်လည်း အသုံးပြုမရဖြစ်နေ

**မတ္တရာ ဇူလိုင် ၁၅**
မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ်အားကစားကွင်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် တိုင်းဒေသ ကြီးအစိုးရရန်ပုံငွေဖြင့် ဦးစီးအရာရှိနေအိမ်နှင့် ရုံးခန်းတွဲလျက် (၅၀×၂၅)ပေ တည်ဆောက်ခြင်းအတွက် ငွေကျပ်သိန်း ၂၀၀၊ ဘောလုံးကွင်းအား သံဆန်ခါ ကာရံခြင်း၊ ပွဲကြည့်စင်ပြုပြင်ခြင်း၊ ရေနုတ်မြောင်းနှင့် ကွင်းအတွင်းမြေဖို့ခြင်းတို့အတွက် ငွေကျပ်သိန်း ၁၀၀၀ စုစုပေါင်း ငွေကျပ်သိန်း ၁၂၀၀ ဖြင့် လုပ်ငန်းများကို လုပ်ပိုင်ခွင့်ရကုမ္ပဏီမှ ဆောင်ရွက်ခဲ့ပြီး ကွင်းအတွင်းဖို့ထားသော ကျောက်စရစ်မြေများကြောင့် ဘောလုံးဝါသနာရှင်များနှင့် အားကစားသမားများမှာ ဘောလုံးကစားရန် အခက်အခဲဖြစ်လျက်ရှိကြောင်းသိရသည်။

"ကျွန်တော်တို့ဘောလုံးကန်ချင်ရင် မြို့ထဲမှာရှိတဲ့ ကွင်းအကျဉ်းလေးထဲမှာပဲ ကန်နေရပါတယ်။ ပြိုင်ပွဲတွေရှိလို့ လေ့ကျင့်ချင်ရင် တစ်မိုင်လောက်ဝေးတဲ့ ကံဖြူရွာမှာရှိတဲ့ ကွင်းကိုသွားပြီးလေ့ကျင့်ရပါတယ်။ အဲဒီမှာသွားကစားရင် အဆင်ပြေတဲ့အခါရှိသလို မပြေတဲ့အခါလည်းရှိပါတယ်။ အခုမြို့နယ်ကွင်းက ခြံစည်းရိုးကာပြီး မြေဖို့ထားပေမယ့် ဖို့ထားတဲ့မြေက ကျောက်စရစ်မြေတွေဆိုတော့ တစ်ကွင်းလုံးကျောက်စရစ်ခဲတွေနဲ့ပြည့်နေပါတယ်။ ဘယ်လိုမှ ဘောလုံးကန်လို့မရပါဘူး"ဟု ဘောလုံးဝါသနာရှင်တစ်ဦးက ပြောသည်။

အဆိုပါကွင်းသည် ယခင်က မိုးရာသီ၌ မိုးရေများဝင်၍ အသုံးပြုနိုင်ခြင်းမရှိသော်လည်း နွေရာသီနှင့် ဆောင်းရာသီတွင်အသုံးပြုနိုင်ကြောင်းနှင့် ဘောလုံးကွင်းအား ပြန်လည်၍အသုံးပြုနိုင်သောကွင်းဖြစ်စေရန် နုန်းမြေဖို့ဆောင်ရွက်ပေးရန် လိုလားလျက်ရှိကြောင်း အားကစားသမားများနှင့် ဘောလုံးဝါသနာရှင်များထံမှ သိရသည်။

**စိုးကျော်သူထွေး(မတ္တရာ)**

# မိုးရာသီစပါးစိုက်ပျိုးမှုမြန်ဆန်စေရန် တောင်သူများအား ထွန်ယက်ရေးသရုပ်ပြသ

**ရေတာရှည် ဇူလိုင် ၁၅**
ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် စက်မှုလယ်ယာဦးစီးဌာနမှ မိုးစပါးစိုက် တောင်သူများ အချိန်မီထွန်ယက်နိုင်ရေးအတွက် ထွန်စက်များဖြင့်သရုပ်ပြသခြင်းအား ဇူလိုင် ၉ ရက် နံနက်ပိုင်းက ညောင်ပင်သာကျေးရွာ တောင်သူဦးမင်းမင်း၏ လယ်မြေတွင်၏ထွန်ယက်ပြခဲ့သည်။ ထွန်ယက်ရေး မစတင်မီ မြို့နယ်စက်မှုလယ်ယာဦးစီးဌာန ဦးစီးမှူး ဦးဝင်းမွန်က စပါးစိုက်ပျိုးရန် စက်ကိရိယာများကို အကျိုးရှိစွာသုံးစွဲခြင်းအားဖြင့် အချိန်ကုန်သက်သာခြင်း၊ အလေအလွင့်နဲခြင်း၊ ဆန်အရည်အသွေးကောင်းခြင်း၊ လူလုပ်အားအစားထိုးနိုင်ခြင်းနှင့် စီးပွားရေးအရတွက်ခြေကိုက်မှုများကိုရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကူဘိုတာ(၄၇)ကောင်အားရှိထွန်စက်သုံးစီးဖြင့် ခြောက်သွားထယ်၊ ရိုတာဗေတာများဖြင့် ထွန်ယက်ပြသခဲ့ရာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ ကျော်ကျော်၊ မြို့နယ် စိုက်/တိုး/မြှင့် အဖွဲ့မှတာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် ဒေသခံတောင်သူများတက်ရောက်ခဲ့ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**



# ဇမ္ဗူသီရိမြို့နယ်တွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေး ဟောပြော

**နေပြည်တော် ဇူလိုင် ၁၅**
နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်၌ လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေး ဟောပြောပွဲအခမ်းအနားကို အမှတ်(၁၀) အခြေခံပညာ အထက်တန်းကျောင်း၌ ဇူလိုင် ၁၃ ရက် မွန်းလွဲပိုင်းတွင် ကျင်းပခဲ့သည်။

ဇမ္ဗူသီရိမြို့နယ် အုပ်ချုပ်ရေးမှူး ဦးသန့်စင်က အဖွင့်အမှာစကားပြောကြားပြီး နေပြည်တော် အမှတ်(၁) လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ ဒုတိယရဲမှူးမင်းနိုင်က လူကုန်ကူးမှု တားဆီးကာကွယ်ရေးဆိုင်ရာ ပြဋ္ဌာန်းဥပဒေများနှင့် ဖြစ်ပွားတတ်သည့်အကြောင်းအရင်းများ၊ သိရှိလိုက်နာဆောင်ရွက် သင့်သည်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ရဲချိုက စာအုပ်စာပေဖတ်ရှုရခြင်း၏ အကျိုးကျေးဇူးများကို ဟောပြောဆွေးကြရာ ဆရာမဒေါ်နွယ်နွယ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အခမ်းအနားတွင် တက်ရောက်လာကြသည့် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအား တာဝန်ရှိသူများက လူကုန်ကူးမှု တားဆီးကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော လူကုန်ကူးမှု တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးနံရံ ကပ်ပြဘုတ်များကို ကြည့်ရှုခဲ့ကြသည်။

**သန့်မောင်(ပြန်/ဆက်)**

■

# မိုးရာသီ မြေပဲစိုက်တောင်သူများ ဖြစ်ထွန်းအောင်မြင်လျက်ရှိပြီး အထွက်နှုန်းကောင်းရန် တောင်သူများ မျှော်လင့်

**ပေါက် ဇူလိုင် ၁၅**
မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ်၌ ဆီထွက်သီးနှံများဖြစ်သည့် မြေပဲ၊ နှမ်း၊ နေကြာနှင့် ပန်းနှမ်းစသည့် ဆီထွက်သီးနှံများကို အများဆုံးစိုက်ပျိုးလျက်ရှိရာ ယခုအခါ သစ်ညီနောင်ကျေးရွာ၊ ကျားပစ်ကန်ကျေးရွာနှင့် ခွေးအတွင်းကျေးရွာများ၌ မိုးရာသီမြေပဲစိုက်ခင်းများ ဖြစ်ထွန်းအောင်မြင်လျက်ရှိကြောင်း သိရသည်။

မိုးရာသီမြေပဲစိုက်ပျိုးရာတွင် နှစ်မျိုးခွဲခြားစိုက်ပျိုးရာ ပင်ပြန့်မြေပဲမျိုးဖြစ်သည့် သက်ကြီး ငါးလ ပဲနှင့် ပင်ထောင်မြေပဲဖြစ်သည့် သက်လေး သုံးလ ပဲဟူ၍ နှစ်မျိုးခွဲခြားစိုက်ပျိုးလျက်ရှိသည်။ ပင်ပြန့်မြေပဲကို ကဆုန်လဆန်းပိုင်းတွင် စတင်စိုက်ပျိုးလျက်ရှိပြီး ပင်ကြား/တန်းကြား တစ်တောင်ခန့် လေးကွက်ကြား စိုက်ပျိုးလျက်ရှိရာ အပင်ဖြစ်ထွန်းမှုပေါ်မူတည်၍ တစ်ဧက အထွက်နှုန်း ၂၅တင်းမှတင်း ၄၀ ကြားထွက်ရှိသည်။ ပင်ထောင်မြေပဲကို ကဆုန်လဆန်းပိုင်းတွင် စတင်စိုက်ပျိုးပြီး တန်းကြားတစ်တောင်ခန့် တစ်ကြောင်းထိုး စိုက်ပျိုးလျက်ရှိရာ တစ်ဧကအထွက်နှုန်း ၂၅ တင်းမှတင်း ၃၀ ကြားထွက်ရှိသည်။

ယခုအခါ အဆိုပါကျေးရွာများ၌ မိုးမြေပဲစိုက်တောင်သူများ ဖြစ်ထွန်းအောင်မြင်ပြီး အထွက်နှုန်းကောင်းရန် မျှော်လင့်နေကြောင်း သစ်ညီနောင်ကျေးရွာနေ တောင်သူဦးစောထွန်းမိုးက ပြောသည်။

**ညဏ်တိုး (ပေါက်)**

# စိုင်တမော့ကြီးကျေးရွာ မြေငှားဂရန်ထုတ်ပေးနိုင်ရေး ကွင်းဆင်းဆောင်ရွက်

**ရေတာရှည် ဇူလိုင် ၁၅**
ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ကြံသနွယ်ကျေးရွာအုပ်စု စိုင်တမော့ကြီးကျေးရွာအား မြေငှားဂရန်များ ထုတ်ပေးနိုင်ရေးအတွက် ရှေ့ပြေးလုပ်ငန်းများအား ဇူလိုင် ၁၀ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းဆောင်ရွက်ခဲ့ကြကြောင်းသိရသည်။

စိုင်တမော့ကြီးကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျေးရွာဒေသခံပြည်သူများနှင့်တွေ့ဆုံခဲ့ရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြို့နိုင်က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အနေဖြင့် အများပြည်သူအတွက် လုပ်ငန်းစဉ် နှစ်ရပ်ချမှတ်ကာ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် မြို့ပြ/ကျေးရွာမြေများအား နည်းဥပဒေနှင့်လျော်ညီစွာ မြို့နယ်တစ်ခုလျှင် ကျေးရွာတစ်ရွာနှုန်းမြေငှားဂရန်ထုတ်ပေးနိုင်ရန်ဆောင်ရွက်သည့်အခါ လမ်းပန်းဆက် သွယ်မှုကောင်းမွန်ခြင်း၊ လျှပ်စစ်မီးရရှိခြင်းအပြင်၊ စိုက်ပျိုးထုတ်ကုန်မြင့်မားခြင်းနှင့် မြေယာအမှုအခင်းများမရှိခြင်းတို့ကြောင့် မြေငှားဂရန်ထုတ်ပေးနိုင်ရန် ရွေးချယ်ရခြင်းဖြစ်ကြောင်း၊ မြေငှားဂရန်ရရှိခြင်းဖြင့် စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ လုံခြုံမှုများလည်းရရှိနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ် လယ်/စာရင်းအင်းဦးစီးဌာန ဦးစီးမှူး ဦးကျော်မင်းဦးက အကောင်အထည်ဖော်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောခဲ့ပြီး ကျေးရွာအတွင်းမြေကွက်များ တိုင်းတာခြင်းလုပ်ငန်းများအား ဆက်လက် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**(၅၇၈)**

## နွားနို့အာဟာရမြင်းမူမြို့တွင် စတင်တိုက်ကျွေး

**မြင်းမူ ဇူလိုင် ၁၅**
ကျန်းမာဖွံ့ဖြိုး၍ ဉာဏ်ပညာမြင့်မားသော အနာဂတ်အတွက် လူချွန်လူကောင်းများ ဖြစ်လာစေရန် ရည်ရွယ်လျက် စေတနာရှင် အလှူရှင်နှင့် အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများ၏ စေတနာဖြင့် နှစ်စဉ်အခြေခံကျောင်းများတွင် နွားနို့အာဟာရ တိုက်ကျွေးလျက်ရှိရာ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်၏ ဒုတိယအကြိမ် အာဟာရတိုက်ကျွေးပွဲကို စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့ အခြေခံပညာမူလတန်းကျောင်း အမှတ်(၂)၌ ဇူလိုင် ၁၃ ရက်က စတင်တိုက်ကျွေးခဲ့ကြောင်း သိရသည်။

တိုက်ကျွေးပွဲတွင် မြို့နယ်ပညာရေးမှူး ဒေါ်မြသိန်းက ကလေးငယ်များအား နွားနို့ သောက်သုံးမှုကြောင့်ရရှိလာမည့် အကျိုးကျေးဇူးများကို အသိပေးသင်ကြားပြသသည်။

ယင်းနောက် အာဟာရတိုက်ကျွေးပွဲသို့ တက်ရောက်လာသော တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်(၁) ဦးသောင်းမြင့်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်(၂) ဒေါ်နီလာလွင်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကိုကိုဦး၊ ဌာနဆိုင်ရာများ၊ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များက ကျောင်းသား၊ ကျောင်းသူ ၂၀၅ ဦးအား တစ်ဦးလျှင် နွားနို့အာဟာရ ၁၀ ကျပ်သားနှင့် အာဟာရပြည့် ပေါင်မုန့်များကို စုပေါင်း၍တိုက်ကျွေးခဲ့ကြကြောင်း သိရသည်။

နွားနို့တိုက်ကျွေးမှုမှာ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအနေနှင့် စေတနာရှင်များ၊ အလှူရှင်များရှာပြီး တိုက်ကျွေးခဲ့ခြင်းဖြစ်သည်။

၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် ကျောင်းသား၊ ကျောင်းသူ ၁၁၉၇၄ ဦးနှင့် ၂၀၁၅-၂၀၁၆တွင် ကျောင်းသား၊ ကျောင်းသူ ၅၁၀၈ ဦးကို အာဟာရနွားနို့တိုက်ကျွေးနိုင်ခဲ့ကြောင်း မွေးမြူရေးနှင့် ကုသရေးဦးစီးမှူး ဒေါက်တာဒေါ်မြင့်မြင့်ဌေးက ပြောပြသည်။

**အောင်စိုးဖေ** (IPRD)

## မြင်းကျချောင်း ရေကာတာပြုလုပ်ပေးခြင်းကြောင့် ခရီးသွားများ နှင့် ဒေသခံများ သွားလာရေးအဆင်ပြေ

**တောင်သာ ဇူလိုင် ၁၅**
မန္တလေးတိုင်းဒေသကြီး မြင်းခြံ-ညောင်ဦးသွားလမ်းပိုင်း တောင်သာမြို့နယ် မာလာကျေးရွာအနီးရှိ နယ်ခြားချောင်(ခေါ်) မြင်းကျချောင်းအား ရေကာတာ တည်ဆောက်နေကြောင်း သိရသည်။

"မြင်းခြံ-ညောင်ဦးသွား လမ်းပိုင်းပေါ် မာလာကျေးရွာအနီး နယ်ခြားချောင်(ခေါ်) မြင်းကျချောင်းအတွင်းပိုင်မှာ ရေကာတာ တည်ဆောက်ခြင်းလုပ်ငန်းကို ဇွန် ၂၁ ရက်က စတင်တည်ဆောက်နေတာပါ။ ရေကာတာ တည်ဆောက်ပေးရခြင်း၏ ရည်ရွယ်ချက်ကတော့ ဒီလမ်းပိုင်းအတွင်ရှိ နယ်ခြားချောင်းဟာ နေ့စဉ်ခရီးသွားပြည်သူများ ဖြတ်သန်းသွားလာနေခြင်းကြောင့် မိုးတွင်းအခါမှာဆိုရင် ချောင်းကျရေကြောင့် မြေသားပြိုကျပျက်စီးခြင်း၊ ခရီးသွားများနှင့် ဒေသခံကျေးလက်နေပြည်သူများအတွက် သွားလာဖို့အခက်အခဲဖြစ်ပေါ်နေခြင်းတို့ကြောင့် ယခုလို ရေကာတာ တည်ဆောက်ပေးနေရတာပါ။ ရေကာတာ လုပ်ထားခြင်းကြောင့် ချောင်းရေကျဆင်းချိန်ဆိုရင်မြေသားများဟာ မပါသွားတော့သဖြင့် လမ်းပျက်စီးခြင်းလည်း နည်းပါးလာမှာဖြစ်ပါတယ်။ ဒီချောင်းပိုင်းဟာ ကျယ်တာကြောင့် ရိုးရိုးရေကာတာဆိုရင် ချောင်းကျရေကြီးလာတာနဲ့ ပြတ်ပြီးမျောပါသွားနိုင်တာကြောင့် ချောင်းရဲ့အလည်မှာ မျောတိုင်စိုက် ကျောက်ရိုးစီပေးထားပါတယ်။ ယခုတည်ဆောက်ပေးနေတဲ့ ရေကာတာဟာအလျားပေ ၅၀၀ ရှိပြီး အန်းသုံးပေခွဲ ကျောက်ရိုးစီရေကာတာဖြစ်ပါတယ်" ဟု အဆိုပါရေကာတာ တည်ဆောက်ခြင်းလုပ်ငန်းကို တည်ဆောက်နေသောမြတ်နိုးသူဆောက်လုပ်ရေးကုမ္ပဏီမှ အငယ်တန်းအင်ဂျင်နီယာ ဦးကျော်စိုးဝင်းက ပြောသည်။

"ဒီချောင်းဟာ မိုးတွင်းအခါဆိုရင်ကျွန်မတို့ မာလာကျေးရွာက ပြည်သူတွေနဲ့ ခရီးသွားပြည်သူတွေအတွက် အလွန်သွားလာဖို့အခက်အခဲဖြစ်ပေါ်နေရတာပါ။ မိုးတွင်းအခါဆိုရင် ချောင်းကျရေကြောင့် ကားစတဲ့ စက်တပ်ယာဉ်မျိုးစုံဟာ ရေပြန်ကျမှ တစ်ဖက်ကိုသွားလာလို့ရတာပါ။ အခုတော့ သက်ဆိုင်ရာမှ တာဝန်ရှိသူတွေက ယခုလိုရေကာတာတည်ဆောက်ပေးခြင်းကြောင့် သွားလာရေးအတွက်အဆင်ပြေတော့မှာပါ။ ဒါကြောင့် ကျွန်မတို့ကျေးရွာက ပြည်သူများကလည်း သတင်းမီဒီယာမှတစ်ဆင့် တာဝန်ရှိသူများကိုအထူးလည်း ကျေးဇူးတင်နေပါတယ်" ဟုမာလာကျေးရွာမှဒေသခံတစ်ဦးကပြောသည်။

**ကျော်ကျော်(မလှိုင်)**

## ငါ့သရောက်မြို့နယ်တွင် လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေး ပြည်သူများအား အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေ

**ငါ့သရောက် ဇူလိုင် ၁၅**
လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ မိုးရာသီကာလ ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းဝေးစေရန်အတွက် လျှပ်စစ်ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသည့် သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းများအပြင် မိုးရာသီကာလတွင်ဖြစ်တတ်သည့် လျှပ်စစ်အန္တရာယ်ကို ပြည်သူများ ကြိုတင်ကာကွယ်နိုင်ရန် လျှပ်စစ်အန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။




ငါ့သရောက်မြို့နယ် လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းရုံးမှ မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးဝင်းထိန်နှင့် ဝန်ထမ်းများက ဇူလိုင် ၁၃ ရက် နံနက် ၇ နာရီက ငါ့သရောက် အ-ထ-ကကျောင်းသို့ သွားရောက်ပြီး ကျောင်းသား၊ ကျောင်းသူများအား လျှပ်စစ်အန္တရာယ် အသိပညာပေးလက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ယင်းအပြင် ငါ့သရောက်မြို့ အမှတ်(၂) ဈေးကုန်းရပ်ကွက်ရှိ လူစည်ကားရာနေရာများဖြစ်သည့် ကားဂိတ်၊ လက်ဖက်ရည်ဆိုင်များနှင့် ဗိုလ်ချုပ်ဈေးအနီးဈေးဆိုင်များသို့ သွားရောက်ပြီး လျှပ်စစ်အန္တရာယ် အသိပညာပေးလက်ကမ်းစာစောင် စုစုပေါင်း စောင်ရေ ၁၀၀၀ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

## အမှတ်(၂၉)မိုးကုတ်ရိပ်သာကျောင်းတွင် ဓမ္မစကူးဆရာဖြစ်သင်တန်းဖွင့်လှစ်

**အိမ်မဲ ဇူလိုင် ၁၅**
အိမ်မဲမြို့နယ်၏ အနာဂတ်သာသနာတွင် လိမ္မာယဉ်ကျေးသော မျိုးဆက်သစ်သားသမီးများ ပေါ်ထွန်းလာစေရန်ရည်ရွယ်၍ အမှတ်(၂၉) မိုးကုတ်ရိပ်သာကျောင်းတိုက်တွင် နိုင်ငံတော်ဗဟိုဝန်ဆောင် မြနန်းဆရာတော်၊ မြို့နယ်သံဃနာယကဆရာတော် ဓမ္မစကူးကောင်စီကော်မတီဥက္ကဋ္ဌဆရာတော်တို့ဦးဆောင်မှုဖြင့် ဓမ္မစကူးဆရာဖြစ်သင်တန်းကို ဇူလိုင် ၉ ရက်မှ ၁၅ ရက်အထိ ၇ ရက်ကြာဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းကို ရန်ကုန်တိုင်းဒေသကြီးမှ ဆရာမဒေါ်တင်တင်ဝင်းနှင့် ဆရာ၊ ဆရာမလေးဦးတို့က သင်ကြားပို့ချလျက်ရှိကြောင်းနှင့် သင်တန်းသား၊ သင်တန်းသူ ၆၀၊ လေ့လာသူငါးဦး တက်ရောက်သင်ကြားလျက်ရှိပြီး သင်တန်းတက်ရောက်ပြီးပါက အိမ်မဲမြို့နယ်တွင် ဓမ္မစကူးကျောင်းများ ဖွင့်လှစ်၍ အနာဂတ်သားကောင်း၊ သမီးကောင်း ကလေးလူငယ်များ ယဉ်ကျေးလိမ္မာစေရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## တွန်းဇံမြို့နယ်တွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**တွန်းဇံ ဇူလိုင် ၁၅**
ချင်းပြည်နယ် တွန်းဇံမြို့နယ်၌ ၂၀၁၆ ခုနှစ် ဇူလိုင် ၁၂ ရက် နံနက် ၈ နာရီက ချင်းပြည်နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခမ်ခန့်ထန်၊ ချင်းပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်ကျိန်ငိုက်မန်၊ တွန်းဇံမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆလိုင်းထောင်နှင့် တွန်းဇံမြို့နယ် လမ်းဦးစီးမှူး ဦးလှမင်းထန်တို့သည်သည် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

တွန်းဇံ-ကျီခါးလမ်းပေါ်ရှိ နတ်ဇန်ကျေးရွာ မဏိပူရ်မြစ်ကူး ပုခက်ဟောင်း အခြေအနေနှင့် ပုခက်အသစ်ဆောင်ရွက်နေမှု အခြေအနေ၊ တံတားအထူးအဖွဲ့မှ ဆောင်ရွက်မည့် မဏိပူရ်မြစ်တံတား ဆောင်ရွက်မည့်နေရာ အခြေအနေ၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေဖြင့် ၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်မည့် တွီးတွိန်းနှင့် တွီးဆွောင်းချောင်းကူးတံတား တည်ဆောက်မည့်နေရာ အခြေအနေတို့ကို ကွင်းဆင်းစစ်ဆေး ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**ဝေဖြိုး** (IPRD)

## ကလေးတက္ကသိုလ်တွင် ကမ္ဘာ့လူငယ်များနေ့ အထိမ်းအမှတ် စကားရည်လုပြိုင်ပွဲကျင်းပ

**ကလေး ဇူလိုင် ၁၅**
ကလေးတက္ကသိုလ်တွင် ကမ္ဘာ့လူငယ်များနေ့အထိမ်းအမှတ် စကားရည်လုပြိုင်ပွဲကို ဇူလိုင် ၁၂ ရက် မွန်းလွဲ ၁ နာရီခွဲက ကလေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခဌာနမှူးများ၊ ဆရာ ဆရာမများ၊ စီမံအရာရှိများနှင့် တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၈၀၀ ခန့် တက်ရောက်ခဲ့သည်။

အဆိုပါအခမ်းအနားတွင် ပြိုင်ပွဲကျင်းပရေး ကော်မတီဥက္ကဋ္ဌ မြန်မာစာပါမောက္ခ ဒေါက်တာတင်ထွန်းမေက ပြိုင်ပွဲစည်းကမ်းချက်များကို ရှင်းလင်း ပြောကြားခဲ့သည်။ ဆက်လက်၍ (က) အသင်းစကားရည်လုပွဲဖက်မှ ကျောင်းသား၊ ကျောင်းသူ ခြောက်ဦးက "နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူကြီးများ၏ အခန်းကဏ္ဍသည် ပိုမိုအရေးကြီးသည်" ခေါင်းစဉ်ဖြင့်လည်းကောင်း၊ (ခ) အသင်းစကားချေဖက်မှ ကျောင်းသား၊ ကျောင်းသူ ခြောက်ဦးက "နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူငယ်များ၏ အခန်းကဏ္ဍသည် ပိုမိုအရေးကြီးသည်" ခေါင်းစဉ်ဖြင့်လည်းကောင်း ယှဉ်ပြိုင်စကားရည်လုကြကာ ပထမဆုရရှိသော (ခ)အသင်းနှင့် ဒုတိယဆုရရှိသော (က)အသင်းကို ပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ်တို့က ဆုငွေနှင့် ဂုဏ်ပြုလွှာများကို အသီးသီးချီးမြှင့်ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**ချင်းတွင်းသား**

## မိုင်းဆတ်မြို့၌ ကျေးရွာမြေငှားဂရန်များ ထုတ်ပေးရန် ကွင်းဆင်းဆောင်ရွက်

**မိုင်းဆတ် ဇူလိုင် ၁၅**
ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ် ကောင်းမှုတန်ကျေးရွာအုပ်စု ကောင်းမှုတန်ကျေးရွာ၌ ကျေးရွာများတွင် ရက် ၁၀၀ ပြည်သူ့အကျိုးပြုစီမံချက်ဆောင်ရွက်မှုအဖြစ် ကျေးရွာမြေငှားဂရန်များ ထုတ်ပေးသွားမည်ဖြစ်ရာ ဂရန်များထုတ်ပေးရန်အတွက် ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူး ဦးနိုးဝေနှင့် တာဝန်ရှိသူများက ဇူလိုင် ၁၃ ရက် နံနက် ၉ နာရီက ကွင်းဆင်း ဆောင်ရွက်ခဲ့သည်။

မိုင်းဆတ်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သူလှိုင်၊ မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူး ဦးအေးမင်းနှင့် ဌာနဆိုင်ရာများပူးပေါင်း၍ မြေငှားဂရန်ထုတ်ပေးမည့် ကောင်းမှုတန်ကျေးရွာအုပ်စုမှ အိမ်ခြေ ၅၇ လုံး၊ မြေဧရိယာစုစုပေါင်း ၄၄ ဒသမ ၂၉ ဧကအတွက် အသေးစိတ်(ကွက်စိပ်) တိုင်းတာပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက စိစစ်ကာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ မြေငှားဂရန်အမှုတွဲများ တည်ဆောက်၍ မြေငှားစာချုပ်များကို အမြန်ထုတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကျေးလက်နေပြည်သူများအနေဖြင့် ကျေးရွာနယ်မြေအတွင်း နေထိုင်ကြသော်လည်း ပိုင်ဆိုင်မှုအထောက်အထားများမရှိကြသဖြင့် ဥပဒေနှင့်အညီ ခိုင်မာသောအထောက်အထားအဖြစ် မြေငှားဂရန်(မြေငှားစာချုပ်)များကို အမြန်ဆုံးထုတ်ပေးနိုင်ရန် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## စိုက်ပျိုးမွေးမြူရေးသင်တန်း အမှတ်စဉ်(၄/၂၀၁၆) ဖွင့်ပွဲ လှိုင်ကော်မြို့၌ကျင်းပ

**လှိုင်ကော် ဇူလိုင် ၁၅**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကယားပြည်နယ် လှိုင်ကော်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သည့် စိုက်ပျိုးမွေးမြူရေးသင်တန်း အမှတ်စဉ် (၄/၂၀၁၆)ဖွင့်ပွဲအား လှိုင်ကော်မြို့ မထောခူကျေးရွာအုပ်စု စံပြ (၄)မိုင်ကျေးရွာရှိ စာကြည့်တိုက်၌ ဇူလိုင် ၁၄ ရက် နံနက် ၉ နာရီခွဲက ကျင်းပခဲ့ကြောင်း သိရသည်။

ယင်းနေ့သင်တန်းဖွင့်ပွဲတွင် ကယားပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးမျိုးသိန်းက အဖွင့်အမှာစကားပြောကြားရာ "ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနမှ ကျေးရွာအရောက် အသက်မွေးဝမ်းကျောင်းပညာကို ရွာသူ၊ ရွာသားများအား သင်ကြားပေးတဲ့အတွက် ငွေကြေးကုန်ကျမှုသက်သာပြီး သင်ကြားမှုကြောင့် ပိုပြီးစနစ်ကျကာ ကောင်းမွန်သော စိုက်ပျိုးရေးနည်းစနစ်တွေကို ရရှိမှာဖြစ်ပါတယ်။ သင်တန်းသားများအနေဖြင့်လည်း ကြိုးကြိုးစားစား သင်ယူကြပါ" ဟု ထည့်သွင်းပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ပြည်နယ်မှူးကိုယ်စား ဦးစီးအရာရှိ ဦးသန်းထွန်းက စိုက်ပျိုးရေးနှင့် ပတ်သက်၍ ကြုံတွေ့ရမည့် မြေအမျိုးအစား၊ ပိုးမွှားများအန္တရာယ်၊ စိုက်ပျိုးနည်းစနစ်များအကြောင်း ရှင်းလင်းပြောကြားပြီး လှိုင်ကော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဒေါ်အိအိခင်က သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်သည်များအား ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် လှိုင်ကော်မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒေါက်တာဒေါ်နှင်းနှင်းထွန်းက စိုက်ပျိုးရာတွင် အခြေခံစိုက်ပျိုးရေးစနစ်များနှင့် ပိုးမွှားများအန္တရာယ်မှ ကာကွယ်နိုင်မည့်နည်းလမ်းများအား ဆက်လက်ပြောကြားခဲ့သည်။

လှိုင်ကော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အနေဖြင့် သင်တန်း (၁၅) ကြိမ်အတွက် ကုန်ကျငွေ ၁၈ ဒသမ ၅၇၃ သန်းဖြင့် လျာထားပြီး ယခုဖွင့်လှစ်သည့် သင်တန်းကုန်ကျငွေမှာ ၈၁၄၀၀၀ဖြစ်သည်။ မထောခူကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာပေါင်းကိုးရွာမှ သင်တန်းသားဦးရေ ၂၄ ဦး တက်ရောက်ကြကာ သင်တန်းကာလမှာ ဇူလိုင် ၁၃ ရက်မှ ၂၇ ရက်ထိဖြစ်သည်။ သင်တန်းပြီးဆုံးပါက ကျေးရွာရှိ တောင်ယာစိုက်ခင်းတွင် အစေ့ထုတ်ပြောင်းအား သင်တန်းသားများဖြင့် လက်တွေ့စိုက်ပျိုးပြီး ရရှိလာမည့် သီးနှံများကို တောင်ယာစိုက်ခင်းပိုင်အား ပေးအပ်မည်ဟု သိရသည်။

ယင်းနောက် မထောခူကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးက သင်တန်းသားများကိုယ်စား ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

"ယခုလို ကျေးရွာမှ ရွာသူ ရွာသားများက ဒီသင်တန်းကို တက်ရောက်ရတဲ့အတွက် အလွန်ပင်ဝမ်းသာပီတိဖြစ်မိပါတယ်။ လက်လမ်းမမီနိုင်တဲ့ စိုက်ပျိုးရေးနည်းပညာနှင့် ပိုးမွှားများအန္တရာယ်ကို ကာကွယ်ကုသနည်းတွေကို ဒီသင်တန်းမှာ ရရှိမှာဖြစ်တယ်" ဟု ၎င်းက ပြောသည်။

**ကိုစိုင်း (လှိုင်ကော်)**

# ချဉ်ပေါင်လျှော်စံပြစိုက်ခင်းမြေသြဇာကြွေပက်သရုပ်ပြခြင်းနှင့် သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ် ပညာပေးရှင်းလင်း

**သာပေါင်း ဇူလိုင် ၁၅**
သာပေါင်းမြို့နယ် ကွက်ပြင်ကျေးရွာအုပ်စုရှိ တောင်သူဦးဇော်ဦး၏ သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်ဖြင့် စိုက်ပျိုးထားသော ချဉ်ပေါင်လျှော်ခင်းတွင် မြေသြဇာကြွပက်သရုပ်ပြပွဲကို ဇူလိုင် ၁၂ ရက် နံနက် ၁၀ နာရီက စိုက်ပျိုးရေးဦးစီးဌာန၌ သရုပ်ပြပွဲပြုလုပ်ခဲ့ကြောင်းသိရသည်။

ဆက်လက်၍ စိုက်ပျိုးရေးဦးစီးဌာနမှ ချဉ်ပေါင်လျှော်စိုက်တောင်သူများနှင့် တွေ့ဆုံပြီး သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်များ၊ အရည်အသွေးသတ်မှတ်ချက်များနှင့် အရည်အသွေးကောင်းလျှော်များရရှိရန် ပညာပေးဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲတွင် ဧရာဝတီတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒု-တိုင်းဦးစီးမှူးရုံး ဦးစီးအရာရှိဦးလှဝင်းက ချဉ်ပေါင်လျှော်စိုက်တောင်သူများကို သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်ဖြင့် ပိုမိုအထွက်တိုးအောင်မြင်အောင် စိုက်ပျိုးကြရန် ပြောကြားပြီး ခရိုင်ဦးစီးမှူးရုံး၊ ဒု-ဦးစီးမှူး ဦးဝင်းဇော်က အရည်အသွေးကောင်းမွန်သော ချဉ်ပေါင်လျှော်များရရှိနိုင်ရေးအတွက် စတင်စိုက်ပျိုးချိန်မှ ခုတ်သိမ်းလျှော်ခွာ ထုတ်လုပ်သည်အထိ လိုက်နာဆောင်ရွက်နိုင်ရန် နည်းလမ်းအား လက်ကမ်းစာစောင်များဖြန့်ဝေပေးသည်။ အသေးစိတ်စိုက်ပျိုးထုတ်လုပ်နည်းကို လျှော်စိုက်တောင်သူများအား ရှင်းလင်းပြောကြားပြီး လျှော်စိုက်တောင်သူများတိုးပွားလာရန် ဆွေးနွေးခဲ့သည်။

ယင်းအပြင် လျှော်စိုက်တောင်သူများ စိုက်ပျိုးထုတ်လုပ်ပြီး၍ ရောင်းချရာတွင် ဈေးကွက်ခိုင်မာစေရေးအတွက် သဇင်ဦးကုမ္ပဏီလီမိတက်မှ မန်နေဂျာဦးအောင်ထွန်းက ထွက်ရှိလာသော ချဉ်ပေါင်အားလုံးကို လျှော်အတန်းအစားသတ်မှတ်ချက်နှင့်အညီ အထူးတန်းစား တစ်ပိဿာလျှင် ကျပ် ၆၀၀ နှုန်း၊ ပထမတန်းစား တစ်ပိဿာလျှင် ကျပ် ၅၅၀ နှုန်း၊ ဒုတိယတန်းစား တစ်ပိဿာလျှင် ကျပ် ၄၀၀ နှုန်း၊ တတိတန်းစား တစ်ပိဿာလျှင် ကျပ် ၃၅၀ နှုန်းဖြင့် ဝယ်ယူပေးမည်ဖြစ်ပြီး ချဉ်ပေါင်လျှော် မိုးကြိုစိုက်သည့် တောင်သူများအား တစ်ဧကလျှင် မျိုးစေ့လေးပြည်နှင့် မိုးစိုက်ပျိုးသည့် တောင်သူများအား ကုမ္ပဏီမှ မျိုးစေ့သုံးပြည် ထုတ်ပေးမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

သာပေါင်းမြို့နယ် စိုက်ပျိုးရေးဦးစီးမှူးဒေါ်ခင်စောနိုင်က ဒေသနှင့် ကိုက်ညီမှုရှိပြီး ချဉ်ပေါင်လျှော် အထွက်တိုးစေရန် သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်ကိုအသုံးပြုလျှင် ပိုမိုအထွက်တိုးနှုန်းမြင့်မားလာပြီ တောင်သူများလူနေမှုဘဝအဆင့်အတန်း မြင့်မားလာနိုင်ကြောင်းဆွေးနွေးပြီး မြို့နယ် ဒု-အုပ်ချုပ်ရေးမှူးဦးသိန်းကိုမှ ကျေးဇူးတင်စကားပြောကြားခဲ့သည်။

ယင်းနောက် ချဉ်ပေါင်လျှော်စိုက်တောင်သူများ၏ ဆွေးနွေးတင်ပြချက်များကို စိုက်ပျိုးရေးဦးစီးဌာနမှ ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့ကြောင်း သိရသည်။

**မျိုးဇော်သိန်း (သာပေါင်းပြန်/ဆက်)**

## ကမ်းနားလမ်းတစ်လျှောက် ချုံနွယ်များခုတ်ထွင်၍ မြို့သန့်ရှင်းသာယာလှပရေးဆောင်ရွက်

**မကွေး ဇူလိုင် ၁၅**
မကွေးမြို့၏ အထင်ကရလမ်းမတစ်ခုဖြစ်သည့် ကမ်းနားလမ်းတစ်လျှောက် ချုံနွယ်များ၊ မြက်များ ရှင်းလင်းခြင်းလုပ်ငန်းကို ဇူလိုင် ၁၄ ရက် နံနက် ၇ နာရီက မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးထင်အောင် ဦးစီး၍ အဖွဲ့ရုံး အမျိုးသားဝန်ထမ်း ၉၈ ဦး၊ အမျိုးသမီးဝန်ထမ်း ၄၇ ဦး၊ သန့်ရှင်းရေးလုပ်သား ၂၅ ဦးဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

